www.burmeseclassic.com

# နှင်ဝါသပြီး

ဘီလူးနှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးတင့်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးဇေဝါတ် - 09 420243327, 09 796825492
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဧပြီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄
၀၀ ၈၅၀၀၆၃၆

၈၉၅. ၈၃
နတ်သမီး
ဘီလူးနှစ်ကောင်
ဖျူးစာပေ ၊ ၂၀၁၅။
၂၄၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဘီလူးနှစ်ကောင်

## အခန်း (၁)

"ဒါ ဘာလုပ်တာလဲ နောင်လတ်"

ဒေါ်မြကမ္ဘလာရှေ့မှာ ပိတ်ရပ်လိုက်သော ဦးနောင်လတ်ကိုမြင်ပြီး မကြည်လင်သောစိတ်တွေ ပို၍ပင် နောက်ကျိသွားရသည်။

"နင့်ရှေ့မှာ ပိတ်ရပ်နေတာလေ မမြင်ဘူးလား မြလေးရဲ့"

"ဘာအကြောင်းနဲ့ ပိတ်ရပ်ရတာလဲ၊ နင်နဲ့ငါ ဘာမှပတ်သက်စရာမရှိဘူး"

"နင့်ကိုစကားပြောစရာရှိလို့ပေါ့"

ဒေါ်မြကမ္ဘလာ မျက်နှာပို၍တင်းမာသွားကာ

"နေစမ်းပါ နောင်လတ်ရယ် နင်နဲ့ငါနဲ့ ဘာစကားမှ ပြောစရာမရှိဘူး"

www.burmeseclassic.com



"နင်က မရှိပေမယ့် ငါကရှိတယ်၊ နင်လည်း မုဆိုးမပေမယ့် နင့်အလှက လတ်ဆတ်နေသေးတယ်၊ ငါကလည်း လူပျိုကြီးဆိုတော့ဟာ ငါတို့ဘဝနှစ်ခု ပူးပေါင်းကြရအောင်၊ ငါ နင့်ကို ခုချိန်ထိ မေ့လို့မရသေးဘူး၊ အမြဲတမ်း ချစ်နေသေးတယ်"

"လဲသေလိုက် နင်မို့ အရှက်သိက္ခာမရှိ လမ်းလယ်ခေါင်မှာ ဒီစကားလာပြောရဲတယ်၊ ဒီအကြောင်းသာ ငါ့သားနှစ်ယောက်သိကြည့် နင့်ကိုပြဿနာ လာရှာလိမ့်မယ်"

ရန်သူတစ်ယောက်လို ပြန်၍ တုန့်ပြန်နေသော ဒေါ်မြကမ္ဘလာ စကားကြောင့် ဦးနောင်လတ် တဟားဟား ရယ်သည်။

"နင့်သားတွေက ပြဿနာမရှာပါဘူးဟာ ငါနဲ့ဘော်ဒါတွေဖြစ်နေပြီပဲ၊ ငါ့ကို သူတို့ဖအေနေရာမှာအစားထိုးဖို့ ကြည်ကြည်ဖြူဖြူ လက်ခံမှာပါဟာ"

"နင့်ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့ ငါ့သားတွေနဲ့နင်နဲ့ ဘယ်လိုပဲ ဘော်ဒါဖြစ်ဖြစ် ငါကတော့ နင့်ကိုလေ ဟိုးတုန်းကလည်း စိတ်မဝင်စားခဲ့ဘူး၊ ခုဆိုရင် ပိုတောင်ရိုးသေးတယ်၊ ဒီတော့ ငါ့ကိုနှောင့်ယှက်တာ ဒီတစ်ခါနောက်ဆုံးဖြစ်ပါစေ"

ခပ်တင်းတင်း သတိပေးစကားဆိုပြီး ဦးနောင်လတ်ကို ဝင်တိုက်ပြီး ထွက်လာခဲ့သည်။ ရင်ထဲမှာတော့ တနှံ့နှံ့နှင့်။

နောင်လတ်ဆိုတဲ့ကောင်က မြကမ္ဘလာကို ခုမှနှောင့်ယှက်တာမဟုတ်၊ ဟိုးငယ်စဉ်အပျိုဘဝကတည်းက အရှုးအမူး စွဲလမ်းနစ်မြှုပ်နေ





သူ့။ နောက်ဆုံး ဘယ်လောက်အထိ ကြံသလဲဆိုလျှင် ကားတင်ပြေးဖို့အထိတောင် ကြံစည်ဖူးသူပါ။

သူ့ ဘယ်လောက်ပဲဒေါ်မြကမ္ဘလာကို ချစ်ခဲ့ချစ်ခဲ့ နောင်လတ်ဟာ ဒေါ်မြကမ္ဘလာရင်ထဲကို မရောက်ခဲ့သလို ဘယ်တုန်းကမှလည်း အကောင်းမမြင်ခဲ့ဖူး။

ယခု သားတွေတောင် လူပျိုတွေဖြစ်လာသည့် မုဆိုးမဘဝမှာ ဆိုလျှင်တော့ ပြောဖွယ်ရာမရှိ။

ဒေါ်သအတွေးနှင့်အတူ စိတ်မလုံစွာဖြင့် ဘေးဘီကို ဝေ့ကြည့်လိုက်သည်။

တစ်စုံတစ်ယောက်သာမြင်သွားခဲ့လျှင် အားလုံးတစ်မျိုးတစ်မြည် ထင်ကုန်မည်။

ဒေါ်မြကမ္ဘလာဘဝက မုဆိုးမဆိုပေမယ့် အပျိုစင်တစ်ယောက်နှင့်ပင် ပို၍သာသော အလှတရားတို့ကို ပိုင်ဆိုင်ထားသည့်အပြင် ခွေစဉ်မျိုးဆက် ပိုင်ဆိုင်လာသော စည်းစိမ်ဥစ္စာတို့က မနည်းမနော။ ဒါ့အပြင် ဂုဏ်နှင့်မာန်ဆိုသော သားနှစ်ယောက်လည်း ရှိသေးသည်။ ချမ်းသာကြွယ်ဝမှုတွေနှင့်အတူ ဒေါ်မြကမ္ဘလာဘဝ အမှန်ပင် ငြိမ်းအေးခဲ့ပါသည်။

လူချစ်လူခင်ပေါ်များစေသလို မနာလိုမုန်းတီးသူတွေကပါ ရှိနေသည်မို့ အရာရာကို စိတ်ထဲရှိသည့်အတိုင်းမနေ။ သားနှစ်ယောက် အတွက်သာ အသက်ရှင်နေရသူနှယ် သားနှစ်ယောက်ဘယ်တစ်ဖက် ညာတစ်ဖက်ဖြင့် ပတ်ဝန်းကျင်အလယ်မှာ ဂုဏ်တက်ခဲ့ရသူလည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါ်မြတ်မွှလာဘဝမှာ သားနှစ်ယောက်ရှိနေလျှင် ဘာမှမလို အင်တော့ အရာရာပြည့်စုံသည်။ သားတွေကလည်း သူတို့ဘဝမှာ အမေ သာလျှင် အရေးကြီးဆုံးမို့ သားအမိသုံးယောက်ဓါဘဝလေးကို ငြိမ်းချမ်း သည်ဟုပင် ပြော၍ရသည်။

■ ■ ■

BURMESE CLASSIC

အခန်း (၂)

"မေမေ ဒါက ဘယ်သွားမလို့လဲ"

"ဆွမ်းချိုင့်သွားပို့မလို့ သားရဲ့၊ ဒါနဲ့ မင်းအစ်ကို ဘယ်သွားလဲ၊ မနက်ကတည်းက တွေ့ကိုမတွေ့ဘူး"

"ဆီစက်ထဲ ဆင်းတယ်လေ၊ ဒီနေ့ စားအုန်းဆီကားဝင်မယ်ဆို ပြီး မနက်ကတည်းက ထွက်သွားတာပဲ"

မာန် လက်ထဲမှ ပေါက်တူးကို နံရံမှာမှီးကာ ထောင်ထားပြီး ခေါင်းပေါ်မှ ခမောက်ကို အိမ်နံရံမှာ ချိတ်လိုက်သည်။

"ဒါနဲ့ မေမေက ဘယ်နိုင်းမလို့လဲ"

"ဆွမ်းချိုင့်သွားပို့ရမယ်လေ၊ ဆရာတော်မှာထားတဲ့ဆေးလေး လည်းလှူရင်းပေါ့"

သနပ်ခါးဖုံဖုံလေးနှင့် ကျက်သရေရှိနေသော မိခင်ဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မာန့်မျက်နှာတည်သွားသည်။

"မနေ့က ဦးနောင်လတ်နဲ့ မေမေနဲ့ စကားပြောဖြစ်ကြတယ်ဆို"

အမေးကြောင့် ဒေါ်မြကမ္ဘလာ မျက်နှာ ဖျတ်ခနဲ ပျက်သွားသည်။

"သားကိုဘယ်သူပြောလဲ မာန့်"

"ညီဇော့်အစ်မ ပြောတာလေ"

ညီဇော့်အစ်မ မသင်းကြွယ်ဆိုတာ ရပ်ကွက်ထဲမှာ ဘယ်သူ ဘာလုပ်တယ်ဆိုတာကို လိုက်စပ်စုနေသော မိန်းမ။

"ထုံးစံအတိုင်းပေါ့ သားရယ်၊ မေမေတို့မြေကိုရောင်းဖို့ပဲ လာပြောနေတာလေ"

အမှန်အတိုင်းပြောလိုက်လျှင် သား စိတ်ဆိုးဒေါသထွက်နေလိမ့်မည်။ ထို့ကြောင့် တခြားအကြောင်းအရာဖြင့် ခေါင်းစဉ်တပ်လိုက်သည်။

"ကျွတ် ဒီလူကြီး ဘာကြောင့်များ မရောင်းပါဘူးဆိုတဲ့မြေကို ဖွတ်အတင်းလိုက်ဝယ်နေရတာလဲ၊ ဒီလောက်တောင် ဝယ်ချင်နေရင် သိန်းငါးထောင်နဲ့ပေးမလားလို့ မေးလိုက်ဦးမယ်၊ ပေးမယ်ဆိုရင်တော့ ရောင်းသာရောင်းလိုက်တော့"

ဒေါ်မြကမ္ဘလာ မဲ့လိုက်ပြီး

"သားရယ် အမြဲတမ်း အချိုအချောင်လိုက်နှိုက်နေတဲ့သူက ပေါက်ဈေးထက် နှစ်ဆလောက်တိုးတောင်းတာကို ဝယ်မှာလားကွယ်"

"သူကျေနပ်ရင်ဝယ်ပေါ့ မေမေရဲ့ မသိရင်ခက်မယ်၊ ဒီလူကြီး





မေမေ့နားကိုကပ်ချင်လို့ အကြောင်းမရှိအကြောင်းရှာနေတာ၊ တွေ့ရင်တော့ ပညာပေးလိုက်ဦးမယ်"

စိတ်ဆတ်သော မာန့်စကားကြောင့် ဒေါ်မြကမ္ဘလာ စိတ်ပူသွားကာ

"သား အဲဒီလူနဲ့သွားမပတ်သက်စမ်းပါနဲ့ကွယ်၊ ဒီလူက အရှက်တရားရှိတဲ့သူမဟုတ်ဘူး။ နောက်ပြီး လူမိုက်တွေမွေးထားတာ"

"သူ့လူမိုက်မွေးတိုင်း သားကကြောက်ရမှာလား မေမေရဲ့ ဂုဏ်နဲ့မာန့်မှာ ကြောက်ရမယ့်သူမရှိသေးဘူး။ ကြောက်သွေးပါရင် ဖောက်ထုတ်ပစ်မယ်"

ကြောက်စိတ်မရှိသည့်အပြင် စိတ်ဆတ်ရဲဝင်းသော သားတွေကြောင့် နောင်လတ်နှင့်ထိပ်တိုက် မတွေ့စေချင်။

"ကဲပါ သားရယ် ဒီလူမိုက်အကြောင်းကို စကားထဲထည့်မပြောမနေနဲ့တော့၊ သားတို့လာရင်စားဖို့ မေမေ ထမင်းပွဲပြင်ခဲ့ပြီ၊ မေမေကတော့ ဆရာတော်ဆွမ်းစားအမီ ဒါလေးသွားကပ်လိုက်ဦးမယ်ကွယ်"

နောင်လတ်အကြောင်း စကားထပ်ဆက်နေမှာစိုး၍ ဒေါ်မြကမ္ဘလာ အိမ်ပေါ်မှ ခပ်သွက်သွက်ဆင်းခဲ့လိုက်သည်။

သားတွေ လူပျိုအရွယ်ရောက်သည့်အထိ အလှသွေးကြွယ်နေဆဲ မိခင်ဖြစ်သူကို စိတ်မချတာ သားတွေမှာအပြစ်မရှိ။

ဒေါ်မြကမ္ဘလာဟာ နေရောင်အောက်မှာ လှလှပပပွင့်နေတဲ့ပန်းတစ်ပွင့်လို ပုရိသတွေမျက်စိကျချင်စရာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မြကမ္ဘလာခြံတွင် ဒေါ်မြကမ္ဘလာ၏မွေးနေ့ပွဲကို အကျဉ်းချုံး၍ ကျင်းပနေသည်။

ထိုမွေးနေ့ပွဲသည် ဒေါ်မြကမ္ဘလာ၏ခင်ပွန်း ဦးဝေဖင်ရှိစဉ်ကတည်းက အမြဲတမ်းကျင်းပပေးခဲ့သည်မှာ အစဉ်အလာတစ်ခုလို ဖြစ်နေသည်။

ဦးဝေဖင် မရှိတော့၍ မွေးနေ့ပွဲလုပ်ဖို့ စိတ်မပါတော့ပေမယ့်လည်း သားနှစ်ယောက်ဖြစ်သူ ဂုဏ်နှင့်မာန်က သူတို့ဖခင်၏အစဉ်အလာကို ဆက်၍ ထိန်းပေးသည်။

ဒါ့အပြင် ဦးဝေဖင် အကြိုက်ဆုံး အုန်းထမင်းနှင့်ကြက်သားကိုအလှူအပယ်ချက်ပြီး မိတ်ဆွေသူငယ်ချင်းတွေကို စိတ်ကြိုက်ခေါ်ကျွေးသည်။

ခြံထဲသို့ ရွာလုံးကျွတ် မဖိတ်ပေမယ့် တစ်ရွာလုံးနီးနီးကိုတော့ တစ်အိမ်မကျန်စေရ။ အထုပ်နှင့်လိုက်ဝေလိုက်သည်။

ရွာဆိုပေမယ့် ရှေးဆန်သောရွာမျိုးမဟုတ်။ ရွာဟုသာ ရှေးရိုးစွဲ အမည်တပ်ထားပေမယ့် အိမ်တိုင်းအိမ်တိုင်း ဆိုင်ကယ်ရှိသည်။ ဖုန်းသုံးလေးလုံး ဇိမ်ခံပစ္စည်းတွေဖြစ်သည့် Sky Net တို့ 4 HD တို့ 5 network တို့ရှိကြသည်။

အလွန်ဆင်းရဲသော ဖားရှာ ငါးရှာစားရသော အိမ်သည်ပင်လျှင် တီဗွီတစ်လုံးတော့ရှိသည်။ လယ်ယာလုပ်ငန်းလုပ်ကြ၍သာ ရွာဟု အမည်တွင်နေခြင်းဖြစ်သည်။





ခြံထဲတွင် ကာရာအိုကေဆိုကြသူကဆို စားကြသူကစား၊ ဒိုင်ခံတည်ခင်းကျွေးမွေးသူကကျွေးနှင့် စည်ကားသိုက်မြိုက်နေသည်။

ဒေါ်မြကမ္ဘလာ ဦးဝေဖင်ကို သတိရလာ၍ မျက်ဝန်းမှမျက်ရည်တို့ ဝေ့တက်လာသည်။

သားတွေမြင်မည်စိုး၍ မျက်ရည်တို့ပါးပေါ်မကျခင် မျက်တောင်တို့ဖြင့်ပုတ်ခတ်သွင်းလိုက်သည်။

"မေမေ ဒေါ်ကြီးရွှေက မေမေ့အတွက် သနပ်ခါးပင်ကြီးကို မွေးနေ့လက်ဆောင် ယူလာတယ်ဗျ"

သနပ်ခါးပင်ထမ်းလာသော သားမာန်ကို အပြုံးဖြင့်အသိအမှတ်ပြု ခေါင်းဆတ်ပြလိုက်သည်။ မျက်နှာမလန်းသော ဒေါ်မြကမ္ဘလာကို မာန် သေချာအကဲခတ်ပြီး

"မေမေ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲကွ မေမေက ဖေဖေ့ကို သတိရနေတာ မင်းတလည်း ဒါလောက်တောင် အထာကမနပ်ဘူးလား"

ဂုဏ် အနားရောက်လာပြီး မိခင်ကိုယ်စား စပ်ဖြဲဖြဲအမူအရာဖြင့် ဖြေလိုက်သည်။

"ကဲပါ သားတို့ရယ် မေမေ့ကိုလာပြီး ဂရုစိုက်မနေကြနဲ့၊ ဧည့်သည်တွေကိုပဲ လိုအပ်ချက်မရှိအောင် ကျွေးမွေးဧည့်ခံလိုက်ပါကွယ်"

"စိတ်ချ မေမေ၊ သားတို့ မကုန်မချင်းကိုကျွေးမှာ ခင်ဗျ"

သားအမိသုံးယောက်၊ ကျယ်လောင်လှသော ဆိုင်ကယ်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခြံဝကိုလှည့်ကြည့်လိုက်ကြသည်။

ဒေါ်မြကမ္ဘလာ မျက်နှာပျက်သွားသည်။ ဂုဏ်နှင့်မာန်လည်း မျက်နှာတွေကိုယ်စီ တင်းမာခက်ထန်သွားသည်။

"နောင်လတ်"

ခြံထဲဝင်လာသော ဆိုင်ကယ်သုံးလေးစီးဝင်လာပြီး ဦးနောင်လတ်က ရှေ့ဆုံးမှဖြစ်သည်။ အသက်ကြီးပြီး အချိန်မစီးသောသူ။ သေခါနီးတရားမရှိသောသူ။ မိသားစုမရှိ သံယောဇဉ်မရှိ သူ့ကိုဖား၍ ပေါင်းနေသော တပည့်တွေက မြှောက်စားထား၍ မာန်တက်နေသူ။

သူ့ကိုယ်သူ မာဖီးယားဂိုဏ်းခေါင်းဆောင်လိုလို ဘာလိုလို မျက်မှန်အနက်ဝတ်စုံအနက်တွေဝတ်ကာ သူများမင်္ဂလာယူနေသောနေရာသို့ ရှုပ်းကားရန် ရောက်လာခြင်းဖြစ်သည်။

ဆိုင်ကယ်တွေက ဒေါ်မြကမ္ဘလာရှေ့မှာ ဂငယ်ကွေ့ကွေ့ကာ ရပ်လိုက်သည်။ တပ်ထားသော မျက်မှန်အနက်ကြီးကို ဟန်ပါပါချွတ်ကာ ဒေါ်မြကမ္ဘလာကို စတိုင်ကျကျ ပြုံးပြသည်။

ဦးနောင်လတ်ရုပ်ရည်ရူပကာမှာ ကြည့်ကောင်းသော်လည်း စီလီနီရုပ်ပေါက်နေသည်။

"ငါ့ခြံထဲကို ငါမဖိတ်ဘဲ ဘာလို့ဝင်လာတာလဲ နောင်လတ်"

ဒေါ်မြကမ္ဘလာအသံက လိုအပ်တာထက်ပို၍ တင်းမာနေသည်။ ဦးနောင်လတ်ထံမှ အရွယ်နှင့်မလိုက်သော မခိုးမခန့် ရယ်သံထွက်ပေါ်လာသည်။ အကြည့်တွေက တောင့်တင်းလှပနေသော ဒေါ်မြကမ္ဘလာ၏





ကျော့ရှင်းသောခန္ဓာကိုယ်ပေါ်က မခွာ။

"ဟေ့ လူကြီး"

ဂုဏ်အသံက ဒေါသဖြင့် ဟိန်းထွက်လာသည်။ လက်ထဲတွင် ငှက်ကြီးတောင်ဓားကိုယ်စီနှင့် သားနှစ်ယောက် ဘယ်အချိန်ကတည်းက ဓားပြေးယူထားလိုက်ကြသည်မသိ။

ဒေါ်မြကမ္ဘလာရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ နောင်လတ်လို တန်ဖိုးမဲ့သောလူယုတ်မာနှင့် အဖိုးမဖြတ်နိုင်သော သားနှစ်ယောက်ကို ယှဉ်မဖြစ်စေချင်။

"နင်က ငါ့ကိုကျတော့ ဘာလို့မဖိတ်တာလဲ မြကလေး၊ ငါက ဒီရွာမှာ လူရာမဝင်တဲ့သူမို့လား"

ဓားကိုင်ထားကြသော ဂုဏ်နှင့်မာန်ကို ဂရုမစိုက်။

ဒေါ်မြကမ္ဘလာကိုသာ စကားပြောသည်။

"ဟုတ်တယ် နင်က ငါ့အတွက် ညှော်ကောင်းဆောင်ကောင်း ဘယ်တော့မှဖြစ်မလာမယ့် ငါတို့ရဲ့ရန်သူပဲ၊ ဒါကြောင့် အရေးအရာလုပ်ပြီး ဖိတ်စရာမှမလိုတာ"

"နင်က ရန်သူလို သတ်မှတ်ပေမယ့် ငါကတော့ နင့်ကို ငါ့ရန်သူလို့ ဘယ်တုန်းကမှ မသတ်မှတ်ဘူး၊ ငါ့လက်ထဲကနေ ဖေဖင် လုသွားပြီကတည်းက ငါ့အသည်းကို အကွဲအတိုင်း ထားထားတာ၊ ခုထိ ပြန်မဆက်ရသေးတာ"

"ပါးစပ်ပိတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးနားမထောင်ဝံ့။ သားတွေနှင့် ဧည့်သည်တွေရှေ့မှာ မလိုအပ်တာတွေ ဖွင့်ချပြောပြဖို့ ဟန်ပြင်နေသော ဦးနောင်လတ်ကို ဆက်မပြောရန် ခပ်ထန်ထန် တားလိုက်သည်။

ဦးနောင်လတ် သူ့ပါးစပ်ကို လက်ဝါးဖြင့် ဟန်ပါပါ ပိတ်ဟန်ပြလိုက်ပြီး

"ငါ့ပါးစပ်ကို ပိတ်လို့ရပေမယ့် ငါ့ရင်ဘတ်ထဲက စကားသံတွေကိုတော့ ပိတ်လို့မရဘူး"

"သေလိုက်စမ်း မောဟိုက ငုတ်တုတ်မှာ သွားဆောင့်ပြီး သေလိုက်စမ်း"

"ဟော့လူ ခင်ဗျားတို့ တရားလွန်လာပြီနော်၊ ကျုပ်လက်ထဲက ဓားက ခင်ဗျားတို့လည်ပင်းကသွေးတွေကို တောင်းနေကြပြီ"

"လူလေးရယ် ဒေါသထိန်းစမ်းပါ၊ ငါနဲ့မင်းအမေ မြကမ္ဘလာဆိုတာက ဟိုတုန်းကတည်းက လည်ပင်းဖက်ကြီးလာကြတဲ့ ငယ်ပေါင်းကြီးဖော်တွေလေ၊ ခု ငါလာတာလည်း ပြဿနာလာရှာတာ မဟုတ်ဘူး၊ မင်းတို့အလှူမှာ ဝါးတီးဆွဲဖို့လာတာ"

ဆိုင်ကယ်ပေါ်ကဆင်းကာ ဂုဏ်နှင့်မာန်ဇာပန်းကို သိုင်းဖက်ကာ လေပြေနှင့်ပြောနေသော ဦးနောင်လတ်ကို စက်ဆုပ်ရွံရှာသောအကြည့်ဖြင့် ဒေါ်မြကမ္ဘလာ ကြည့်လိုက်ပြီး

"နင်က သိပ်စားချင်တယ်ပေါ့"

"ဒါပေါ့ စားချင်တယ် နင်သာကျွေးရင် သေဆေးတောင်





နောက်မတွန့်ဘဲ စားမယ် ရှင်းလား"

"ကောင်းပြီလေ ကဲဟော့ ငါတို့အလှူမှာ ငါတို့ကျွေးတာကို သေဆေးဆိုရင်တောင် စားမယ်တဲ့၊ သေဆေးတော့မကျွေးပါဘူး ဒါပေမဲ့ သူတို့ကို ငါတို့ ဘာကျွေးသင့်သလဲဆိုတာ သိတယ်နော်"

အလှူမှာ လာဝိုင်းလုပ်ပေးသော ဝေယျာဝစ္စသမားတွေကလည်း ဦးနောင်လတ်အား တူးခါးနေအောင် မုန်းကြသူများမို့ စားကြွင်းစားကျန်တွေထည့်ထားသော စဥ့်အင်တုံကြီးကို ဝိုင်းမလာပြီး ဦးနောင်လတ်တို့ရှေ့မှာ ချပေးလိုက်သည်။

"ဟမ် ဒါဘာလုပ်တာလဲ"

"နင်ပဲ ငါ့အလှူလာစားတာ ငါ ဘာကျွေးကျွေးစားမယ်ဆို"

"ဒါ ဒါကြီးက ငါဘယ်လိုစားမလဲ"

"ဪ နင်မစားတတ်ဘူးလား၊ ကဲဟော့ သူ ဘယ်လိုစားရမှန်းမသိဘူးတဲ့ ကျွေးလိုက်ကြစမ်း"

ဒေါ်မြကမ္ဘလာ စကားအဆုံး အင်တုံထဲမှ စားကြွင်းစားကျန်တွေကို ပစ်ပေါက်ပြီး ကျွေးကြသည်။

စားကြွင်းစားကျန်တွေက ဦးနောင်လတ်ပါးပြင်တွင်မက မျက်နှာအနှံ့နှင့်ခေါင်းတွေပေါ်မှာ ပေကျံကုန်ပြီး လူက မြင်ရက်စရာမရှိ။

"ဟာ ဟော့ ဒါ ဒါဘာလုပ်တာလဲ ရိုင်းလှချည်လား ဟင်"

တပည့်တွေက သူ့ဆရာကို ဝိုင်းဖဲ့နေပြီမို့ ပြဿနာရှာဖို့ ဟန်ပြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ မင်းတို့တစ်ယောက်မှ မရှည်ကြနဲ့"

"အာ အာစရိကို စော်ကားနေတာလေ၊ ကျွန်တော်တို့ ဘယ်လို ငြိမ်ခံနေရမှာလဲ"

"ရတယ် မင်းတို့ဒီအတိုင်းပဲ ငြိမ်ငြိမ်လေးကြည့်နေ၊ အခု ငါ့ကိုလုပ်နေတာက မြကလေးရဲ့ဆန္ဒကြောင့်၊ ငါ့ကိုနှိပ်ကွပ်လို့ မြလေး ကျေနပ်မယ်ဆိုရင် တစ်သက်လုံး လည်စင်းပေးပြီးသား၊ ဒါကြောင့် မင်း တို့သောက်ပါးစပ်တွေ တစ်ယောက်မှ အသံမထွက်နဲ့"

"ဟုတ် ဟုတ်ကဲ့ပါ အာစရိ"

ဦးနောင်လတ်၏အမိန့်ကို ဘယ်တပည့်မှ မလွန်ဆန်ရဲ အားလုံး ငြိမ်ပြီး ကြည့်နေကြသည်။

"ကဲ မြကလေး နင့်ရဲ့စေတနာက ငါ့ဗိုက်ဝရုံတင်မဟုတ်ဘူး၊ ရင်ထဲမှာပါ ပြည့်သွားပြီ"

ရက်ရက်စက်စက် အရှက်ခွဲခံလိုက်ရသည့်အတွက် တပည့်တွေ ရှေ့မှာရော လူအများရှေ့မှာပါ သိက္ခာကျသွားရသည်။ ရင်ထဲက အငြိုး အတေးတွေက ရေနွေးအိုးလို ပွက်ပွက်ဆူ၍နေသည်။ သို့သော် မျက်နှာ ပေါ်မှာတော့ အပြုံးတစ်စက်မှမလျော့။

ဒေါ်မြကမ္ဗလာနားသို့ ပေကျံနေသော ကိုယ်ကြီးဖြင့် တိုးကပ် လာပြီး

"ဒီမှာ မြလေး သက်ရောက်မှုတိုင်းမှာ တန်ပြန်တုန့်ပြန်မှုရှိ တယ်၊ နံရံကို လက်သီးနဲ့ အားပြင်းပြင်းထိုးလိုက်လို့ လက်နာသွားပေမယ့်





နံရံမှာ သက်ရောက်မှုတစ်ခုတော့ ကျန်ခဲ့တယ်ဆိုတာတော့ မင်းသိသင့် တယ်၊ ခု ဒီလုပ်ရပ်က မင်းငါ့ကိုစိန်ခေါ်လိုက်တာပဲကွ၊ နောင်တဆိုတာ နောက်ဆုံးမှရတာ ဓမ္မတာပဲ၊ ဒါပေမဲ့ ငါ မင်းကို ဒီလောက်ထိတော့ ပြန်မတုန့်ပြန်ပါဘူး၊ မဖြစ်စလောက်လေးပဲ ပေးမှာပါ၊ ဒါပေမဲ့ ခုတော့ မဟုတ်ဘူး မကြာမီပေါ့ကွာ"

ပြောရင်းဖြင့် ဦးနောင်လတ် တဟားဟား ရယ်သည်။

"ကဲ ခင်ဗျား ပြောချင်တာတွေပြောပြီးပြီ မဟုတ်လား၊ ဒါဆို ရင် ပြန်တော့၊ ဒီထက်ပိုနေမယ်ဆိုရင်တော့ ကျုပ်တို့လက်ထဲက ဓား တွေက ဆက်ပြီးသည်းခံမှာမဟုတ်တော့ဘူး"

"သွားမှာပါကွာ ငါက မင်းတို့နဲ့ ဘယ်တော့မှ ပြဿနာအဖြစ် မခံပါဘူး၊ ငါဘယ်လောက်မုန်းနေပါစေ မင်းတို့ကို ငါ အနိုင်ပေးပြီးသားပါ ကွ"

"ရှင်သွားတော့နော် နောင်လတ်"

"အိုကေ သွားပြီ နောက်မှတွေ့မယ်နော်"

မကျေနပ်ခြင်းတွေကို အရယ်နှင့်ဖုံးသွားပြီး ဆိုင်ကယ်ပေါ် တက်ပြီး မောင်းထွက်သွားသော ဦးနောင်လတ်တို့ လူရမ်းကားတစ်စုကို ကြည့်ပြီး ဂုဏ်နှင့်မာန် တက်တစ်ချက်ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

"မေမေ စိတ်ဆင်းရဲမှာစိုးလို့ပေါ့ကွာ၊ နို့မို့ဆိုရင် ဒီလူကြီးကို ဒီဓားနဲ့အပြတ်ရှင်းလိုက်ပြီ"

"မင်းပဲလားကွ ငါကရော အမေ့ရှေ့မှာ သွေးသံရဲရဲတွေ လုပ်

www.burmeseclassic.com

www.burmeseclassic.com



မပြချင်လို့ ဒေါ်သတွေကို မနည်းမျိုသိပ်ထားရတာ၊ ငါ ဒီလူကြီးကို ကြည့်မရနေတာ ကြာပြီ''

''မင်းတို့ဖြစ်လို့ကတော့ ငါတို့ကလည်း ဝိုင်းဖဲ့ပြီးသားပဲ၊ မာန်''

''အေး ဟုတ်တယ်''

''အရေးအကြောင်းရှိလာလို့ကတော့ မင်းတို့နောက်မှာ ငါရှိတယ်ကွ''

သူငယ်ချင်းတွေကပါ ဂုဏ်နှင့်မာန်ဘက်က ဝိုင်းပြီးဖဲ့မယ်ဆိုတာ ချည်းပင်။

''ကဲပါ ဒီကောင်နဲ့ရန်ဖက်ဖြစ်လို့ကတော့ မင်းတို့ပါ သိက္ခာကျပါတယ် သားတို့ရယ်၊ ကဲ ကဲ ညည်သည်တွေကိုလည်း အားနာပါတယ် စားစရာရှိတာ ဆက်စားကြပါလို့ နော်''

မွေးနေ့ပွဲလေးက စောစောကလို ပြန်၍ အေးချမ်းသွားသည်။

ဒေါ်မြကမ္ဘလာ ရင်ထဲမှာတော့ မရှင်းလင်းမအေးချမ်းသေး နောင်လတ်လုပ်ရပ်တွေက တစ်နေ့တခြား ပို၍ရဲတင်းလာသည်။ သားတွေကလည်း တဖြည်းဖြည်း အရွယ်ရောက်လာပြီဆိုတော့ ပြဿနာက ဒီတစ်သက်ပြီးပါတော့မလား။

နောင်လတ်လို ငမိုက်သားကြောင့် သားတွေကို မထိခိုက်စေချင် ပါ။

■ ■ ■



## အခန်း (၂)

ဂုဏ် ဒီနေ့ ဆန်စက်ကိုလိုက်မသွားဘဲ အခန်းထဲမှာ ဖုန်းတစ်လုံးနှင့် မြေပုံစာရွက်တစ်ရွက်ကို ကိုင်ပြီး အလုပ်ရှုပ်နေသည်။

''သားရေ ဂုဏ်''

''ဗျာ့လို့''

''ထမင်းစားမယ်လို့''

သားအမိနှစ်ယောက် စိတ်တွေကြည်လင်နေ၍ လေယူလေသိမ်းတွေ အတိုင်အဖောက်ညီနေကြသည်။

''စားနှင့်မေမေရေ ဒီမှာ သားအလုပ်လုပ်နေတယ်ဗျ''

''အံမယ် အိမ်ခန်းထဲမှာအောင်းပြီး အလုပ်လုပ်နေတယ် ဟုတ်လား ဘာများလုပ်နေသလဲ''

ဒေါ်မြကမ္ဘလာ အခန်းတံခါးဖွင့်ပြီး ဝင်လာသည်။

''ဟဲ့ ဒါ ဘာစာရွက်ကြီးလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မြို့ပြမြေပုံလေ"

"ဘာလုပ်ဖို့လဲ"

မြေပုံစာရွက်ကြီးကို ကြမ်းခင်းပေါ်ဖြန့်ခင်းပြီး ပေတံတစ်ချောင်းဖြင့် တိုင်းတာတွက်ချက်နေသော ဂုဏ်ကို မေးတော့၏။

"မြို့ပြမြေပုံလေ မြေတိုင်းစာရေး ကိုညွန့်ရွှေဆီကနေ တောင်းထားတာ"

သားဖြစ်သူဘာတွေလုပ်နေသည်ဆိုတာကို ဒေါ်မြကမ္ဗလာ နည်းနည်းလေးမှကို နားမလည်နိုင်။

"ဘာတွေလျှောက်လုပ်နေတာလဲ သားရယ်၊ မေမေတော့ နားကို မလည်နိုင်တော့ဘူး၊ ဒီနေ့ အငယ်ကောင်က ဆန်စက်သွားပြီး သား ကျတော့ ဘာကြောင့် ဆီစက်ကို မသွားတာတုန်း၊ အမြဲတမ်း မန်နေဂျာ နဲ့လွှဲထားလို့ အလုပ်မဖြစ်ဘူးလေ"

"ဒီမှာလည်း အလုပ်ဖြစ်တဲ့အလုပ်လုပ်နေတာ မေမေ့ရဲ့သား နယ်မြေချဲ့မလို့ မေမေရ"

"ဟင် ဘယ်လို နယ်မြေချဲ့မလို့ ဟုတ်လား"

"ဟုတ်တယ် မေမေရ၊ သားတို့အတွက် ဖေဖေရှာပေးခဲ့တဲ့ ငွေတွေကနည်းမှမနည်းဘဲ၊ ဒီအတိုင်းထားမယ့်အတူတူ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ထားရင် သားစဉ်မြေးဆက် မပူမပင်ရတော့ဘူးပေါ့"

ရည်းစားတောင်မထားရသေးဘဲ စကားကြီးစကားကျယ်ပြောနေသော သားစကားကြောင့် ဒေါ်မြကမ္ဗလာ မဲ့ပြုံးလေးပြုံးလိုက်သည်။





"အရင်ဆုံး အဖြစ်ရှိအောင် မိန်းမယူဖို့ပဲ ကြိုးစားကြည့်ပါဦး သားရယ်၊ ကဲ ပြောပါ ဒီမြေပုံနဲ့ ဘာလုပ်မလို့လဲ"

"ဒီလို မေမေရ သားမြေကွက်တွေဝယ်မလို့"

"အို သားမြေကွက်တွေဝယ်ရင် ဟိုအကောင် နောင်လတ်နဲ့ ထိပ်တိုက်တွေ့မှာပေါ့၊ သူက အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှာ လုပ်နေတော့ ဒီမြို့မှာရှိတဲ့မြေကွက်မှန်သမျှ သူက ချုပ်ထားပြီးသားမဟုတ်လား၊ အေးအေးနေစမ်းပါ သားရယ်"

ဂုဏ် မြေပုံစာရွက်ကြီးကို ခေါက်သိမ်းလိုက်ပြီး မိခင်ဖြစ်သူကို စိတ်ပူရန်ကောဟူသော အကြည့်ဖြင့်ကြည့်ကာ

"ဒီလူကြီးနဲ့အလွတ်ကြီးပါ၊ မေမေရာ၊ အခု သားဝယ်မယ့်မြေကွက်ပိုင်ရှင်က သူနဲ့ဘာမှမပတ်သက်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် မေမေ ခွင့်မပြုနိုင်ဘူး၊ နောင်လတ်က ဆိပ်ယုတ်မာတာ သားရဲ့၊ သားရဲ့လုပ်ငန်းတွေကို လိုက်နှောင့်ယှက်လိမ့်မယ်"

"သူ အခုငြိမ်နေသားပဲ မေမေရဲ့၊ မေမေ့သင်ခန်းစာတွေကို ကြောက်ပြီး မေမေ့ရှေ့ကိုတောင် ပေါ်လာတော့လို့လား၊ သားတို့လည်း ရှောင်နေပုံရတယ်၊ ထိပ်တိုက်ကိုမတိုးတော့ဘူး"

"အဲဒါကိုက မေမေ စိတ်ထင့်နေတာ သားရဲ့၊ သူက ပြဿနာ တစ်ခါရှာဖို့အတွက် ခြေတစ်လှမ်းနောက်ဆုတ်နေတာ၊ မှန်တိုးလို့ပဲ၊ တိုက်ဖို့နီးလေ လေငြိမ်လေပဲမို့ မေမေက သတိပေးတာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတလှုန်သော သားတွေကို ဖျောင်းဖျရတာ သိပ်တော့ တွေ့သည်

"သိပ်လည်း စိုးရိမ်မနေပါနဲ့ မေမေရယ်၊ မေမေစိတ်ထင်လို့ ဒါ သူ့ သားတို့ကို ဘာမှမလုပ်ရဲပါဘူး၊ အလကား တပည့်တွေအားကိုးနဲ့ လေကျယ်နေတဲ့လူကြီး၊ ဒါကြောင့် မေမေ စိုးရိမ်စိတ်တွေကို ခဏ သိမ်းပြီး မြေကွက်ဝယ်ခွင့်ပေးပါမေမေရာ နော်"

ကလေးမုန့်ပူဆာနေသလိုမျိုး ပူဆာနေသော သားကို ကြည့်ပြီး ဒေါ်မြကမ္ဘလာ သက်မတစ်ချက်ကို ရှိုက်လိုက်သည်။

သားဖြစ်သူ၏သဘောထားကို ဒေါ်မြကမ္ဘလာ မသိဘဲနေမလား။ သားသဘောက နောင်လတ်ဝယ်မည့်မြေကွက်မှန်သမျှကို သူက လုပြီးလိုက်ဝယ်မည်။ တစ်စတစ်စနှင့် ခြံဝင်းတွေကို တိုးချဲ့ပြီး မွေးမြူရေး လုပ်ငန်းတွေလုပ်မည်။ ငါးမွေးမည်။ ဆေးဝါးပင်တွေစိုက်ပျိုးမည်။

ဒါက ကိုဝေဇင့်အတွေး။ ထိုအတွေးတွေကို အကောင်အထည် ဖော်မည်ဟု ကိုဝေဇင် ပြောခဲ့ဖူးသည်။

သူတို့အဖေ၏ဆန္ဒတွေကို သူတို့မဖြစ်ဖြစ်တဲ့နည်းနဲ့ အကောင် အထည်ဖော်မည်ဟု ကြွေးကြော်ခဲ့ဖူးသော သားတွေ၏ဆန္ဒနှင့် ကွယ်လွန် သွားခဲ့ပြီဖြစ်သော ချစ်ခင်ပွန်း၏ဆန္ဒတွေကို ဒေါ်မြကမ္ဘလာကရော အကောင်အထည်မဖော်ဘဲ ဘယ်နေချင်ပါ့မလဲ။

ကိုဝေဇင်သာ ကားဘရိတ်ပေါက်ပြီး ကားအက်ဆီးဒင့်မဖြစ် ခဲ့လျှင် ယခုအချိန်ဆိုလျှင် သူ့ဆန္ဒတွေကို အကောင်အထည်ဖော်ကောင်း





ဖော်နေလောက်ပါပြီ။

တွေးရင်းဖြင့် မျက်ရည်တို့ဝေ့လာသည်။

ခုချိန်ထိလည်း ကိုဝေဇင် ကားဘရိတ်ပေါက်ပြီး သေဆုံးခဲ့ရတာ ဟာ နောင်လတ်၏လက်ချက်ဟု သံသယဝင်ခဲ့သည်။ ထိုသံသယသည် ဘယ်လိုမှ မလွဲနိုင်။ သို့သော် သက်သေမခိုင်လုံ၍ အရေးယူနိုင်ခြင်း မရှိခဲ့။

ခုတော့ သားက ဖခင်ရဲ့ရန်ကြွေးကို စီးပွားရေးတိုက်ကွက်နှင့် တိုက်ယူပြီး တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်ဖို့ စိုင်းပြင်းနေလေပြီ။

ဒေါ်မြကမ္ဘလာ ချစ်လင်၏ဆန္ဒမို့ ပြင်းပြင်းထန်ထန် မကန့်ကွက် ရက်တော့။

"ဘယ်လိုလဲ မေမေ သဘောတူမယ်မဟုတ်လား"

ဆန္ဒခံယူနေသော သားကို ညှိုးနွမ်းစွာကြည့်လိုက်ပြီး ခေါင်း ညိတ်လိုက်မိသည်လား ခေါင်းခါလိုက်မိသည်လားပင် မသိတော့။

"ဟား ဝမ်းသာလိုက်တာ မေမေရာ"

ဂုဏ် ဝမ်းသာလွန်း၍ မိခင်ဖြစ်သူ၏ပါးကို တရှုတ်ရှုတ် နမ်း လိုက်သည်။

"မေမေ့ဘက်က ခွင့်ပြုလိုက်ပေမယ့် သားဘက်က သတိထား ရမှာက နောင်လတ်နဲ့ထိပ်တိုက်ပြဿနာတက်ရမယ့်လုပ်ရပ်မျိုးကို မလုပ် မိစေနဲ့လို့ပဲ မေမေ ပြောချင်တယ်ကွယ်"

"စိတ်ချပါ မေမေ၊ သားကလည်း သူနဲ့လွတ်ကင်းတဲ့ မြေတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ဝယ်မှာပါ''

မိခင်စကားဆို အမြဲနားထောင်တတ်သော သားတွေမို့ ကိုယ့်သားတွေကတော့ စပြီး ပြဿနာသွားရှာမှာမဟုတ်။ ဒေါ်မြကမ္ဘလာ ကိုယ့်သားတွေကိုတော့ ယုံသည်။

ဒေါ်မြကမ္ဘလာ မယုံရဲတာ ကံကြမ္မာကိုပါပဲ။ အဲဒီကံကြမ္မာက ကိုဝေဖင်နှင့် သူ့ကိုလည်း သေကွဲကွဲခဲ့ပြီးပြီပဲ။

''ကိုယ်ဖြစ်ကိုယ်ခံ သန္နိဋ္ဌာန် ရင်မှာစွဲမှတ်ထား ဘယ်သူ့မပြု မိမိမှု ဖြူအောင်စိတ်ကိုထား တဲ့''

''တင်ပါ့ သိပ်ကိုမှန်ကန်တဲ့ ဆောင်ပုဒ်လေးပါ ဘုရား''

ဆရာတော် ရွတ်ပြသော နီတိလေးကို ဒေါ်မြကမ္ဘလာ သဘောကျမိသည်။

''အိမ်း မှန်ကန်ရုံနဲ့မပြီးဘူး၊ ဒီထဲကအတိုင်းကျင့်ကြံနိုင်မှ လောကမှာ လူတော်လူကောင်းဆိုတဲ့ဂုဏ်သတင်းက မွှေးပျံ့နေမှာပါ။ ဒီကဗျာလေးရွတ်ပြတာ အလကားမဟုတ်ဘူး၊ ဘုန်းကြီးက သတိပေးတဲ့ သဘောပဲ''

''တင်ပါ့ ဘုရား''

''ဒေါ်သတွေဖြစ်လာတိုင်း ဘုန်းကြီးရွတ်ပြတဲ့ ဒီကဗျာလေးကို ပြန်ရွတ်ကြည့် ဟုတ်ပြီလား''

''တင်ပါ့ဘုရား တပည့်တော်တို့ ညီအစ်ကိုတွေက ဘုန်းဘုန်းရဲ့ အဆုံးအမနဲ့ အမေ့ရဲ့ပြုစုစောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာကြတာမို့





ဒေါ်သကို အသိဉာဏ်နဲ့ထိန်းပါ့မယ် ဘုရား''

မာန် အပြောကောင်း၍ ဘုန်းကြီး ကွမ်းတမြုံ့မြုံ့ ခေါင်းတညိတ်ညိတ်နှင့်

''သာသနာရဲ့အဆုံးအမအောက်က ကလေးတွေမို့ ဘုန်းကြီးက လည်း မင်းတို့ကို ယုံပါတယ်ကွယ်၊ ဒါနဲ့ ဘုရားတည်ဖို့အတွက် ရွာ အနောက်ပိုင်းက ပန်းရံဆရာ ကိုလှအောင်တောင် မနေ့ကလာသွားလို့ ကုန်ကျစရိတ်ကို ခန့်မှန်းခြေတွက်ခိုင်းထားသေးတယ် ဒကာမကြီးရဲ့''

''တင်ပါ့ဘုရား ဆရာတော် သင့်သလို စီစဉ်ပေးတော်မူပါ၊ တပည့်တော်တို့ သားအမိတွေက လိုအပ်တဲ့ငွေကြေးပမာဏကို အားလုံး ထုတ်ပေးမှာပါ''

''ဒါကတော့ ဒကာလှအောင်နဲ့တွေ့ပြီး ကုန်ကျစရိတ်ကို ပြောကြဆိုကြပေါ့''

''မှန်လှပါ ဘုရား၊ ဒါဆို တပည့်တော်တို့လည်း ပြန်လိုက်ပါဦး မယ်''

ဆရာတော်နှင့် ဘုရားတည်ဖို့ကိစ္စပြောဆို လျှောက်ထားပြီးသည်နှင့် သားအမိတွေ ထော်လာဂျီစီးပြီး အိမ်ကိုပြန်ခဲ့ကြသည်။

''မေမေ အချိန်ရရင် သားတို့ဝယ်ထားတဲ့ ခြံကွက်တွေဘက် ဝင်ကြည့်ရအောင်''

''သွားလေ သားရဲ့၊ မေမေလည်း ဒါမှ လိုက်ကြည့်ဖြစ်မှာ တကူးတကဆိုရင် မကြည့်ဖြစ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ထော်လာဂျီကို ခြံကွက်တွေရှိရာ လမ်းဘက်သို့ ချိုးကွေ့မောင်းလာလိုက်သည်။

"ဟာ အရေးထဲ ရွာသူတွေ ရေခပ်ဆင်းတဲ့အချိန်နဲ့မှ လာတိုးရတယ်လို့"

ညည်းညည်းညူညူပြောရင်း ထော်လာဂျီကို အရှိန်လျှော့မောင်းနေသော ဂုဏ်ကိုကြည့်ပြီး မာန် ဟက်ခနဲ ရယ်လိုက်သည်။

အဓိပ္ပာယ်မဲ့ ထရယ်သော မာန့်ကိုကြည့်ပြီး

"အသားလွတ်ကြီး ထရယ်နေပါလား"

"မဟုတ်ပါဘူး ဒီအချိန် ရေခပ်ဆင်းချိန်မှန်းသိလို့ မင်း မေမေ့ကို အကြောင်းပြုပြီး ဒီဘက်မောင်းလာတာ မဟုတ်လား"

"နားစမ်းပါ ဂုဏ်ရာ၊ ငါ ဒါတွေစိတ်မဝင်စားတာ မင်းလည်း သိသားနဲ့"

"တီ တီ တီ တီ"

ထော်လာဂျီဟွန်းကို အကြာကြီး ဖိနှိပ်ပြီး အရေးမထားသည့် ဟန်ဖြင့် ပြောလိုက်သည်။

အပျိုတစ်သိုက် ဟွန်းသံကြောင့် အုပ်စုဖွဲ့လျှောက်နေရာမှ ဖရိုဖရဲ ဝါးမ်းဘေးသို့ ဆင်းပြေးကုန်ကြသည်။

"ဟော့ လူလေးတို့ မင်းတို့ကြောင့် မဒီလေးတွေ ကတ်ဝေါ လျှောက်နေတာ ဟန်ချက်ပျက်သွားကြပြီကွ"

မကျည်းပင်ကြီးကို ကွယ်ရပ်နေသော ဦးနောင်လတ် လမ်းမပေါ်





သို့တက်လာပြီး ထော်လာဂျီရှေ့မှ ပိတ်ရပ်လိုက်သည်။ ဒေါ်မြကမ္ဘလာ ငြိမ်ပြီးထိုင်နေရာမှ ဦးနောင်လတ်ကိုလည်း မြင်ရော ဆတ်ခနဲ ထလိုက်သည်။

"ဟဲ့ အကောင်နောင်လတ် ရှေ့ကဖယ်စမ်း"

"ငါ့ကိုအကောင်လို့ မပြောနဲ့၊ ငါ ခွေးမဟုတ်ဘူး"

ဦးနောင်လတ် အကောင်ဟု အခေါ်ခံရ၍ မျက်စိပျက်မျက်နှာပျက်ဖြင့် ပြန်ပြောသည်။

"ခွေးတောင် မောင်းလိုက်ရင် လမ်းဖယ်သေးတယ်၊ နင်က ခွေးလောက်တောင် အသိဉာဏ်မှမရှိတာ"

"မြကလေး မင်း မင်းကွာ"

"ဟော့လူကြီး ခင်ဗျား ကျုပ်အမေကို မြကလေးလို့ ခေါ်စရာ မလိုဘူး။ ခင်ဗျားပါးစပ်နဲ့မတန်ဘူး။ ခုရှေ့ကနေ ဖယ်လိုက်နော်၊ မဖယ်ရင် ကျုပ်တို့ဝင်တိုက်ပစ်လိုက်တော့မှာ"

ဒီတစ်ခါ ဂုဏ်ရော မာန့်ရော သွေးဆူကုန်ကြပြီ။

ဒေါ်မြကမ္ဘလာ ဒေါသတို့ကို ပြန်ချိုးနှိမ်ကာ

"သားတို့ တော်ပြီ မပြောကြနဲ့တော့"

ကိုယ်ကဒေါသထွက်ပြနေလျှင် သားတွေကိုပါ ထိန်းမရဖြစ်တော့မည်မို့ ပြန်ထိန်းရသည်။

"အေးပါ ထားလိုက်ပါတော့ ငါက ခွေးပဲထားလိုက်ပါတော့ ဟား ဟား ဟား ဟော့ကောင်တွေ ငါ့သားလေးတွေကို လမ်းဖယ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်း''

ဦးနောင်လတ်စကားကြောင့် ထော်လာဂျီရှေ့ ပိတ်ရပ်နေကြသော တပည့်တွေ တုတ်တွေရွယ်ထားရာမှ ဖယ်လိုက်ကြသည်။

ထော်လာဂျီကို တစ်ရှိန်ထိုး မောင်းထွက်လိုက်သည်မို့ ရှောင်ချိန်ပင်မရလိုက်ဘဲ အားလုံး ဖရိုဖရဲဖြစ်လျက် ကျဉ်းမြောင်းလှသော လမ်း၏ဘေးဘက် ချောက်ထဲသို့ ပြုတ်ကျသူကျ၊ လဲကျသူလဲကျနှင့် ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။

ဂုဏ်နှင့်မာန် ထော်လာဂျီကို အရှိန်နှင့်မောင်းနေရင်းမှ နောက်ကိုလှည့်ကြည့်လိုက်သည်။ ဦးနောင်လတ် ဒလိမ့်ခေါက်ကွေး ပြုတ်ကျသည့်အရှိန်ဖြင့် ပါးကိုသစ်ကိုင်းနှင့်ထိုးမိပြီး သွေးတို့ထွက်နေသည်။

ဂုဏ်နှင့်မာန် ရယ်လိုက်ကြသည်။ ရယ်သံတို့က လွင့်ကျန်ခဲ့ကာ ဦးနောင်လတ်အဖို့ နောက်တစ်ကြိမ် အရှက်ခွဲခံလိုက်ရသည့်အတွက် အငြိုးထို့ ပို၍ကြီးထွားလာခဲ့သည်။ ထို့နောက် အသံကုန်ဟစ်ကာ

''မြကမ္ဘလာ နင် ငါ့ကိုနာကျင်အောင်လုပ်တာ နှစ်ကြိမ်ရှိပြီ ထို့ ငါ့ကိုများ ခွေးတဲ့၊ နင်ကခွေးလို့ပြောမှတော့ ငါကလည်း နင့်ကိုခွေးဇာတ်ခင်းပြရတာပေါ့''

ဦးနောင်လတ်၏ ကြိမ်းဝါးသံကြောင့် ရေခပ်ဆင်းလာသည့် ကောင်မလေးတွေ လှမ်းကြည့်ကြသည်။

''ဟဲ့ ကောင်မလေးတွေ ဘာကြည့်တာလဲ၊ နောက်တစ်ခါ ဒီလမ်းကရေခပ်မဆင်းနဲ့ ကြားလား၊ နင်တို့ကို ငါ ဆွဲစိလိုက်မယ်''





ဒေါသတွေက ပျို့မေတစ်သိုက်ဆီသို့ ရောက်သွားသည်။ ပျို့မေတစ်သိုက် ကြောက်အားလန့်အားဖြင့် နောက်ပြန်ပြေးလေတော့သည်။

ညနေခင်း၏ဆည်းဆာအလှသည် ဦးနောင်လတ်၏ဒေါသတွေကြောင့် ရုပ်ဆိုးအကျည်းတန်သွားလေသည်။

"တောက် ငါခွေးဇာတ်ခင်းရင် မင်းပါ ပါဝင်ကပြရမယ် မြကလေး အဲဒါကို မြဲမြဲမှတ်ထား''

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မေမေရေ ဒီနေ့ သဲ့ား ဦးဖိုးထူးရဲ့ပေတစ်ရာကွက်ကြီးကို ခွဲလိုက်ပြီ"

"ဟယ် ပေတစ်ရာတောင်လား"

"ဟုတ်တယ် မေမေ၊ ဂုဏ် ငွေချေလို့ သားပါလိုက်သွားတာလေ၊ မေမေ့ကိုအသိပေးမလို့ပါပဲ၊ ဒါပေမဲ့ ပြဿဒါး ရက်ရာဇာရွေးနေရင် အကြောင်းအမျိုးမျိုးနဲ့ အစီအစဉ်ပျက်မှာစိုးတာနဲ့ ညီအစ်ကိုနှစ်ယောက်ထဲ သွားလိုက်တာ၊ ဈေးကလည်း သင့်တယ် မေမေရ၊ နောက်ပြီး အဲဒီမြေက မြေဆီကောင်းတယ်၊ ဆေးရွက်ကြီးပင်စိုက်ရင် သားတို့အတွက် အကျိုးရှိမှာ"

စီးပွားရေးအကွက်မြင်တတ်သော သားတွေကို ဒေါ်မြကမ္ဘလာ ဘာမှမပြောလိုတော့၊ သူတို့လည်း အရွယ်ရောက်နေပြီပဲ။ ဦးဆောင်ချင်တဲ့စိတ်ရှိနေတာကိုပဲ ဒေါ်မြကမ္ဘလာ ကျေနပ်ပါသည်။





"ဦးဖိုးထူးက သူ့မြေကွက်ကို သားတို့မို့ရောင်းတာ မေမေရ၊ ဦးနောင်လတ်ကြီး ကြိုက်ဈေးပေးပြီးဝယ်တာတောင် မရောင်းဘူးလေ"

ကျေကျေနပ်နပ်ကြီးပြောနေသော သားနှစ်ယောက်စကားကြောင့် ရင်မှာထိတ်ခနဲ ဖြစ်ရပြန်သည်။

"သားရယ် ဒီကောင်နဲ့လွတ်အောင်နေပါဆိုကာမှပဲ သွားပြီး ရန်စနေပြန်ပါပြီ"

"ဟာ မေမေကလည်း ရန်စစ်ရာလား၊ ပိုင်ရှင်ကျေနပ်လို့ ရောင်းလိုက်တာပဲ"

"ဒါတော့ ဒါပေါ့သားရယ်၊ ဒီကောင်က သူဝယ်လို့မရတဲ့မြေကွက်ကို သားတို့ကဝယ်လို့ ရသွားတာ ကျားနာခဲ ခဲဦးမှာလေ"

"အဲဒီလောက်ထိ အရှည်ကြီးတွေးပြီး ပူမနေပါနဲ့ မေမေရာ၊ အခုဝယ်ပြီးတဲ့မြေကွက်ကို ရင်းနှီးမြှုပ်နှံဖို့ပဲ တိုင်ပင်ဆွေးနွေးရတော့မှာ"

စိုးရိမ်လွန်နေသော မိခင်ဖြစ်သူကို ဂုဏ် ဖြေသိမ့်စကား ဆိုလိုက်သည်။

"ဂုဏ် မာန် ဂုဏ် မာန်ရေ"

သားအမိသုံးယောက် စကားကောင်းနေတုန်း စိုးမြင့်သူ ရောက်လာသည်။ ညီအစ်ကိုနှစ်ယောက်၏နာမည်ကို တစ်ပြိုင်တည်းခေါ်ပြီး ဝင်လာသော စိုးမြင့်သူ၏မျက်နှာက သတင်းတစ်ခုကို အရေးတကြီး ပြောချင်ဟန်ပေါက်နေသည်။

"စိုးမြင့် လာလေကွာ၊ ဘာတွေရေးကြီးသုတ်ပျာ ဖြစ်လာတာ



www.burmeseclassic.com

လဲ''

''အရေးကြီးသတင်းတစ်ခု ပေးစရာရှိလို့''

စိုးမြင့် ဂုဏ့်ဘေးမှာ ဝင်ထိုင်လိုက်သည်။

''အရေးကြီးသတင်း ဟုတ်လား''

မာန့်အမေးကို အလောတကြီး ခေါင်းညိတ်လိုက်ပြီး

''ဟုတ်တယ် ဦးနောင်လတ်ကြီး သူ့ခြံထဲမှာ ဒေါ်သူပုန်ထနေပြီ''

''ကျွတ် ဒါလား၊ အရေးကြီးတဲ့သတင်း မင်းကွာ ဘာများလဲလို့''

''အဲဒါ မင်းတို့ကြောင့် သူ ဒေါ်သူပုန်ထနေတာ''

''ဟော့ ငါ့သားတွေကြောင့် ဟုတ်လား စိုးမြင့်''

''ဟုတ်တယ် ဒေါ်လေး ဦးဖိုးထူးရဲ့မြေကွက်ကို သူက ကြိုက်ဈေးပေးပြီး အသည်းအသန်လိုက်ဝယ်နေတာကို၊ မင်းတို့က သူ့ထက် ငွေပိုပေးပြီး ဝယ်လိုက်လို့ဆိုပြီး မင်းတို့ညီအစ်ကိုကို ကြိမ်းဝါးနေတာ''

''အဲဒါ ဘာလုပ်ရမှာလဲ၊ ဒါ သူ့ဒေါသနဲ့သူပဲလေ''

''လွယ်လွယ်မပြောနဲ့ ကိုမာန်၊ ဒါပြဿနာဖြစ်တော့မယ့်အခြေအနေပဲ၊ သူက သူ့ကိုခေါင်းချင်းလာတိုက်ရင် အကွဲပြန်တိုက်မယ်လို့ ဟစ်နေတာကွ၊ သူ ယုတ်မာချက် မင်းတို့လည်း သိသားနဲ့''

စိတ်ပူပန်နေသော စိုးမြင့်စကားအဆုံး ဂုဏ် ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး





''နေစမ်းပါ စိုးမြင့်ရာ မင်းက ဘာလိုင်းကြီး ကျွတ်နေတာ၊ ခု ငါတို့မြေကွက်ဝယ်တာ သူနဲ့အလွတ်ကြီး၊ သူလိုချင်ရင် ရအောင်ဝယ်ပေါ့၊ သူများယူသွားမှ လာပြီး လွတ်တဲ့ငါးကြီးပြနေတယ်၊ အစောကြီးကတည်းက ဦးဖိုးထူး ငွေလိုနေတာကို အခွင့်ကောင်းယူပြီး အောက်ဈေးလိုက်နှိုက်နေတာ မသိဘူးများထင်နေလား၊ ငါတို့က တန်ရာတန်ကြေးထက်ပိုပြီး ပေးထားတာ၊ မရှိဆင်းရဲသားတွေအပေါ် ဘယ်တော့မှ ကိုယ်ကျိုးကြည့် အမြတ်မထုတ်ဘူး၊ ငါ့အဖေရှိစဉ်ကတည်းက ဦးဖိုးထူးမြေကွက်ကို အောက်ဈေးနှိုက်လာတာ ခုချိန်ထိပဲ''

တစ်စက်ကလေးမှ နောက်တွန့်ခြင်းမရှိသော ဂုဏ်နှင့်မာန်ကို ကြည့်ပြီး စိုးမြင့် သက်ပြင်းချမိသည်။ ဒေါ်မြကမ္ဘလာလည်း မျက်နှာသိပ်မကောင်း။ ဒီပြဿနာက ပြီးမှာမဟုတ်။

နောင်လတ် တစ်ခုခုနှင့်တော့ ပြန်၍ တုန့်ပြန်လိမ့်မည်ဆိုတာ စိတ်ကသိနေသည်။ မီးဆိုတာ မလောင်ခင်တားရမှာပေါ့။ သို့သော် ခုမှာတော့ အချိန်တွေလွန်ကုန်ပြီ၊ ကိုယ့်ဘက်က သတိဝီရိယနှင့်နေဖို့ပဲ ရှိတော့သည်။

''အေးပါ ငါကစိတ်ပူလို့ မင်းတို့ဘက်က ကြိုတင်ပြင်ဆင်ထားဖို့ရအောင် သတိလာပေးတာပါ၊ ဒေါ်လေး ကျွန်တော် ပြန်ဦးမယ်''

''ထမင်းစားပြီးမှ ပြန်လေ စိုးမြင့်ရဲ့''

''သားစားပြီးသွားပြီ သွားလိုက်ဦးမယ်''

''အေး အေး''



www.burmeseclassic.com

www.burmeseclassic.com



စိုးမြင့် ပြန်သွားတော့မှ ဒေါ်မြကမ္ဗလာ သားနှစ်ယောက်ကို ကြည့်ကာ

"သား ဂုဏ်နဲ့မာန်"

"ဗျာ"

နှစ်ယောက်သား မိခင်ကိုကြည့်ကာ ပြိုင်တူထူးလိုက်ကြသည်။

"ခြံဝယ်တဲ့လုပ်ငန်းကို ရပ်တန်းကရပ်ပါတော့ သားတို့ရယ်၊ ဒီမြေအရောင်းအဝယ်လုပ်ငန်း လုပ်နေသမျှ ဒီကောင် နောင်လတ်နဲ့ အမြဲထိပ်တိုက်ရင်ဆိုင်နေရမှာ"

"စိတ်မပူပါနဲ့ မေမေရာ"

"သားတို့ မေမေ့စကားကို နားထောင်ကြစမ်း၊ မေမေ့စကားက မင်းတို့အတွက် အရာမရောက်တော့ဘူးလား"

"ရောက်ပါတယ် မေမေရယ်၊ ဒါပေမဲ့ သားတို့က ဖေဖေ့ဆန္ဒတွေကို အကောင်အထည်ဖော်နေကြတာလေ"

"အေး အဲဒီမင်းအဖေဆန္ဒဆိုတာ သူသေပြီးကတည်းက သူနဲ့အတူ ပါသွားပြီးသား၊ မင်းတို့ဆက်ပြီး အကောင်အထည်ဖော်စရာ မလိုတော့ဘူး၊ ဒါကြောင့် မေမေ အပြတ်ပြောမယ်၊ သားတို့ရပ်တန်းကရပ်ပါ၊ သစ်ပင်ကောက်တာမြင်ရပေမယ့် လူစိတ်ကောက်တာတော့ မမြင်ရဘူးသား၊ မင်းတို့အဖေကိုဆုံးရှုံးခဲ့ရသလို မင်းတို့ကိုထပ်ပြီး အဆုံးရှုံးမခံနိုင်တော့ဘူး"

ဒေါ်မြကမ္ဗလာ ဒေါသကြောင့် အသံတွေ မာနေသည်။





ဂုဏ်ရော မာန်ရော ဘာဆင်ခြေမှ ထပ်မပေးလိုတော့။ မြွေကွက်ကလေးဝယ်ပြီးလို့ ပျော်မယ်ကြံကာရှိသေးသည် ထိုအပျော်တွေ၏ နောက်မှာ စိတ်တို ဒေါသဖြစ်စရာက တစ်ပါးတည်း ကပ်ပါလာသည်။

ဒေါ်မြကမ္ဗလာမှာသာ ရင်ထဲမှာအပူသောကမငြိမ်းတော့၊ နောင်လတ်ဆိုတဲ့ကောင်က လောကကြီးထဲမှာ ယုတ်အညံ့ဆုံးလူတစ်ယောက်။ လူဆိုပေမယ့် လူစိတ်ပျောက်နေသူ။

ကိုယ့်သားတွေကို သူ့ရဲ့ယုတ်မာမှုအောက်မှာ မကျရှုံးစေလိုပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အာစရိ ဒီကိစ္စကို ဘယ်လိုလုပ်မလဲ၊ ခုလို ဒေါသဖြစ်နေရုံနဲ့ ဒီကောင်နှစ်ကောင်ကို ဆုပ်ခြေနိုင်မှာမဟုတ်ဘူး"

ဦးနောင်လတ်၏ဒေါသတွေကို တပည့်တွေက ပို၍ဆွပေးသည်။

ဒေါသထွက်လွန်း၍ အရက်တွေပဲ လို့သောက်နေသဖြင့် တော်တော်လေးမူးနေပြီ။

"ငါ ဒီနှစ်ကောင်ကို မရှုမလှခံစားရအောင် လုပ်ချင်တာကွ"

"ဒါများ လွယ်ပါတယ် အာစရိရာ၊ နည်းလမ်းတွေအများကြီး ပါ"

ထပည့်ကျော် မောင်ကီး သောက်ကောင်းစားကောင်းအောင် လူမဆန်သောအကြံတွေပေးဖို့ ဦးနှောက်ထဲမှာ အစီအရီ။

"ကဲ ပြောစမ်းပါဦး ဘာနည်းလမ်းလဲ"

"ဒီလို အာစရိရ"





မောင်ကီး ဦးနောင်လတ်နားကို တိုးကပ်ကာ ခပ်တိုးတိုး ပြောသည်။

ဦးနောင်လတ်၏မချိတင်ကဲ ဒေါသဖြစ်နေသည့်မျက်နှာ တဖြည်းဖြည်း ပြုံးလာသည်။ ပြုံးရာမှ တဟားဟား အော်ရယ်သည်။ အော်ရယ်ရာမှ ဝါးလုံးကွဲအောင်အော်ရယ်တော့သည်။

ဦးနောင်လတ် ရယ်သလို မောင်ကီးလည်း တဟားဟား အော်ရယ်တော့သည်။

"မင်းကို အဲဒါကြောင့် ငါ့တပည့်ထဲမှာ အတော်ဆုံးလို့ ပြောတာပေါ့ကွ၊ ကဲ ဒါဆိုရင် မင်းပေးတဲ့အကြံကို ငါခုချက်ချင်းပဲ အကောင်အထည်ဖော်လိုက်တော့မယ် ဟား ဟား ဟား ငါ့စိတ်တွေ ခုကတည်းက မရိုးမရွဖြစ်နေပြီ"

ဦးနောင်လတ် လက်ကျန်အရက်ကိုမော့ပြီး ဆိုင်ကယ်ပေါ်တက် ခွလိုက်သည်။

"ငါ နောက်တစ်နာရီတိတိမှာ ခံစားမှုအပြည့်နဲ့ ပြန်လာခဲ့မယ်၊ သွားပြီ၊ ပြီးရင် ဒီညထပ်ပြီး အောင်ပွဲခံမယ်"

"အာစရိ အောင်မြင်ပါစေဗျာ"

"ပြန်လာရင် အသေးစိတ်ပြောပြနော် အာစရိ"

"လိုချင်တာတွေ အကုန်ရပါစေ"

တပည့်တွေ တစ်ယောက်တစ်ပေါက်ဆီ ကောင်းချီးပေးကြသည်။

တပည့်တွေကို လက်ပြနှုတ်ဆက်ပြီး ဆိုင်ကယ်ကို တစ်ရှိန်ထိုး



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်ခဲ့လိုက်သည်။ သူဦးတည်ရာက မြကမ္ဘလာခြံသို့။

ဦးနောင်လတ် ဒီနေ့မှအပျော်တွေပြန်၍ ဆို့သွားသည်။ တစ်ရှိန်ထိုးမောင်းနေသော ဆိုင်ကယ်ပင်လျှင် နှေးနေသလားဟု ထင်ရ၏။

ဆိုင်ကယ်စက်သံ တဘုန်းဘုန်းက မြကမ္ဘလာ ခြံရှေ့မှာ ရပ်သွားသည်။ ခြံတံခါးသော့ ပိတ်ထားသည်။ သိပ်တော့ကိစ္စမရှိ။ ဒီသော့လောက်နဲ့ ကိုယ့်လာရင်းကိစ္စကို ပြန်ခေါက်သိမ်းရမှာတဲ့လား။

နောင်လတ်ဘဝမှာ လိုချင်တာကို ရအောင်ယူခဲ့တာချည်းပဲ။ မရသေးတာဆိုလို့ တစ်ခုပဲရှိသေးသည်။

ထိုအရာကား မြကမ္ဘလာ ဖြစ်သည်။

ဦးနောင်လတ် ဆိုင်ကယ်ကို အရှိန်ပြန်မြှင့်လိုက်ပြီး သစ်သားတံခါးကြီးကို အရှိန်မြှင့်၍ ဝင်တိုက်လိုက်သည်။

သစ်သားတံခါးကြီး သိပ်ပြီးတောင့်မခံနိုင်။ ထက်ပိုင်းကျိုးသွားသည်။

ထိုအခြေအနေအထိ အိမ်ထဲမှာ ဘယ်သူမှ ထွက်လာခြင်းမရှိ။

ဒါဆိုလျှင် သေချာပြီ။ ဒီအိမ်ကြီးထဲမှာ ဂုဏ်ရော မာန်ရော မရှိကြ။ မြကမ္ဘလာ တစ်ယောက်ထဲရှိတာ သေချာသည်။

ခြံထဲရောက်သည်နှင့် စက်ရှိန်ကိုသပ်ကာ အိမ်ရှေ့အထိ ဆိုင်ကယ်မောင်းမဝင်တော့ဘဲ အိမ်ရှေ့ပေါ်တီကိုအောက်သို့ လမ်းလျှောက်လာလိုက်သည်။

ကျွန်းတံခါးကြီးက သော့ခတ်မထား။ စေ့ရုံစေ့ထားသည်မို့ ဦး





နောင်လတ် ကောက်ကျစ်သောအပြုံးကို ခပ်အေးအေးပြုံးပြီး တံခါးကို တွန်းဖွင့်ကာ အိမ်ကြီးထဲဝင်ခဲ့လိုက်သည်။

တစ်အိမ်လုံး တိတ်ဆိတ်နေပုံထောက်ရင် မြကမ္ဘလာ သူ့အခန်းထဲမှာ နေ့ခင်းနေ့လယ် တစ်ရေးတစ်မော အိပ်နေလောက်ပြီ။

ဘယ်လောက် အဆင်သင့်လိုက်သလဲ။

■ ■ ■

အိမ်အပြင်တွင် ဘာဖြစ်နေသည်။ အကုသိုလ်ဂြိုလ်ဆိုးတွေ အိမ်ထဲဝင်လာသည်ကို ဒေါ်မြကမ္ဘလာ နည်းနည်းမှမရိပ်မိ။

ရေချိုးခန်းထဲတွင် လျှော်စရာအဝတ်ကလေး လျှော်ဖွတ်ပြီး ရေကိုဖိမ်ခံချိုးနေသည်။

သိပ်ပြီး ကြာကြာလည်း ချိုး၍မဖြစ်။ အသက်ကလေးရလာသည်နှင့်အမျှ ကိုယ့်ကျန်းမာရေးကိုလည်း အစစအရာရာ ဂရုစိုက်နေရသည်။

ရေချိုးပြီးသည်နှင့် ရေချိုးခန်းနံရံတွင် လွှားထားသည့် ရေလဲလုံချည်ကို ကောက်ဝတ်ကာ ရေချိုးခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

အခန်းတွင်းရောက်သည်နှင့် မွေးပွသဘက်ဖြင့် ခန္ဓာကိုယ်ပေါ်မှ ရေစက်တွေကိုခြောက်အောင်သုတ်ပြီး ကိုယ်ပေါ်မှ လုံချည်ကိုချွတ်ချပြီး အဆင်သင့်ထုတ်ထားသော လုံချည်ကိုယူ၍ ကိုယ်မှာစွပ်လိုက်သည်။ အခန်းထဲတွင် ကိုယ်တစ်ယောက်ထဲရှိသည်မို့ လွတ်လပ်စွာ အဝတ်အစားထဲလှယ်နေသော ဒေါ်မြကမ္ဘလာ မှန်တင်ခုံမှ ပုံရိပ်ကြောင့်

www.burmeseclassic.com



"အမလေး ဘုရားရေ"

ဦးနောင်လတ် ခုတင်ဘေးရှိ ဗီရိုနားတွင် ကွယ်ရပ်နေသော မြင်ကွင်းက မှန်ထဲမှာအတိုင်းသား။

ဒေါ်မြကမ္ဗလာ လွတ်နေသော ကိုယ်အပေါ်ပိုင်းကို လုံစေရန် သဘက်ဖြင့် ကပျာကသီ ပြန်ဖုံးလိုက်ပြီး

"နင် နင် ငါ့အခန်းထဲကို ဘာဝင်လုပ်နေတာလဲ၊ ခွေးသူခိုး ကောင်ရဲ့"

ဦးနောင်လတ် ဒေါ်မြကမ္ဗလာ၏အမေးကို စိတ်မဝင်စား။ သူ့မျက်လုံးအကြည့်တွေက တစ်သက်လုံး မျှော်လင့်ခံစားချင်သော ဒေါ်မြကမ္ဗလာ၏ခန္ဓာကိုယ်အလှတရားတွေကို အသေးစိတ်မြင်လိုက်ရသည့် အာရုံပေါ်မှာသာ ဝေ့ဝဲနေသည်။

"လှလိုက်တာ မြကလေးရယ်၊ မင်းက ခုမှ ပွင့်အာဆဲပန်းလေး တစ်ပွင့်လိုပါပဲ"

ပြောပြောဆိုဆို မှန်တင်ခုံပေါ်ရှိ အလှပန်းအိုးထဲမှ နှင်းဆီပန်းကိုလှမ်းယူကာ ပွင့်ဖတ်တွေကို တစ်ဖတ်ချင်း ကိုက်ဝါးလိုက်သည်။

"ဝါး စိမ့်နေတာပဲကွာ၊ မင်းအရင်က ဒီလောက်အပျိုရွှန်းအောင် လှမှန်း ငါမသိခဲ့ဘူး၊ ခုမှ ပေါ်ပေါ်တင်တင်ကို တွေ့လိုက်ရတဲ့အတွက် ပိုပြီးချစ်ချင်သွားပြီကွာ"

ဦးနောင်လတ်၏ခြေလှမ်းတွေ ဒေါ်မြကမ္ဗလာ၏အနားသို့ တစ်လှမ်းချင်း။





"နင် ရှေ့ကိုတိုးမလာနဲ့နော်"

ကြောက်အားလန့်အားဖြင့် နီးရာပန်းအိုးကို ကောက်ကိုင်ကာ ရွယ်လိုက်သည်။

"မတိုးလို့မရဘူး နင်က ငါ့ကိုအမြဲတမ်း ခွေးဖောက်ခင်းတယ် ပြောတော့ ငါလည်း နင်နဲ့အတူ ခွေးဖောက်ခင်းကြည့်ကြမလားလို့"

"နင် မယုတ်မာနဲ့နော်၊ ငါ့အသားကို တစ်စက်ကလေးထိကြည့်"

စိတ်ထဲမှ ကြောက်နေပေမယ့်လည်း တမင်မကြောက်ဟန်ဖြင့် ပြန်အော်ပစ်လိုက်သည်။

"အသားမထိဘူး မင်းရဲ့တစ်ကိုယ်လုံးကို ဝါးမျိုပစ်မှာလေ"

တဖြည်းဖြည်း လှချင်းနီးကပ်လာပြီမို့ ဒေါ်မြကမ္ဗလာ ကြံရာမရတော့ဘဲ လက်ထဲမှ ပန်းအိုးဖြင့်ပေါက်လိုက်သည်။

"ချွမ်"

ပန်းအိုးက ဦးနောင်လတ်ခေါင်းကိုမထိ။ အရှောင်ကောင်း၍ နံရံကိုသာထိပြီး ကွဲသွားသည်။

"ငါ အရှောင်အတိမ်းတော်တယ်ဆိုတာ မသိဘူးလား မြကလေးရယ်၊ လာပါကွာ ခုနေမှာ ဘယ်သူမှမရှိတုန်း တို့စိတ်တွေလွှတ်ပြီး ပျော်ကြရအောင်၊ နင်လည်း လူလွတ် ငါလည်းလူပျို ဘယ်သူကမှ ဖောက်ပြန်တယ်လို့ စွပ်စွဲလို့မရပါဘူး"

"လဲသေလိုက် ငါက နင့်လိုကောင်ကို ရှိလှန်းလို့ ခွေးချီးပုံ



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် တန်ဖိုးမထားဘူး''

ယုန်သူငယ်ဖြစ်နေတာတောင် ဒေါ်မြကမ္ဘလာ လေကြောက လုံးဝမလျော့။ တရွေ့ရွေ့နီးလာလေ ခြေလှမ်းတွေက နောက်ကိုတဖြည်းဖြည်းဆုတ်လေနှင့် ခုတင်စွန်းနှင့် တိုက်မိကာ ခုတင်ပေါ် ဖင်ထိုင်ကျသွားသည်။

မြဲထားသော သဘက်မှာ ကိုယ်ပေါ်မှ လျှောခနဲ ကျသွားသည်။ ဝင်းနုဖြူစွတ်သော ရင်ညွန့်အစုံက အာသာငမ်းငမ်းဖြစ်နေသော ဦးနောင်လတ်၏ရာဂကို ပို၍ကြီးထွားလာစေသည်။

ဦးနောင်လတ် အချိန်ဆွဲမနေတော့။ ဒေါ်မြကမ္ဘလာ ပေါ်ကို အုပ်မိုးလိုက်ပြီး ခုတင်ပေါ် လှဲသိပ်လိုက်သည်။

''နောင်လတ် နင် လူယုတ်မာ၊ ငါ့ကိုအတင်းအကျပ် မယုတ်မာနဲ့နော်၊ ငါ အော်လိုက်မှာ''

အင်အားရှိသမျှ ရုန်းကန်တွန်းထုတ်သည်။ ခြေဖြင့်ဆောင့်ကန်သည်။

ဦးနောင်လတ် နောက်ကိုယိုင်သွားပေမယ့် ရှေ့ကိုပြန်၍တိုးလာပြီး ဒေါ်မြကမ္ဘလာ ကိုယ်ပေါ်သို့ သူ့ကိုယ်ခန္ဓာကြီး ဖိချလိုက်သည်။ ဗလာကျင်းခန္ဓာကိုယ်က ဟာဆင်းသွားသည်။

''မအော်ပါနဲ့ အချစ်ရယ် ခုချိန်မှာ အော်လည်း မင်းသားတွေ မကြားနိုင်ဘူး၊ ဒီအချိန် သားချီတွေမှာလည်း လူတွေမရှိဘူး၊ ကိုယ့်အချစ်တွေကို အသာတကြည် လက်ခံလိုက်စမ်းပါ''





အရက်နံ့တထောင်းထောင်း ထနေသော ရမ္မက်ထန်သည့် စကားလုံးတွေကို ဒေါ်မြကမ္ဘလာ ကြားတစ်ချက် မကြားတစ်ချက်။ မျက်လုံးမှ မျက်ရည်တို့တွင်တွင်ကျလာသည်။

လက်အစုံက စမ်းမိစမ်းရာ လျှောက်စမ်းပြန်သည်။ ခုတင်ခြေရင်းတွင် ဓာတ်မီးကို စမ်းမိသွားသည်။ မထူးတော့ပြီမို့ ခန္ဓာကိုယ်အနံ့ကို အသာငမ်းငမ်း နမ်းရှိုက်နေသော ဦးနောင်လတ်၏ခေါင်းကို ဓာတ်မီးဖြင့် အားကုန်လွှဲရိုက်လိုက်သည်။

''ခွပ်''

''အား''

''ဟင် ကောင်မ နင် နင်က ငါ့ကိုလုပ်တယ်ပေါ့ ရတယ် တွေ့မယ်၊ နင်ဒီလိုခုခံမယ်ဆိုတာ ကြိုသိလို့ ငါကလည်း ကြိုတင်စီစဉ်လာပြီးသား''

ဒေါ်မြကမ္ဘလာ၏လက်နှစ်ဖက်ကိုချုပ်ပြီး ကိုယ်ပေါ်တက်ဖိထားလျက်နှင့် လက်တစ်ဖက်မှ သူ့အိတ်ထဲကို နှိုက်လိုက်သည်။

လက်ထဲမှ စပရေးဘူးအသေးစားလေး ပါလာသည်။

''ရှီး ရှီး''

''အား အမလေး''

မျက်စိကို အဖျန်းခံလိုက်ရ၍ ဒေါ်မြကမ္ဘလာ မျက်ဝန်းအစုံ မှုန်ဝါးသွား... ... မျက်ဝန်းထဲမှ သွေးတို့ယိုစီးကျလာသည်။

ဒေါ်မြကမ္ဘလာ လူးလိမ့်ကာ ခံစားနေသည်ကို ဦးနောင်လတ်



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်။ သူလိုချင်တာကိုသာ ယူမည့်ပုံစံဖြင့် ဒေါ်မြကမ္ဗလာ၏အသွေးအသားတို့ကို မြိန်ယှက်စွာ စားသုံးနေတော့သည်။

မျက်စိဒဏ်ရာကတစ်ဖက် ရှက်စိတ် ဝမ်းနည်းစိတ်ကတစ်ဖက်ဖြင့် ဒေါ်မြကမ္ဗလာ အသိစိတ်တွေသည် အမှောင်ကမ္ဘာထဲသို့ ကျရောက်သွားသည်။

**ဦးနောင်လတ် သူ့စိတ်ကြိုက် သိမ်းပိုက်နေခဲ့။**

"မှတ်ပြီလား မြကမ္ဗလာ၊ အဲဒါမှ ခွေးဇာတ်ခင်းတယ်လို့ခေါ်တယ်၊ ခုတော့ ငါပြုသမျှကို နင် နုနေရုံပဲမဟုတ်လား၊ ခုကစပြီး နင် ငါ့မိန်းမဖြစ်သွားပြီ"

ဦးနောင်လတ် အသွေးအသားတွေကို ဝါးမျိုရင်း လှိုက်မောသံကြီးဖြင့် ကြိမ်းဝါးလိုက်သည်။

*******

အခန်း (၅)

"ဟင် ခြံတံခါးက ကျိုးနေပါလား၊ ဒါ ဒါ ဘယ်သူဝင်တိုက်သွားတာလဲ"

မြင်ရသည့်မြင်ကွင်းက ဂုဏ်နှင့်မာန်၏မျက်ဝန်းအစုံကို ပြူးပျယ်သွားစေသည်။

"မေမေ မေမေ"

နှစ်ယောက်သား ခုတင်ပေါ်တွင် သတိလစ်မေ့မျောနေသောခင်နားသို့ သွေးပျက်စွာ ရောက်သွားကြသည်။

"ခုတင်ပေါ်တွင် ပက်လက်အနေအထားနှင့် ရင်ဘတ်ကို ဖုံးရုံထားပြီး အောက်ပိုင်းကို ခြုံထားသောစောင်က ဒူးအထက်ရောက်နေသည်။

ဆံပင်တို့ဖွာလျက် မျက်လုံးပတ်ပတ်လည်တွင် သွေးတို့ကျကာ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည့်မြင်ကွင်းက ဘယ်လိုမှ ကြည့်ရက်စရာမရှိ။

"ဂုဏ် မေမေ့ကိုကြည့်ဦး သေပြီလားမသိပါဘူးကွာ၊ မေမေ မေမေ ထပါဦး"

မာန် အတင်းလှုပ်နှိုးသည်။ ဒေါ်မြကမ္ဘလာ တုတ်တုတ်တောင် မလှုပ်။ မိခင်ဖြစ်သူ၏ မရှုမလှမြင်ကွင်းကြောင့် ဂုဏ်ရော မာန်ရော အသည်းတွေတဆတ်ဆတ်ခါအောင် နာကျင်လျက် သူတို့အမေ့ကိုဖက်ကာ အသည်းအသန် လူးလှိမ့်ငိုယိုနေလေတော့သည်။

မာန်နှင့်ဂုဏ်၏အော်ဟစ်သံတွေကြောင့် အိမ်ရှေ့မှဖြတ်သွားသော ဒေါ်မြကမ္ဘလာ၏ဆွေမျိုးအချို့ အိမ်ထဲသို့ ပြေးဝင်လာကြသည်။

"ဂုဏ်မာန် ဘာဖြစ်တာလဲ"

"ဒီမှာ ကျွန်တော်တို့အမေကို ကြည့်ပါဦးဗျာ၊ ခေါ်လို့လည်း မရတော့ဘူး"

"မြမြ ဒါ ဒါက ဘယ်လိုဖြစ်သွားရတာတုန်း၊ မနက်ကတောင် အိမ်ကိုလာသေးတယ်၊ ရေမိုးချိုးပြီး ပွဲရုံသွားမယ်ဆိုပြီး အိမ်ကနေပြန် သွားတာ"

"ကျွန်တော်တို့လည်း မေမေ ပွဲရုံကိုလိုက်မလာတဲ့အဆုံး လိုက် လာတာ၊ ပြန်ရောက်တော့ ခြံတံခါးလည်းကျိုးပဲ့ပြီး မေမေ့အခန်းတစ်ခန်း လုံးရှုပ်ပွနေတယ်၊ မေမေကတော့ ဦးကြီးမြင်တဲ့အတိုင်းပဲဗျာ"

"ဒါ ဘယ်သူ့လက်ချက်လဲ၊ မေမေ့ကို တစ်ယောက်ယောက်က ဒီလိုပုံစံဖြစ်အောင်လုပ်သွားတာ သေချာတယ်"





ဂုဏ်ရောမာန်ရော အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်။

"မင်းတို့အမေ မသေသေးဘူး၊ သတိလစ်နေတာ၊ ဆေးရုံကို အမြန်ပို့ကြရအောင်"

လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကိုစမ်းပြီး ပြောလာသော ဦးကြီးစကားကြောင့် ဆေးရုံပို့ဖို့ အရေးပေါ်စီစဉ်ကြရသည်။

"ဆေးရုံမပို့ခင် ရဲစခန်းကိုတိုင်ရမယ်၊ ဒါ ရာဇဝတ်မှု"

ရွာလူကြီးတွေပါ ရောက်လာကြပြီး အကြံဉာဏ်ပေးကြသည်။ ဂုဏ်ရော မာန်ရော မိခင်ဖြစ်သူအတွက် ထူပူနေကြ၍ ဘာလုပ်၍ဘာကိုင် ရမှန်းမသိ။ မြင်မကောင်းသော မိခင်ကိုယ်ပေါ်ကို စောင်လွှမ်းပေးထား လိုက်၏။

"ဆရာတော် ကြွလာပြီ"

ဆရာတော် ကြွလာပြီဆို၍ ဒေါ်မြကမ္ဘလာဘေးမှ အုံနေကြသူ များ လက်အုပ်တချီချီဖြင့် ဖယ်ပေးကြသည်။

"ဘယ်လိုဖြစ်ကြတာတုန်း ဒကာလေးတို့"

ဆရာတော် အခြေအနေကိုမေးလာ၍ ဖြစ်ကြောင်းကုန်စင် လျှောက်လိုက်သည်။ ဆရာတော် ခေါင်းတဆတ်ဆတ်ဖြင့် နားထောင်ပြီး အခြေအနေကို သုံးသပ်မိပုံရသည်။

"ရန်ကို ရန်ချင်းမတုန့်နှင်းနဲ့ ကြားကြလား ဒကာလေးတို့၊ ဘုန်းကြီး သတိပြန်ရလာအောင် လုပ်ပေးခဲ့မယ်၊ မျက်စိက ဒေါ်ခုခုနဲ့ အဖုန်းခံလိုက်ရပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ပြောပြောဆိုဆိုဖြင့် ဒေါ်မြကမ္ဘလာ သတိပြန်ရလာအောင် နားထင်ကြောကို တစ်ချက်နှိပ်လိုက်သည်။

ဒေါ်မြကမ္ဘလာ၏အစ်မဖြစ်သူမှာ စိုးရိမ်ဟန်ဖြင့်

"ဆရာတော် တပည့်တော်ညီမလေးရဲ့မျက်လုံးတွေ ပြန်ကောင်းလာပါတော့မလား ဘုရား"

"အနာရှိရင် ဆေးရှိရမှာပေါ့ ဒကာမကြီးရယ်၊ မကြာခင် သတိပြန်ရလာမှာပဲ၊ မျက်စိအတွက်ဆေးကုသမှုခံယူလိုက်ပေတော့၊ ခုလောလောဆယ်တော့ ဘုန်းကြီးလည်း ဆေးမပါဘူး"

ဂုဏ်နဲ့မာန် ဆရာတော်မိန့်တာကို ကြားတစ်ချက် မကြားတစ်ချက်။

ရင်ထဲမှာ မိခင်ကို ခုလိုပုံစံဖြစ်အောင်လုပ်သွားသူကိုသာ အမုန်းကြီးတပ်စ်ချင်နေသည်။ သိပ်မကြာခင် ယာယီရဲကင်းမှ ရဲတွေရောက်လာပြီး စစ်ချက်တွေယူကြသည်။ ပြီးမှ ဆေးရုံကို ပို့ကြသည်။

■ ■ ■

"လူနာက သားတို့နဲ့ ဘာတော်လဲ"

စမ်းသပ်ခန်းရှေ့တွင် ပျားပန်းခတ်အောင် စိတ်လှုပ်ရှားနေသော ဂုဏ်နှင့်မာန်နားသို့ ဆရာဝန်မ ရောက်ရှိလာသည်။

"ကျွန်တော်တို့ရဲ့အမေပါ"

"ဪ"

ဆရာဝန်မ ပြောရခက်နေဟန်ဖြင့် နှုတ်တပြင်ပြင်ဖြစ်နေသည်။





"ဒေါက်တာ ကျွန်တော်တို့အမေရဲ့အခြေအနေလေးကို ပြောပါဗျာ"

ဆရာဝန်မထံမှ သက်ပြင်းခပ်ငွေ့ငွေ့ချသံနှင့်အတူ

"မင်းတို့အမေ အစော်ကားခံထားရတယ်"

"ဗျာ"

"ဟာ"

ညီအစ်ကိုနှစ်ယောက်စလုံး၏အာမေဋိတ်သံက ပြိုင်တူထွက်ကျသွားသည်။ မိုးကြိုးဆယ်စင်းပစ်ခွင်းခံလိုက်ရသလို ခေါင်းမွေးတွေ ထောင်သွားသည်။ ရင်ထဲမှဆို့တက်လာသည့်ဒေါသတွေက မီးတောင်ပေါက်ကွဲသလို ဖွာလန်ကြဲသွားသည်။

"တောက်"

"ဒါ ဟိုခွေးသူခိုး လူယုတ်မာကြီး လက်ချက်"

ဆရာဝန်မှာ ဘာမှထပ်မပြောလိုတော့၍ အနားမှ လှည့်ထွက်သွားသည်။ စိုးမြင့် ဆေးရုံထဲဝင်လာသည်။ အံတကြိတ်ကြိတ် တက်တစ်ခေါက်ခေါက်လုပ်နေသော ဂုဏ်နှင့်မာန်နားသို့ ခပ်သွက်သွက်လျှောက်လာသည်။

"ဂုဏ်မာန် တရားခံကို ရဲတွေဖမ်းမိသွားပြီ"

"ဘယ်သူလဲ ဟိုခွေးသူတောင်းစား နှောင်လတ်မဟုတ်လား"

"မဟုတ်ဘူး"

"ဘာ မဟုတ်ဘူး ဒါဆို ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ရွာက ပဲလှော်စက်မှာလုပ်တဲ့ စိုးရွှေလို့ ပြောတယ်"

"ဟာ လုံးဝမဖြစ်နိုင်ဘူး၊ ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဟုတ်တယ် အဲဒီကောင်လုံးဝမဟုတ်ဘူး တကယ့်တရားခံကို ငါတို့သိတယ်၊ အဲဒါ ဟိုကောင်နောင်လတ် သူ့ကိုငါတို့သတ်မှာ"

ဂုဏ်စကားကို မာန် ထောက်ခံပြီး သတ်ပစ်ဖို့ပင် ကြိမ်းဝါးလိုက်သည်။

"ဂုဏ် စိတ်ကိုထိန်းပါကွာ၊ မျက်မြင်သက်သေဆိုလို့ မင်းအမေ တစ်ယောက်ပဲရှိတာလေ၊ ခု ဒေါ်လေးက မျက်စိမှပြန်မမြင်သေးတာ စကားလည်းမပြောတော့ဘူးဆိုတော့ ပိုဆိုးတာပေါ့"

"စိုးရွှေ လုံးဝမဖြစ်နိုင်ဘူး"

"ဒါပေမဲ့ သူက စခန်းမှာ သူကိုယ်တိုင် သွားအဖမ်းခံတာ မင်းတို့ညီအစ်ကိုကို မုန်းတာရော နောက်ပြီး အပျိုရှုံးအောင်လုပ်တဲ့ မင် အမေကို ကြိတ်ပြီးစွဲလမ်းနေတာနဲ့ လူလစ်တုန်းဝင်ပြီး စော်ကားလိုက် တဲ့"

စိုးရွှေပြောသော စကားလုံးတွေက နားထဲသို့ ခါးသီးစွာ ဝင်လာသည်။

"တော်ပြီ စိုးမြင့်ရာ ငါတို့လုံးဝကိုမယုံဘူး၊ စိုးရွှေနဲ့ငါတို့ကြား ဘာရန်ငြိုးမှမရှိဘူး။ နောက်ပြီး စိုးရွှေက ဟိုဘက်ရွာမှာနေတာ"

"လာ မာန် ဒီကိစ္စကို မေမေကလွဲပြီး ဘယ်သူမှမသိနိုင် မေမေ့ပါးစပ်က မပြောနိုင်ပေမယ့် စာရေးပြီးပြောနိုင်းရမယ်"





စာရွက်နှင့်ဘောပင်ကိုယူပြီး မေမေရှိရာ ဆေးရုံခန်းထဲသို့ ဝင် သာခဲ့ကြသည်။

"မေမေ"

ဂုဏ်၏ခေါ်သံကြောင့် ဒေါ်မြကမ္ဘလာ မျက်တောင်တစ်ချက် ခတ်ပြသည်။ သောကအပူတွေကြောင့် မျက်နှာမှာ သိသိသာသာ ချောင်ကျသွားသည်။

"နေသာရဲ့လား"

မာန့်အမေးကို ခေါင်းတစ်ချက် ဆတ်ပြသည်။

"မေမေ့ကို ယုတ်မာသွားတဲ့ကောင်ကို မေမေသိတယ်မဟုတ် လားဟင်"

ဒေါ်မြကမ္ဘလာ ဘာမှမဖြေ။

"မေမေ ပြန်မပြောနိုင်ဘူးဆိုတာ သားတို့သိပါတယ်၊ ဒါကြောင့် သားတို့ကို စာနဲ့ရေးပြပါနော်"

ဒေါ်မြကမ္ဘလာ လက်ထဲကို ဘောပင်ထည့်ပေးလိုက်သည်။ ဒေါ်မြ ကမ္ဘလာ ခေါင်းခါရမ်းသည်။

နောင်လတ် လက်ချက်ပါဆိုတာကိုသာ သားတွေသိလျှင် နောက ပြီးဆုံးမှာမဟုတ်တော့။ ဒီကောင် ယုတ်မာမှုတွေက ကမ်းကုန် ပြီ သားတွေကိုမထိခိုက်စေချင်။ ထို့ကြောင့် နောင်လတ်ပါဟု လုံးဝ မပြောမိအောင် ရာသက်ပန် ရေငုံနှုတ်ပိတ်နေရတော့မှာပင်။

"မေမေ အဲလိုမလုပ်ပါနဲ့၊ ဘယ်သူလဲဆိုတာကို စာရွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ချရေးလိုက်ပါ''

ဒေါ်မြကမ္ဗလာ ခေါင်းတွင်တွင်ခါရင်း ဘောပင်ကို တွန်းထုတ်သည်။

''မေမေရယ် မေမေ ခုလို မတရားခံသွားရတာကို သားတို့က ဒီအတိုင်း ငြိမ်နေမယ်ဆိုရင် မေမေ့အပေါ်သားတို့ မကာကွယ်မစောင့်ရှောက်နိုင်တဲ့သားတွေ ဖြစ်သွားမှာပေါ့''

ဒေါ်မြကမ္ဗလာ ဘာမှမပြော။ တစ်ဖက်ကိုသာ လှည့်သွားသည်။

ဘဝက ဆုံးနေပြီပဲ။ ဒီအတိုင်းပဲ ထားလိုက်ပါတော့။ တရားခံက တခြားလူအဖြစ်နဲ့ပဲ သားတို့သိပါစေတော့။

နောက်ထပ် တရားခံဖြစ်မည့်သူဟာ သားတို့လုံးဝမဖြစ်စေရဘူး။

■ ■ ■

## အခန်း (၆)

ကျိုးပဲ့သွားသော ခြံတံခါးကို ညီအစ်ကိုနှစ်ယောက် အတူတူ မြှင့်ပြီး ပြုပြင်နေကြသည်။

''မေမေ ဘာဖြစ်လို့ အမှန်တရားကို မဖော်ထုတ်ချင်တာလဲ မသိပါဘူး''

''အဖြေကရှင်းနေတာပဲ။ ရန်ကို ရန်ချင်းတုန့်ပြန်မှာစိုးလို့ ငါတို့ကို မပြောပြတာပေါ့''

''ဒါပေမဲ့ ငါတို့ ဒီအတိုင်း ငြိမ်ခံနေရမှာလား။ ငါတို့ အမေ ခံစားလိုက်ရတာ ဘဝနဲ့ရင်းပြီး ခံစားလိုက်ရတာ''

''ဘယ်သူလဲဆိုတာသိလို့ကတော့ ငါ့အမေခံစားရသလို ခံစားရမယ် မှတ်''

ညီအစ်ကိုနှစ်ယောက် တံခါးပြင်ရင်း မကျေမနပ်ပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟီး ဟီး ပြင်ကြ ပြင်ကြ ဒီတစ်ခါ နိုင်အောင်ပြင်၊ နောက်တစ်ခါဆိုရင် ဆိုင်ကယ်နဲ့တိုက်ဝင်မှာမဟုတ်ဘူး။ ကားနဲ့တိုက်ဝင်မှာ၊ ဟား ဟား ဟား မိုက်တယ်ကွာ သောက်ရမ်းမိုက်တယ်၊ ဆိုင်ကယ်နဲ့တံခါးကိုဝင်တိုက်သွားတာ ရုပ်ရှင်ဇာတ်ကွက်အတိုင်းပဲ၊ မိုက် မိုက် မိုက် မိုက် ဟစ် ဟစ် ဟစ်"

စကားတွေ ပေါက်ပေါက်ဖောက်အောင် ပြောပြီး ရယ်နေသော အရှုးတာရိုးစကားကြောင့် ညီအစ်ကိုနှစ်ယောက် တာရိုးကို ပြိုင်တူကြည့်လိုက်ကြသည်။

"ဖောင် တာရိုး"

"မင်း ဘာပြောတာလဲ၊ ငါတို့ခြံတံခါးကို ဘယ်သူဝင်တိုက်တာလဲ၊ ဆိုင်ကယ်နဲ့ ဟုတ်လား"

ဂုဏ် သိချင်တာတွေကို တရစပ် မေးသည်။ အရှုးတာရိုး မဖြေ။ ဂုဏ်နှင့်မာန်၏စိတ်လှုပ်ရှားနေသော မျက်နှာတွေကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် တစ်လှည့်စီကြည့်ကာ ကွမ်းကျိုးတက်နေသော သွားကြဲကြီးကို ပေါ်အောင်ဖြဲခနဲ ရယ်လိုက်ပြီး

"ပြောဘူး သတ်ရင် သတ်ပစ်လိုက်"

"ဂုဏ် သူ့ကိုချော့ပြောမှရမှာကွ"

"အေးပါ ငါ သဘောပေါက်တယ်"

ခပ်တိုးတိုးပြောနေကြသော ဂုဏ်နှင့်မာန်ကို အရှုးတာရိုးကြည့်ပြီး





"နင်တို့ ငါ့အကြောင်းပြောနေတာလား၊ မနေ့က ငါနဲ့မိုးဟောကို တည်းခိုခန်းမှာသွားအိပ်တဲ့ကိစ္စကို နင်တို့မနာလိုဖြစ်နေတာမှတ်လား ဟား ဟား ဆုတောင်း ဆုတောင်း နင်တို့ရုပ်နဲ့ လမ်းထိပ်အကြော်ဆိုင်က ချာပနားကိုတောင် မရဘူး"

"သိပါတယ်ကွာ ငါတို့ထက် မင်းကပိုချောတယ်ဆိုတာ မင်းရုပ်နဲ့ဆိုရင် ဆိုင်ကယ်လေးစီးပြီး ကောင်မလေးတွေကြွေအောင် လုပ်နိုင်တယ်ဆိုတာ"

"အဟီး ဟုတ်တယ် ဟုတ်တယ်"

"မင်းဆိုင်ကယ်လိုချင်လား ငါတို့ဝယ်ပေးမယ်"

"ဝယ် ဝယ်လား"

"ဝယ်ပေါ့ အဲ တကယ်ပေါ့ မင်းသာ ဘယ်လိုဆိုင်ကယ်မျိုးကို လိုချင်လဲ"

"ငါ ပွဲစားနောင်လတ်လို ဆိုင်ကယ်မျိုး လိုချင်တာ၊ ဟိုနေ့က [illegible] ခြံကိုဝင်တိုက်ပြီး အထဲကိုမောင်းဝင်သွားတဲ့စတိုင်က စောက်ရမ်းမိုက်တယ်ကွာ ဟီး ဟီး"

တာရိုးစကားထဲတွင် သူတို့လိုချင်သော အဖြေက ပါသွားပြီမို့

"ဒီတံခါးကို နောင်လတ်ဆိုင်ကယ်နဲ့ ဝင်တိုက်သွားတာဆိုတော့ နောင်လတ်ဆိုင်ကယ်မျိုးကို လိုချင်လား"

"အေး လိုချင်တယ်"

"ဒါဆိုရင် မင်းပြန်လိုက် ငါတို့ဒီနေ့ပဲ နောင်လတ်ကိုသတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆိုင်ကယ်ကို မင်းဆီယူလာပေးမယ်''

ဂုဏ်စကားကြောင့် အရှုံးတာရိုး ခွေ့ခွေ့ခုန်ကာ ပျော်၍သွားသည်။

''ဝေး ပျော်လိုက်တာ သတ်ရင် ခုချက်ချင်းသွားသတ် ငါ ငါ အဲ့ဆိုင်ကယ်လိုချင်တယ် ဘူး ဘူး ဘွန်း ဘွန်း ဘရွန်း ဘရုန်း''

ပေါင်နှစ်ချောင်းကို ကွကာ ဆိုင်ကယ်စီးဟန်ပြနေသော တာရိုး ပါးစပ်မှဆိုင်ကယ်သံလုပ်အော်ပြီး အနားမှခုန်ခွခုန်ခွအော်၍ ထွက်သွားသည်။

ဂုဏ်နှင့်မာန် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

''နောင်လတ် မင်းသေရမယ် ငါ့လက်ချက်နဲ့ မင်းလုံးဝ သေစေရမယ်ကွ''

မာန့်ထံမှ နာနာကျည်းကျည်း ကြိမ်းဝါးသံထွက်ပေါ်လာသည်။

''မင်းလက်နဲ့ သတ်စရာမလိုဘူး မာန်၊ ဒီကောင့်ကို ငါကိုယ်တိုင်သတ်မယ်''

ညီအစ်ကိုနှစ်ယောက် အိမ်ထဲပြေးဝင်ကာ နံရံမှာချိတ်ဆွဲထားသော ငှက်ကြီးတောင်ဓားနှစ်လက်ကို ပြေးယူကြသည်။

ဒေါသတွေက အသိစိတ်တွေကို ဖြိုခွင်းနေ၏။

ခြေလှမ်းတွေ အိမ်အပြင်သို့အလှမ်း အိမ်ပေါက်ဝတွင် တုန်ချိစွာ ရပ်နေသော ဒေါ်မြကမ္ဗလာကို တွေ့လိုက်ကြသည်။

''မေမေ မေမေ့ကိုစော်ကားသွားတဲ့ကောင်က လူယုတ်မာ





နောင်လတ်တဲ့ မေမေရဲ့ သားတို့ ဒီကောင်ကြီးကို ခုပဲသွားသတ်မယ်''

ဒေါ်မြကမ္ဗလာ စိုးရိမ်ထိတ်လန့်သောမျက်နှာဖြင့် ခေါင်းတခါခါဖြင့် တားသည်။

''မတားနဲ့ မေမေ၊ သားတို့ဒီအတိုင်းတော့ ခေါင်းငုံ့မခံနိုင်ဘူး''

''အအ အာ ဝူး ဝူး''

အသံပလုံးပထွေးဖြင့် တားကာ ဂုဏ်နှင့်မာန့်ကိုပြေးဖက်သည်။ သွေးပျက်နေသော မိခင်ဖြစ်သူကို ကြည့်ပြီး ဂုဏ်နှင့်မာန် လက်ထဲမှ ဓားတွေကို လွှတ်ချလိုက်ကြသည်။

''ဒီနေ့တစ်ရက်တော့ ခင်ဗျားအသက်ဆက်ရှင်ထားလိုက်ပေါ့ လူယုတ်မာကြီးရာ၊ မနက်ဖြန်ဆိုရင်တော့ ခင်ဗျားကို တမလွန်ကို လာပို့ပေးမယ်''

ညီအစ်ကိုနှစ်ယောက် စိတ်ထဲမှ ပြိုင်တူ ကြိမ်းဝါးလိုက်ကြသည်။

■ ■ ■

''မာန် မာန်''

မနက်မိုးလင်းကတည်းက မာန့်ကိုမတွေ့၍ ဂုဏ် ခြံထဲမှာ လှည့်ပတ်ရှာနေသည်။ ပွဲရုံကိုများသွားတာလား၊ ဒါမှမဟုတ် ခြံထဲသွားတာလား။

ဖုန်းဆက်ကြည့်တော့လည်း ဖုန်းက အိမ်မှာကျန်ခဲ့သည်။ မေမေများသိမလားဟု တွေးကာ အိမ်ထဲဝင်ခဲ့လိုက်သည်။

''ဂုဏ်ရေ ဂုဏ်''



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝအရောက် ခြံဝမှ အမောတကော ပြေးလာသော စိုးမြင့်ကို တွေ့လိုက်ရ၍ ရပ်စောင့်နေလိုက်သည်။

"ဘာဖြစ်လာတာလဲ မနက်စောစောစီးစီး"

"မာန် မာန့်ကို ဦးနောင်လတ်တပည့်တွေ ရိုက်နှက်ထိုးကြိတ်ပြီး ဖမ်းသွားကြတယ်"

ကြားလိုက်ရသည့်စကားက မိုးကြိုးသွားလို ဒေါသတို့ လက်ခနဲ ထသွားသည်။

"ဘာ ငါ့ညီကို ဒီကောင်တွေ ခေါ်သွားတယ် ဟုတ်လား ဘယ်ကိုလဲ"

"သူ့ဂိုဒေါင်ပျက်ကြီးရှိတဲ့ဘက်ကို ထွက်သွားတာပဲ၊ ငါတို့ ချက်ချင်းလိုက်မှဖြစ်မယ်၊ ဒေါ်လေးကိုတော့ ပေးမသိနဲ့ဦး"

"အေးပါ ငါသိတယ်၊ တောက် ဒီခွေးသူတောင်းစားတွေ တွေ့ကြသေးတာပေါ့ကွာ"

ဂုဏ်အိမ်ထဲပြေးဝင်ကာ နံရံမှ ငှက်ကြီးတောင်ဓားနှစ်လက်စလုံး ကို ဆွဲဖြုတ်လိုက်သည်။

ဂုဏ်ပုံစံက သွေးဆာနေသော ကျားတစ်ကောင်နှယ်။

"စိုးမြင့် မင်းက ရဲစခန်းကို အမြန်ဆုံးအကြောင်းကြားပြီး လိုက်လာခဲ့၊ ဒီကောင်တွေကို ငါတစ်ယောက်ထဲ သွားရှင်းမယ်"

"မင်းတစ်ယောက်ထဲ ဖြစ်ပါ့မလား ဂုဏ်"

"သူသေကိုယ်သေပေါ့ကွာ၊ ဒီကောင်တွေကိုသတ်ပြီးမှ ငါသေရ





မယ်ဆိုရင်တောင် ကျေကျေနပ်နပ်ကြီး သေပစ်လိုက်မယ်"

"မင်း မင်းကွာ နိမိတ်မရှိ မပြောစမ်းပါနဲ့"

"ယောက်ျားပဲကွာ ဘာလို့ သွေးကြောင်ရမှာလဲ၊ နောင်လတ်ကို သတ်ပြီး ငါသေခဲ့မယ်ဆိုရင်တောင် ငါ့ညီမာန့်ကိုတော့ ပေးမသေနိုင်ဘူး"

သူသေကိုယ်သေ တိုက်ရမည့်ပွဲမို့ ဂုဏ် သူ့အသက်ကိုပင် သူကိုယ်တိုင် အာမမခံနိုင်။

လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ။ ဘာကိုကြောက်စရာလို လဲ။

အမေ့အတွက် ရင်ကြေးဆပ်ပြီး အဖေ့နောက်လိုက်သွားရတော့ ရော ဒါဟာ နောင်တရစရာကိစ္စမဟုတ်။

■ ■ ■

ဂိုဒေါင်ပျက်ကြီးနားကို တိတ်တဆိတ် ချဉ်းကပ်လိုက်သည်နှင့် ဂိုဒေါင်ထဲမှ ကြာပွတ်သံ တရွှမ်းရွှမ်း ကြားနေရသည်။

ဂုဏ့်ရင်ထဲ မာန့်ကိုနှိပ်စက်နေသည်ဆိုသည့်အသိကြောင့် ရင်ထဲ မှာ ဆို့နင့်သွားသည်။ ဂိုဒေါင်ကို ကာထားသော သွပ်ပေါက်ထဲမှ ချောင်း ကြည့်လိုက်သည်။

"ဟင်"

မာန့်ကိုထုပ်တန်းမှာ ကြိုးနှင့်ချည်ကာ တွဲလောင်းချထားသည်။ နောင်လတ်က ကြာပွတ်နှင့်တရွှမ်းရွှမ်း ရိုက်နေသည်။

တပည့်တွေက ဘေးကနေ ထိုင်ကြည့်ကာ ဟားဟား ရယ်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ မြင်ရသောမြင်ကွင်းကြောင့် အောက်နှုတ်ခမ်းကို သွေးသွန်သည်အထိ ဖိကိုက်လိုက်သည်။

နှုတ်ခမ်းမှ သွေးတို့စိမ့်ထွက်လာသည်။ ဂိုဒေါင်နောက်ဖက်မှ ပတ်၍ ပေါက်ပြဲနေသော ထရံပေါက်တွေကြားထဲမှ ကိုယ်ကိုလျှိုဝင်လိုက်ပြီး ဆန်အိတ်တွေနားမှာ အကာအကွယ်ယူပြီး ရပ်နေလိုက်သည်။

"ခွေးမသား နောင်လတ်"

ခပ်တိုးတိုး ကြိမ်းဝါးကာ ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ကြာပွတ်ဖြင့် တရှမ်းရှမ်းရိုက်နေသော နောင်လတ်နောက်မှ ပြေးဝင်ကာ ကြာပွတ်ကိုင်ထားသောလက်ကို အားကုန်ဇွေ့ရမ်းပြီး ပိုင်းချလိုက်သည်။

"အား"

ဓားကာထက်လွန်း၍ ကြာပွတ်ကိုင်ထားသော နောင်လတ်၏ လက်မောင်းရင်းမှာ တိခနဲ ပြတ်ကျသွားကာ မြေပြင်ပေါ်တွင် တဆတ်ဆတ် တုန်နေသည်။

ရုတ်တရက် လက်ပြတ်ခံလိုက်ရသော နောင်လတ်မှာ မြေပြင်ပေါ် ဒူးညွတ်လဲကျသွားသည်။ အရိုက်မိသွား၍ ကြောင်ကြည့်နေကြသော တပည့်များမှာ တုတ်တွေ ဓားတွေဆွဲကာ ဂုဏ်ထံသို့ ပြေးဝင်လာကြသည်။

ဂုဏ် ရှေ့ကို တိုးလာသမျှလူတွေကို ရမ်းသမ်းပြီး ခုတ်သည်။





လက်မောင်းရှပ်ထိသူကထိ မျက်နှာခုတ်မိသူက ခုတ်မိ၊ ဗိုက်ကို ထိုးမိသူ တထိုးမိနှင့် အားလုံး ဝရုန်းသုန်းကား။

"ဟော့ကောင်တွေ ငါ့လက်ကိုဖြတ်တဲ့ ဒီခွေးသူတောင်းစား မအေပေးကို လည်ပင်းလှီးလိုက်စမ်း"

ဦးနောင်လတ် မြေပြင်ပေါ်လဲကျနေတာတောင် တပည့်တွေကို ရန်တိုက်ပေးသေးသည်။

အားလုံး အတုန်းအရုန်းဖြစ်နေကြသည်ကို အခွင့်ကောင်းယူပြီး မာန့်ကိုချည်ထားသောကြိုးကို ခြေဖျားထောက်ကာ ဗိုးခနဲ ခုတ်ချလိုက်သည်။

ကြိုးပြေသွားသည်နှင့် မာန် သူ့လက်မှ ကြိုးထုံးကို ကမူးရှူးထိုး ဖြည်လိုက်သည်။

ထိုအချိန်တွင် ဦးနောင်လတ်၏တပည့်မှာ ဓားကိုင်ပြီး ဒေါ်ရာ ထန်းနှင့်ပြေးဝင်လာကာ ဂုဏ်၏ခါးကို ဓားဖြင့် ထိုးစိုက်လိုက်သည်။

"ကဲ သေစမ်းကွာ"

"အ"

"ဂုဏ် ဂုဏ်"

အစ်ကိုဖြစ်သူ ဓားဖြင့်ထိုးခံလိုက်ရသည်မို့ မာန် အစ်ကို့ကို ပြေးဖက်သည်။

"အ အား မာန် ဒီကောင်ကြီးကို မင်းမသတ်နဲ့၊ ငါ ငါသတ်ပြီး ထောင်ထဲဝင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခါးနှင့်ပါးစပ်မှ သွေးတွေထွက်ကျလာသည့်တိုင်အောင် ဂုဏ့်ဒေါသတွေက ဆူဝေနေဆဲ။

ဦးနောင်လတ် သူ့ဘေးမှာရှိနေသော ဓားတစ်လက်ကို ကျန်နေသေးသော လက်ဖြင့်လှမ်းယူကာ မာန့်အနားသို့ တရွတ်ဆွဲပြီး တိုးလာသည်။

ဦးနောင်လတ်ကို မမြင်။ ဂုဏ်ကို ဓားဖြင့်ထိုးလိုက်သော တပည့်ကိုသာ ဒေါသတကြီးဖြင့် အနီးရှိ သံုးတစ်ချောင်းကိုဆွဲယူကာ ခေါင်းကို အားကုန်လွှဲရိုက်လိုက်သည်။

"ငါ့ရဲ့အစ်ကိုကို လုပ်တဲ့အတွက်ကွ ကဲကွာ"

"ဖြောင်း ဖြောင်း"

"အား"

သံုးတစ်ချောင်းဖြင့် ဘယ်ပြန်ညာပြန် နှစ်ချက်ဆင့်ရိုက်လိုက်သဖြင့် ထိုလူခေါင်းမှ သွေးတွေသည် ရေပန်းကဲ့သို့ ဖွာထွက်လာကာ မာန့်ကိုပင်လာ၍စင်ပြီး ထိုလူမြေကြီးပေါ် မှောက်ခုံလဲကာ တုတ်တုတ်ပင် မလှုပ်တော့။

လက်ထဲမှ တုတ်ကိုချပြီး ဂုဏ့်ကိုပြေးပွေ့ပြန်သည်။ အစ်ကိုဖြစ်သူ အသက်မျော့မျော့ပဲ ကျန်တော့သော မြင်ကွင်းကြောင့် မာန်ချုံးပွဲချငိုသည်။

"ဂုဏ် အားတင်းထား မင်းမသေရဘူး။ စိုးမြင့် ရဲတွေသွားခေါ်နေတယ်၊ ဆေးရုံကားပါလာလိမ့်မယ်၊ မင်းကိုအချိန်မီ ဆေးရုံပို့မယ်"





"အ ငါ ငါမသေပါဘူး။ ငါ့ကိုယ်ငါသိတယ်၊ ဒီလူကြီးလည်ပင်းကို ငါဖြတ်ပစ်ဦးမှာ၊ ပြီးရင် ငါ့အမေကိုစော်ကားတဲ့ သူ့ဟာကိုလည်းဖြတ်ပစ်မယ်ကွ"

"အစ်ကို မင်းမလုပ်နဲ့ ငါလုပ်မယ်"

"ရွှစ်"

"အ"

မာန့်စကားမဆုံးလိုက်။ ဦးနောင်လတ် မာန့်ကျောပြင်ကို ဓားဖြင့်လှမ်းရမ်းလိုက်သည်။

မာန် ဂုဏ့်ကိုယ်ပေါ်သို့ ငိုက်ကျသွားသည်။

သွေးတွေပေလူးနေသော ဦးနောင်လတ် ညီအစ်ကိုနှစ်ယောက်၏မရှိုမဆန့်မြင်ကွင်းကို ဝမ်းသာအားရကြည့်ကာ တဟားဟား ရယ်သည်။

"မှတ်ပြီလား မင်းတို့အဖေကိုလည်း ငါသတ်ခဲ့ပြီးပြီ ခု မင်းတို့အလှည့်ပဲကွ"

တစ်ဖန် နောက်တစ်ကြိမ် ထိုးစိုက်ဖို့ အရွယ်

"ဟိတ် ရပ်လိုက်စမ်း"

ဦးနောင်လတ် နောက်ကို လှည့်ကြည့်လိုက်သည်။ စိုးမြင့်နှင့်အတူ ရဲတွေဝင်လာသည်။

"ဂုဏ် မာန်"

စိုးမြင့် ဂုဏ်နှင့်မာန့်ဆီသို့ သွေးရူးသွေးတန်း ပြေးလာသည်။ မြင်ရသည့်မြင်ကွင်းက ရင်ထဲမှာ ဘယ်လိုမှ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"အ စိုး စိုးမြင့် ငါ ငါတို့အဖေကို သူသတ်တာကွ၊ ငါ့အမေကိုလည်း ဘဝပျက်အောင်လုပ်တယ်၊ ဒီ ဒီလူကြီးကို ငါတို့ဘယ်တော့မှ မကျေဘူး၊ နောင်ဘဝထိ ဆက်ပြီးသတ်မယ်"

ကျောမှဓားအဏ်ရာနှင့် မာန်ထပ်ပြီး ကြိမ်းဝါးဆဲ။

လက်တစ်ဖက်ပြတ်သွားသော ဦးနောင်လတ်ကို ရဲတွေ ဖမ်းခေါ်သွားကြသည်။

"ဂုဏ်မာန် မင်းတို့စိတ်တင်းထားပါကွာ၊ ငါ ငါ ဆေးရုံကားခေါ်ထားတယ်၊ လာလိမ့်မယ်၊ မင်းတို့မသေနိုင်ဘူး ပြန်ကောင်းလာမှာ"

"မေမေ့ကို ငါတို့အစား စောင့်ရှောက်ပေးပါ အ အ"

ဂုဏ် ပါးစပ်မှ သွေးတို့ တပွက်ပွက် ထွက်နေတာတောင် မိခင်အတွက် ပူပန်နေသေးသည်။

စိုးမြင့် တဟီးဟီး ငိုချကာ ဂုဏ်နှင့်မာန်ရဲ့လက်တွေကို ဆုပ်ကိုင်လိုက်ပြီး

"မင်းတို့မသေပါဘူးကွာ၊ ငါ ငါ ဒေါ်လေးကိုလည်း ခေါ်ထားတယ်၊ ဒေါ်လေးကို ကိုသက် သွားခေါ်နေတယ်ကွ၊ အားတင်းထား"

ပြောရင်းဖြင့် စိုးမြင့် ဆက်မပြောနိုင်တော့။

ဂုဏ်နှင့်မာန် အမေလာမည်ဆို၍ စိတ်ကိုတင်းကာ စိတ်ထဲမှ မိခင်ဖြစ်သူကို ဦးခိုက်ကန်တော့လိုက်သည်။

နောင်ဘဝဆက်တိုင်း ဆက်တိုင်း ဖေဖေနဲ့မေမေ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံပါစေနဲ့ဟု ဆုတောင်းလိုက်သည်။





ထိုစဉ် ဒေါ်မြကမ္ဘလာ ဂိုဒေါင်ထဲ ပြေးဝင်လာသည်။

"အ အား အ"

ပါးစပ်မှလည်း သားတွေကို မပီမသ ခေါ်နေသေးသည်။ ကိုသက်ဆိုသည့် ဂုဏ်နှင့်မာန်၏အစ်ကိုဝမ်းကွဲတော်သူက ဒေါ်မြကမ္ဘလာကို တွဲခေါ်လာခြင်းဖြစ်သည်။

စိုးမြင့် မျက်ရည်တို့ကိုသုတ်ကာ '

"ဒေါ်လေးလာပြီ ဒေါ်လေးရောက်လာပြီကွ"

စိုးမြင့်စကားကြောင့် ညီအစ်ကိုနှစ်ယောက် နာကျင်သောဝေဒနာတွေကြားထဲမှ ငဲ့စောင်းကြည့်ကြသည်။

"မေ မေမေ"

အသံတွေက တိုးသက်နေပြီး ဒေါ်မြကမ္ဘလာပင် တိုးမျှင်းသောအသံတွေကို မကြားနိုင်။

ဂုဏ်နှင့်မာန် အားတင်းပြီး ထပ်ခေါ်သည်။

"မေ မေမေ မေမေ"

သားနှစ်ယောက်၏ခေါ်သံက ဒေါ်မြကမ္ဘလာ၏နားထဲမှာ ကျယ်လောင်စွာတိုးဝင်လာသလို ခံစားလိုက်ရသည်။

နာကျင်ခံစက်နေသောအသံလှိုင်းက ခြေလှမ်းတို့ကို အားအင်မဲ့သွားစေသည်။ နေရာမှာတင် တွေတွေကြီးရပ်လျက် ရင်အစုံလှိုင်းထန်လာသည်။ မျက်ဝန်းမှ မျက်ရည်နှင့်သွေးရောင်ဖျော့ဖျော့ ရောစင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သားဟု ခေါ်ဖို့အတွက် လည်ချောင်းဝမှာ တစ်ဆို့နေသည်။

"အ အ"

"မေမေ"

"အ သ သ သား သား"

မိခင်ဖြစ်သူထံမှ သားဆိုသောခေါ်သံကြောင့် ဂုဏ်နှင့်မာန် ဝေဒနာတွေကြားမှ ဝမ်းသာသွားသည်။

"သား သ သားတို့ မေ မေမေ့ရဲ့သားတွေ"

ပီပီသသ ခေါ်နိုင်ပြီမို့ သားတွေ၏ခေါ်သံလာရာဆီသို့ ခြေလှမ်း ကျဲကျဲဖြင့် လှမ်းသွားလိုက်သည်။ မမြင်မစမ်းနှင့်မို့ ရှေ့ကိုဟပ်ထိုးလဲကျ သွားသည်။

"သား"

"မေ မေ မေ"

သားတွေရှိရာသို့မှန်းပြီး လက်လှမ်းရှယ်သည်။ ပြင်ပတွင် မိုးတို့ အုံ့ဆိုင်းကာ လျှပ်စီးတို့ တဝင်းဝင်းလက်၍လာသည်။

"သားတို့ မေမေ့သားတွေ မေမေ့ကိုမထားခဲ့ကြပါနဲ့ မေမေ တောင်းပန်ပါတယ် သားတို့ရယ်"

ဂုဏ်နှင့်မာန် လက်လှမ်းရှယ်နေသော မိခင်၏လက်ကို မမှီတမီ အားယူကာ ဆုပ်ကိုင်လိုက်သည်။

"ဝုန်း"

ရုတ်တရက် မိုးတို့ရိုန်းလာကာ ဂိုဒေါင်အမိုးပေါ်မှ မိုးစက်ကျသံ





ခပ်ကြမ်းကြမ်း ထွက်ပေါ်လာသည်။ တဖြည်းဖြည်းနှင့် မိုးတွေပို၍ ပို၍ သည်းလာသည်။

ပေါက်ပြဲနေသော ခေါင်မိုးကြားမှ မိုးရေစက်တွေ သားအမိ သုံးယောက်ပေါ် ဒလဟော။

"မေမေ နေကောင်းအောင်နေနော်. သား သားတို့ မေမေ့ဆီ ပြန်လာခဲ့မယ်၊ မေမေ့ကိုထပ်ပြီး ကာကွယ်ရယ်"

"သား သားတို့ကို စောင့် စောင့်နေပါ"

"မဟုတ်တာ သားတို့ရယ်၊ အခု ဆေးရုံကားလာတော့မှာ စိတ်တင်းထားပါ မေမေ့ကိုချစ်ရင် စိတ်ကိုတင်းထားကြပါ သားတို့ရယ်"

မိုးက မရပ်မနား တဝုန်းဝုန်းချလျက် ရဲအချို့နှင့်အတူ စိုးမြင့် တို့သက်တို့ ရင်ထဲမှာမချိ။

သားအမိသုံးယောက် လက်ကို တင်းတင်းဆုပ်ကိုင်ထားကြရာမှ ဂုဏ်၏လက်က အရင်ဆုံး ပြေလျော့သွားသည်။ ပြီးတော့ မာန်။

ညီအစ်ကိုနှစ်ယောက်စလုံး ဘယ်လိုမှ တင်းမထားနိုင်တော့။ ခေါ်မြကမ္ဘလာ ကြက်သေ သေသွားသည်။

"သား သားတို့ရေ သားတို့ မေမေ့သားတွေ စ စကားပြော ကြဦးလေ၊ ဆေးရုံကားလာနေပြီ သားတို့ရဲ့"

ခေါ်မြကမ္ဘလာ မိုးနှင့်အပြိုင် မျက်ရည်တို့စီးကျလာကာ အရူး တစ်ယောက်လို တတွတ်တွတ်ပြောနေ၏။

"သား သားတို့ရေ မေမေ ကြောက်တယ်၊ မေမေ့လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားကြပါဦး သားတို့ရယ်၊ မေမေ့ကိုစောင့်ရှောက်ဖို့ သားတို့ မေမေ့ကိုခွဲမသွားပါနဲ့''

''ဒေါ်လေး စိတ်ကိုထိန်းပါ ဒေါ်လေးရယ်''

စိုးမြင့် ငိုပြီး ဖေးမသည်။

''စိုးမြင့် ငါ့ ငါ့သားတွေ အသက်ရှူနေကြသေးတယ်မဟုတ်လားဟင်၊ ပြော ပြောပါဦး''

စိုးမြင့် ပခုံးကို အတင်းဆွဲခါလှုပ်ရမ်းပြီး မေးသည်။ စိုးမြင့် မျက်ရည်တို့ကိုသုတ်လျက်

''သူ သူတို့ဆုံးသွားကြပြီ ဒေါ်လေး''

''ဘာ မဟုတ်ဘူး မဖြစ်နိုင်ဘူး၊ ငါ့သားတွေ ငါ့ဆီပြန်လာမှာတဲ့၊ ငါ့ကိုစောင့်နေလို့ မှာသွားတယ်''

''စိုးမြင့် ဒေါ်လေးကို အိမ်ပြန်ခေါ်သွားလိုက်တော့''

ကိုသက် မကြည့်ရက်တော့ ဆက်နေနေလျှင် သားတွေ၏အလောင်းကို သယ်သွားရမည်မို့ ရှောင်ထပ်ရသွားနိုင်သည်။

''ဟုတ်တယ် ဒေါ်လေး ကျွန်တော်တို့ အိမ်ကပဲ ပြန်စောင့်ကြရအောင်နော်၊ ဂုဏ်မာန်က ဒေါ်လေးကိုစောင့်နေလို့ ပြောသွားတာပဲ၊ သူတို့ညနေဆိုရင် ဒေါ်လေးဆီ ပြန်လာကြလိမ့်မယ်''

သူ့စကားနှင့်သူ ပြန်၍နှစ်သိမ့်ကာ စိုးမြင့် ဒေါ်မြကမ္ဘာကို ဖေးမတွဲခေါ်လိုက်သည်။

ဒီမိသားစုတွေ ဒီလိုအဖြစ်ဆိုးမျိုး ဘဝဆက်တိုင်း မကြုံရပါစေ





နှင့်တော့ဟုပဲ မိုးရေစက်တွေကို သက်သေပြုပြီး ဆုတောင်းလိုက်ပါသည်။

''ဂုဏ်နဲ့မာန်ရေ မင်းတို့ကတိအတိုင်း ဒေါ်လေးဆီကို/တကယ် ပြန်လာလိုက်ကြပါကွာ''

စိုးမြင့် ရင်ထဲမှ ခပ်တိုးတိုး ပြောလိုက်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### အနှစ် နှစ်ဆယ်ခန့်ကြာသော် . . .

"မေမေ မေမေ သားတို့ မေမေ့ဆီပြန်လာမယ်၊ နောင်လတ် လူယုတ်မာ မင်းကိုသတ်မယ် ငါ့အဖေကိုသတ်တဲ့ကောင်"

"သား ဟေ့ကောင် ကေသွေး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"မေမေ မေမေ လူယုတ်မာတွေ မေမေ့ကိုစော်ကားတဲ့ကောင်တွေ၊ ငါတို့ကိုသတ်တယ်"

အိပ်ရာထက်မှာ ချွေးတွေရွှဲနစ်လျက် ပလုံးပထွေး အော်ဟစ်သံတွေက အိပ်ခန်းထဲမှာ ကျယ်လောင်နေသည်။

"သား ထစမ်း"

ရှန်းရင်းဆန်ခတ် ဖြစ်နေသော ကေသွေးကို ဖခင်ဖြစ်သူက အတင်းဆွဲထူလိုက်သည်။ ကေသွေး အိပ်ချင်မူးတူးဖြင့် မျက်လုံးတို့ပွင့်လာသည်။





"မင်း အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား သား"

ကြောက်လန့်စရာ အခါခါမက်နေသော အိပ်မက်ဆိုးမှ လန့်နိုးလာခဲ့သည်။

လူတစ်ကိုယ်လုံး မောဟိုက်နေသည်။

"ဖေဖေ မေမေရော မေမေ"

"မင်းအမေကို မေးနေတာလား"

"မဟုတ်ဘူး အိပ်မက်ထဲက အမေလေ"

အိပ်မက်က လန့်နိုးလာတာတောင် စိတ်တွေမှ အိပ်မက်ထဲက အဖြစ်အပျက်တွေထဲက ရုန်းမထွက်နိုင်သေး။

"ကျွတ် သားရယ် မင်းမှာ အမေတစ်ယောက်ထဲရှိတယ်လေ၊ မင်းအမေက မင်းငယ်ငယ်ကတည်းက သေသွားပြီပဲ"

စိတ်ပျက်လက်ပျက်ပြောနေသော အဖေ့စကားကြောင့် ကေသွေး ခုတင်ခေါင်းရင်းတွင် ချိတ်ထားသော အမေ့ဓာတ်ပုံကို လှမ်းကြည့်လိုက်သည်။ နံရံမှာချိတ်ထားသည့် ဓာတ်ပုံထဲမှအမေသည် ယခုအိပ်မက်မက်နေသော အမေမဟုတ်။

ဘာကြောင့် အမေက နှစ်ယောက်ဖြစ်နေရသနည်း။ အတွေးတို့ ရှုပ်ထွေးလာသည်မို့ ခေါင်းမှဆံပင်ကို ထိုးဖွလိုက်သည်။ နာရီကိုကြည့်လိုက်တော့ မနက်လေးနာရီပင် ထိုးတော့မည်။

အဖေ သူ့ကိုကြည့်ပြီး ဘာမှမပြောဘဲ အခန်းထဲမှ ထွက်ဖို့ ဟန်ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသွေး စိတ်ရှုပ်လွန်း၍ သက်ပြင်းမောကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

ဒီအိပ်မက်ကို မက်လာတာ ဟိုးငယ်ငယ်ကတည်းက ဖြစ်သည်။ ဒါတင်မကသေး ထိုအိပ်မက်ထဲတွင် ညီတစ်ယောက်လည်းရှိသည်။ ပြီးတော့နောင်လတ်ဆိုသောလူမျက်နှာမှာ သွေးသံရဲရဲဖြင့် မင်းအဖေကို ငါသတ်တာဟုလည်း ပြောသည်။ နောက် မျက်ရည်လည်ရွှဲဖြင့် အော်ဟစ်တားမြစ်နေသော အမေ။

ဒါတွေဟာ ငယ်စဉ်ကတည်းက ထပ်တူထပ်ကျ တစ်သွေမတိမ်း မက်ခဲ့သည့်အိပ်မက်တွေ။ အနိဋ္ဌာရုံမြင်ကွင်းတွေ။

ပြန့်မြင်ယောင်လာရင်း ရင်ဘတ်မှာ နိမ့်ချည်မြင့်ချည် လှုပ်ခတ်လာသည်။ ဝမ်းနည်းစိတ်တို့ သူ့အလိုလို တိုးဝင်လာကာ မျက်ရည်တို့ ဆို့တက်လာပြန်သည်။

ဒီအတိုင်း ဆက်ထိုင်နေလျှင် ထိုမြင်ကွင်းက ဖျောက်ဖျက်၍ မရနိုင်သဖြင့် အိပ်ရာထက်မှ ကျုံးထလိုက်သည်။

"ကဲ အမေ ကျွန်တော် အဖေစားဖို့ မနက်စာပြင်လိုက်ဦးမယ်"

မြူအိပ်ထားသော စောင်တွေကို ခေါက်နေသော အမေကိုပြောပြီး မျက်နှာသစ်၍ အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

"အရင်ဆုံး ဘုရားဝတ်ပြုလိုက်ဦး"

"ဟုတ်ကဲ့ အမေ"

ကေသွေးယုမှာ အဖေတစ်ခု သားတစ်ခုဖြစ်ပြီး အမေမှာ ငယ်





စဉ်ကပင် သေဆုံးသွားခဲ့သည်။ သားအဖနှစ်ယောက် မပူမပင်နေရပေမယ့် အိမ်ရှင်မ မရှိ၍ ဖြစ်သလို ကြုံသလို နေထိုင်စားသောက်ရသည်။

ဖခင်ဖြစ်သူက ကားတစ်စီးဝယ်ပေးထား၍ တက္ကစီလေးဆွဲပြီး သားအဖနှစ်ယောက်ဓါစားစရိတ်ကို တစ်ဖက်တစ်လမ်းက ဖြည့်တင်းပေးရသည်။

မနက်တိုင်း အစောကြီးထတတ်သော အဖေ့အကျင့်ကြောင့် ကေသွေးယုပါ နေမြင့်မွန်းလွဲ အိပ်၍မရ။

မနက်ခင်းစောစော စားဖို့သောက်ဖို့ စီစဉ်ပေးပြီး ရေမိုးချိုး ဘုရားဝတ်ပြုပြီးတာနှင့် ဂိုဒေါင်ထဲမှ အဆင်သင့်ထုတ်ပေးကာ ကားသန့်ရှင်းရေး ဆီဖြည့်ရေဖြည့် အင်ဂျင်ဝိုင်တိုင်း စက်တွေကို သေချာစစ်ဆေးပေးထားသော အဖေ့ဓါတာဝန်ကျေပွန်မှုကြောင့် ကားကိုအဆင်သင့်လေး မောင်းထွက်ခဲ့ရုံပင်။

"သားရေ ဂိုဒေါင်ထဲမှာ အဖေ ဆီပုံးမေ့ခဲ့တယ်၊ နောက်ဖုံးဖွင့်ပြီး တင်လိုက်ဦး။ လမ်းရောက်မှ ဆီပြတ်လို့ ဝယ်ထည့်နေရမယ်"

"ဟုတ်ကဲ့ အဖေ"

ကေသွေးယု ဂိုဒေါင်ထဲ ဝင်ခဲ့လိုက်သည်။ အလင်းရောင်ပင်ကောင်းကောင်းမဝင်သေးသော ဂိုဒေါင်ထဲတွင် ဝါကျင်ကျင် မီးသီးလေး ထွန်းထား၍ ခပ်မှိန်မှိန်လေး လင်းနေသည်။

"ဟင်"

ဂိုဒေါင်ထဲတွင် ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတို့ တုန့်ဆိုင်းသွားသည်။

ဂိုဒေါင်၏ထုပ်တန်းမှာ လူတစ်ယောက် လက်ကိုကြိုးတုပ်၍ တန်းလန်းကြီး ခေါင်းငိုက်စိုက်ကျကာ မေ့မျောနေသည်။

"ဟင် မာန် မာန် ညီလေး ညီလေး"

မရည်ရွယ်ဘဲ ထွက်သွားသော နှုတ်ထွက်စကားကြောင့် ကိုယ့်ကိုယ်ကိုယ်ပင် ပြန်၍ အံ့ဩမိသည်။

စိတ်က မနိုးခေါ်ဘဲ ခြေလှမ်းတို့က ထိုနေရာကို ရောက်သွားသည်။ ရင်ထဲသို့ ရုတ်ချည်းဆိုသလို သောကအစုအဝေးတို့က တိုးဝင်လာသည်။

"ညီလေး မသေရဘူး။ မင်းမသေရဘူး။ နောင်လတ် နောင်လတ်ကို ငါသတ်မယ် သတ်မယ်ကွ"

နောင်လတ်ဆိုသောလူ၏မျက်နှာက မုန်းစရာကောင်းလောက်အောင် ထပ်ပြီး မြင်နေရသဖြင့် အသံကုန်ပြန်၍ ဟစ်ပြန်သည်။

အသံနက်ကြီး အော်လိုက်သော ကိုယ့်အသံက ကိုယ့်နားထဲပြန်တိုးဝင်လာကာ စိတ်တွေကို သတိဖြင့် ပြန်ထိန်းချုပ်လိုက်ပြီး မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်သည်။

အဖေ ဂိုဒေါင်ထဲ ပြေးဝင်လာသော ခြေသံကို ကြားလိုက်ရသည်။

"သား ကေသွေး ဘာဖြစ်ပြန်ပြီလဲကွ"

"ဖေဖေ ဟိုမှာ ဟိုမှာ မာန် မာန့်ကို ထုပ်တန်းမှာ တွဲလောင်း





ချည်ထားတယ်"

သွေးရူးသွေးတန်းဖြင့် လက်ညှိုးထိုးပြနေသောနေရာကို ဦးဇင်အောင် ကြည့်လိုက်သည်။ ဘာမှမရှိ။

"သား သတိထားပါဦး ဘယ်ကမာန်လဲ၊ ဒီဂိုဒေါင်ထဲမှာ ဘာမှမရှိပါဘူးကွ ငါ့သားရ ဟာ ဒုက္ခပါပဲကွာ"

ဦးဇင်အောင် ကမူးရှူးထိုး ဖြစ်နေသော သားဖြစ်သူကို ကြည့်ပြီး စိတ်ပူစပြုလာသည်။

သား ဘာဖြစ်နေတာလဲ၊ စိတ်ရောဂါတစ်ခုခု ဖြစ်နေတာလား။ သားပုံစံက ပုံမှန်မဟုတ်တော့တာတော့ သေချာသည်။

"သား မျက်လုံးပြန်ဖွင့်ကြည့်စမ်း၊ ဘယ်မှာလဲ ထုပ်တန်းမှာ ဘာမှမရှိဘူးကွ"

ဒီတော့မှ ကေသွေးယု မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။

"ဟင် မရှိတော့ဘူး၊ စောစောက မာန့်ကို အဲဒီမှာ ကြိုးနဲ့ တွဲလောင်းချည်ထားတာ တွေ့လိုက်ပါတယ်"

"မာန်ဆိုတာ ဘယ်သူလဲ သား"

"ဟင် မာန် ဟုတ်လား"

"ဟုတ်တယ်လေ မင်း စောစောကပြောလိုက်တယ်မဟုတ်လား။ မာန့်ကိုကြိုးနဲ့တွဲလောင်းချည်ထားတယ်ဆိုတာလေ"

ဦးဇင်အောင် အမေးကြောင့် ကေသွေး တွေဝေသွားသည်။

"မာန် မာန် ဘယ်သူလဲ မာန်ဆိုတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထဲ နာမည်ကို ခပ်တိုးတိုးရွတ်ပြီး အတွေးတွေ ချာချာလည်သွားသည်။

သူ့နှုတ်က အလိုလိုထွက်သွားမိတဲ့ မာန်ဆိုတဲ့နာမည်ကို ကိုယ်ကိုယ်တိုင်တောင် မသိပါ။

မသိစိတ်က သူ့အလိုလို ထွက်သွားသည့် နာမည်က မာန်တဲ့လား။

■ ■ ■

## အခန်း (၈)

"ဖေဖေ ဒီနှစ်ပိုင်းထဲမှာ အိပ်မက်ထဲကပုံရိပ်တွေ သားစိတ်ကို အတော်လွှမ်းမိုးနေတယ်"

သားအတွက် ရတက်မအေးရ၍ စိတ်ညစ်ကာ ဘီယာပြန်သောက်နေသော ဦးဇင်အောင် လက်ထဲမှ ဘီယာခွက်ကို စားပွဲပေါ်တင်ကာ သက်မတစ်ချက် ချလိုက်သည်။

"မင်းကို စိတ်ရောဂါဆရာဝန်နဲ့ ပြကြည့်သင့်နေပြီလို့ ထင်တယ်"

"အဲဒီအိပ်မက်တွေ ထင်ယောင်ထင်မှားမြင်မိတာကို ရောဂါတစ်ခုရယ်လို့တော့ အမည်မတပ်ချင်ဘူး ဖေဖေ၊ ခန္ဓာကိုယ်ဘယ်အစိတ်အပိုင်းမှာမှ နာကျင်တဲ့ခံစားချက်မရှိတဲ့အတွက် စိတ်ရောဂါလည်း မပျော်ဝင်ဘူး နောက်ပြီး ကျန်တဲ့အချိန်တွေဆိုရင် သားစိတ်က လှုပ်ကောင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်ရတဲ့အကြောင်းအရင်းတစ်ခုခုတော့ ရှိရမယ်၊ ဒါကို စိတ်ဝေဒနာလို့ အမည်တပ်လို့ရတာပဲ"

ကေသွေးယု ခေါင်းကိုခပ်ဖြည်းဖြည်း ခါလိုက်သည်။

"သား ခုအချိန်မှာ အသိချင်ဆုံးက အိပ်မက်ထဲက လူတွေနဲ့ သားနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာပဲ၊ ဒါမှမဟုတ် မသိစိတ်ကနေ တမလွန်က ဝိညာဉ်တွေနဲ့ ဆက်စပ်နေလို့များ ခုလို ထင်ယောင်ထင်မှား ကိုယ်ထင်ပြနေကြတာလား"

ဝေခွဲမရသော အတွေးမျှင်ပုံက ထွက်ပေါ်လာသောစကားကြောင့် ဦးဖင်အောင် ခပ်မှဲ့မှဲ့ရယ်ကာ ခေါင်းကိုခပ်ဖြည်းဖြည်း ခါလိုက်သည်။

"မင်း ခေတ်လူငယ် ခေတ်ပညာတတ်မဟုတ်ဘူးလား၊ ဘာလို့ အကြောင်းအရာတစ်ခုကို လက်တွေ့ကျကျ မတွေးရတာလဲ"

"ဒါပေမဲ့ ကြုံတွေ့နေရတဲ့အကြောင်းအရာတွေက လူကြားထဲ လက်တွေ့ချပြလို့မှမရတာ၊ အားလုံးက အဖေ့လိုပဲ သားကိုစိတ်ဝေဒနာ သည်လို့ပဲ မြင်ကြမှာပဲ၊ ကျွန်တော် အရက်မသောက် ဆေးမချတဲ့ စိတ်ရောဂါ ဘယ်လိုဖြစ်မလဲ၊ ကျွန်တော် တကယ်လူကောင်းပါ အဖေရာ"

ဦးဖင်အောင် သက်ပြင်းကို ဟင်းခနဲ ချပြီး ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို အကုန်မော့ပစ်လိုက်ပြီး

"အဲဒီပုံရိပ်တွေဟာ မင်းဒီဘဝကို ကူးမလာခင် အတိတ်ဘဝထော ပုံရိပ်တွေလို့ပဲ အကြမ်းဖျင်းတွေးထားလိုက်ပေါ့ကွာ"

ခပ်ပေါ့ပေါ့ ဖြေသိမ့်လိုက်သော ဖခင်စကားက ရင်ထဲကို အ...





...ဖြင့် ဒုန်းခနဲ လာဆောင့်သလို နင့်သွားသည်။ အလိုလို ဝမ်းနည်းသွားသည်။

သိစိတ်က လက်ခံဖို့ခက်ခဲပေမယ့် မသိစိတ်က ထောက်ခံသည့်အခါ ရှုတ်ချည်းဆိုသလို လူက အရုပ်ကြိုးပြတ်ဖြစ်၍သွားသည်။

တကယ်ပဲ အရင်ဘဝက ပုံရိပ်တွေ ခုဘဝထိပါလာတာလား။ ဒါဆိုလျှင် မာန်ဆိုတာက ညီအစ်ကိုတော်ခဲ့တာလား။ ကိုယ့်ပုံရိပ်ကို အိပ်မက်ထဲမှာ ကိုယ်တိုင်မမြင်ရပေမယ့် မာန်ဆိုတဲ့လူကတော့ ကိုယ်နဲ့ နှုတ်ဆွတ်ပါပဲ။ နောက်ပြီး သားဟု ခြေးဝင်လာသည့်အမေ ပြီးတော့ ...တ်မာသည့်လူကြီးဟု စိတ်က အလိုလိုသိနေသည့် ဦးနောင်လတ်။

သူတို့အားလုံးဟာ ကေသွေးယု၏အရင်ဘဝက ပတ်သက်ခဲ့သည့် သွေးသားရင်းတွေလား။

တွေးရင်းဖြင့် အိပ်မက်ထဲမှ သွေးရူးသွေးတမ်း အော်ဟစ်ပြောဆိုနေကြသော စကားသံများ ပြန်လည်ကြားယောင်လာသည်။

■ ■ ■

"ဒေါ်လေး ထမင်းပွဲပြင်ပြီးပါပြီ"

ပြတင်းဝတွင်နေ့တိုင်း အချိန်တိုင်းထွက်မျှော်နေသော ဒေါ်မြ ...လာနားသို့ စိုးမြင့် ရောက်လာသည်။ နှစ်တွေသာအလီလီ ပြောင်းလဲ ...ပြီး လူကသာ ဇရာကြောင့် အိုမင်းသွားပေမယ့် ဒေါ်မြကမှလား ...မျှော်ခန်းကတော့ ခုချိန်ထိ တစ်ခန်းမရပ်သေး။

ဂုဏ်နှင့်မာန် ဆုံးတာပဲ ဒီနေ့နှင့်ဆိုလျှင် အနှစ်နှစ်ဆယ်ကျော်

www.burmeseclassic.com



လုနေပြီဖြစ်သည်။ ဒေါ်မြကမ္ဘလာအနေနှင့် သားတွေကို တစ်ရက်မှ မတာဘဲ မနေ။ တစ်ရက်မှမငိုဘဲ မနေ။

သားနှစ်ယောက်ဆုံးပြီးကတည်းက ဘယ်သူနဲ့မှလည်း စကား မပြောတော့သလို ဘယ်လိုစီးပွားရေးကိုမှလည်း စိတ်မဝင်စားတော့။

အဒေါ်ဖြစ်သူ၏သောကတွေကို ဘေးကနေ စောင့်ရှောက်ရင်း ဦးစိုးမြင့်လည်း လူကြီးပိုင်းထဲသို့ပင် ရောက်လာပါပြီ။

ဂုဏ်နှင့်မာန် လုပ်ခဲ့သော စီးပွားရေးလုပ်ငန်းတွေကို စိုးမြင့်ကပဲ မှန်မှန်ကန်ကန် ဆက်လက်ထိန်းသိမ်းပေးခဲ့ရသည်။

"ငါ့သားတွေက ခုချိန်ထိ ငါ့ဆီကို မလာကြသေးဘူး စိုးမြင့် ရယ်၊ သူတို့ကို သူတို့အမေမျှော်နေတယ်ဆိုတာရော သိကြရဲ့လား"

ဒေါ်လေးသားတွေ နောင်လတ်သတ်လို့ သေသွားပြီလေဟု မပြောရဲ ပြောလိုက်လျှင် ဝေဒနာတွေက အသစ် အသစ်တွေပြန်ဖြစ်ပြီး ရှင်း၍မရတော့။

ထို့ကြောင့် အမြဲတမ်း အလိုက်အထိုက် ပြောပေးရသည်။

"သိတော့သိမှာပါ ဒေါ်လေးရဲ့၊ သူတို့လည်း အမေကို ချစ်တဲ့ သားတွေပဲ၊ ဒေါ်လေးဆီ ခုချက်ချင်း မလာသေးတာ သူတို့ မြို့မှာလုပ်ငန်း သစ်တွေထပ်ပြီး တိုးချဲ့နေလို့ ဖြစ်မှာပါ"

ဒေါ်မြကမ္ဘလာ မမြင်ရသော မျက်လုံးအစုံက ပြတင်းပေါက်မှ တစ်ဆင့် ဟိုးခပ်ဝေးဝေးကိုငေးရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ ပြုံးပြီး

"မဟုတ်မှလွဲရော ငါ့သားတွေ မိန်းမများ ကြိတ်ယူထားကြ





သလားကွယ် ဟမ်"

ဦးစိုးမြင့် မချိပြုံးပြုံးရင်း

"မဖြစ်နိုင်ပါဘူး ဒေါ်လေးရယ်၊ သူတို့က မအေကို ဘယ်နှခါ ကျော်လုပ်ဖူးလို့လဲ၊ မိန်းမယူခဲ့မယ်ဆိုရင်လည်း ဒေါ်လေးဆီ ခေါ်လာပြီး မင်္ဂလာပွဲတွေ ဘာတွေ လုပ်နိုင်းမှာပေါ့"

"အေး ဒါလည်း ဟုတ်တာပဲ၊ ငါက ငါ့သားတွေကို မိန်းမမယူ ဘူးလို့ အမိန့်ထုတ်ထားတာမှမဟုတ်တာ၊ ယူရင်ပိုတောင် သဘောကျ သေးတယ်၊ ဘာပဲဖြစ်ဖြစ် မျက်စိကလည်း ခပ်ရေးရေးမြင်နေပြီဆိုတော့ ငါ့သားတွေမွေးတဲ့မြေးလေးတွေကိုလည်း မြင်ခွင့်ရသွားဦးမှာပါ"

အတွေးတွေကို ပုံဖော်ရင်း အရသာရှိရှိပြောနေသော ဒေါ်မြ ကမ္ဘလာကိုကြည့်ပြီး ဦးစိုးမြင့် သက်ပြင်းကို ဟင်းခနဲ ချလိုက်ပြီး

"ဒါကြောင့် ဒေါ်လေးကျန်းမာဖို့လိုတယ်၊ ကျန်းမာဖို့အတွက် ထမင်းကိုတော့ အချိန်မှန်စားရမယ်လေ၊ အသက်ကိုဥာဏ်စောင့်ပြီး ခန္ဓာ ကို အစာစောင့်တယ် ဒေါ်လေးရဲ့ ဒေါ်လေးက ထမင်းစားပြီး အားမွေးရင်း မြေးချီရမယ့်အချိန်ကို စောင့်ရမှာမဟုတ်ဘူးလား"

"အမလေး သိပါတယ်တော် သိပါတယ်၊ စားမှာပါ စားမှာပါ ဒါနဲ့ ဒါနဲ့ ငါ့သားတွေအတွက်ရော ထမင်းပွဲပြင်ထားလား"

"ပြော် ပြင်ထားပါတယ် ဒေါ်လေးရယ်၊ သူတို့ရဲ့စိတ်ထဲက ကောက်ဆို ဒေါ်လေးထိုင်မယ့် ထမင်းဝိုင်းတောင် ရောက်နေလောက်ပြီ"

စိတ်သက်သာရာရအောင် ရှာကြံပြောရလွန်း၍ ဦးစိုးမြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



အရှုးတစ်ယောက်ကဲ့သို့ ဖြစ်နေပါပြီ။

"အေး အေး ငါထပြီ ငါထပြီ လာပြီ သားတို့ရေ လာပြီ"

ကုလားထိုင်မှ အားယူထပြီး ထမင်းဝိုင်းရှိရာသို့ တုန်တုန်ချိချိ လျှောက်သွားသော ဒေါ်မြကမ္ဘလာကိုကြည့်ပြီး ဘယ်နှကြိမ်မြောက် သက်ပြင်းချမိမှန်းမသိတော့။

"ရော့ သား ဂုဏ် ဒါက မင်းကြိုက်တဲ့ ငါးဖယ်ကို အုန်းနို့နဲ့ ချက်ထားတာ၊ ဒါက မာန့်အကြိုက် ငါးခူအချဉ်ဆီပြန်ချက်လေး စားကြ သားတို့ စားကြ"

ထမင်းစားခန်းထဲမှ ဒေါ်မြကမ္ဘလာ အသံက နေ့တိုင်း သားတွေနှင့်ပြောနေကြအသံပါပဲ။ လူမရှိသော ထမင်းပန်းကန်ထဲ ဟင်းတွေ ခပ်ထည့်ပြီး သားတွေနှင့်အတူ ထမင်းစားနေရသကဲ့သို့ စိတ်မှာမှတ်ပြီး ထမင်းစားနေသည့် အဒေါ်ဖြစ်သူ၏ဒုက္ခတွေကို ဦးစိုးမြင့်မှ မျှဝေမခံစား ပေးရင် ဘယ်သူက မျှဝေခံစားပေးမှာတဲ့လဲ။

ပြီးလျှင် ဟင်းတွေပြည့်လျှံနေသော ထမင်းနှစ်ပန်းကန်ထဲက ထမင်းတွေကို ဦးစိုးမြင့် စားရုံပေါ့။

■ ■ ■



အခန်း (၉)

"ဟော့ကောင်တွေ ငါ့လက်ကို ဖြတ်တဲ့ ဒီခွေးသူတောင်းစား အေအပေးတွေကို လည်ပင်းလှီးလိုက်စမ်း"

ဦးနောင်လတ် မြေပြင်ပေါ်လဲကျနေရင်းမှ တပည့်တွေကို ရန်တိုက်ပေးသေးသည်။

ဂုဏ် ဂရုမစိုက်အား။ သူ့တပည့်တွေ အတုန်းအရုန်းဖြစ်နေကြသည်ကို အခွင့်အရေးယူလျက် မာန့်ကို တွဲလောင်းချည်ထားသော ကြိုးကို ဓားရှည်ဖြင့် လှမ်းခုတ်လိုက်သည်။ ကြိုးပြေသွားသည်။ မာန် သူ့ သက်မှကြိုးထုံးကို ကမန်းကတန်း ဖြည်သည်။

ထိုအချိန်တွင် ဦးနောင်လတ်၏တပည့်မှာ ဓားကိုင်ပြီး ပြေးဝင်လာသည်။ ဂုဏ်၏ခါးကို ဓားဖြင့်ထိုးစိုက်[illegible]ခွင်းလိုက်သည်။

"သေစမ်းကွာ"

"အ"



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ် ဂုဏ်"

"အ အား မာန် ဒီကောင်ကြီးကို မင်းမသတ်နဲ့ ငါသတ်ပြီး ငါပဲထောင်ထဲဝင်မယ် အား"

"ဟေ့ကောင် သား ကေသွေး ကေသွေးယု ဟာကွာ မက်နေပြီ ပြီလား ဒီအိပ်မက်ဆိုးတွေ"

အဖေ့အသံကြား၍ နာကျင်မှုတွေနှင့်အတူ မျက်လုံးတို့ ဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။ ရွှဲနေသော ချွေးတို့က ရေချိုးထားသလို ခန္ဓာကိုယ် တစ်ခုလုံး ရွှဲနစ်နေသည်။

"အဖေ အဖေ အား ကျွတ် ကျွတ်"

အိပ်မက်မှ လန့်နိုးလာပေမယ့် ဓားထိုးခံလိုက်ရသည့်နေရာက နာကျင်နေဆဲ။

"ဟိုအိပ်မက်တွေ မက်နေပြန်ပြီလား"

"ဟုတ် ဟုတ်တယ် အဖေ"

ကေသွေးယု ခုတင်ပေါ်မှ ထထိုင်လိုက်သည်။ မြင်ကွင်းတွေက ပိုပြီး ပီပြင်လာသလိုပဲ။ သားနာမည်က ဂုဏ် ညီလေးနာမည်က မာန်ထဲ ပြီးတော့ လူယုတ်မာနောင်လတ်။ သူ့ သူ့လက်ကို သား သားဖြတ်ပစ် လိုက်တာ။

ဦးဇင်အောင် မျက်လုံးပြူးသွားသည်။ ဒါဟာ သမားရိုးကျ စိတ်ခံစားမှုမဟုတ်တော့။ အတိတ်ဘဝက ဖြစ်ပျက်ခဲ့သည့်ပုံရိပ်တွေက ဒီဘဝထိပါလာပြီး စိတ်ချင်းဆက်သွယ်နေကြသည့်အနေအထားမျိုးလား





ဒါကို စိတ်ရောဂါဝေဒနာလို့ ဘယ်လိုအမည်တပ်မလဲ။

"အား ကျွတ် ကျွတ် ကျွတ်"

"ဘာလဲ ခါးက အမာရွတ်က နာလာလို့လား"

"ဟုတ် ဟုတ်တယ် အဖေ"

မွေးရာပါ ဒဏ်ရာက နာသည်ဆို၍ ဦးနောင်လတ်စိတ်ပူသွားသည်။ ကေသွေးကိုမွေးတော့ ဝမ်းထဲက ကျွတ်ကျွတ်ခြင်း ခါးမှာ သွေးစို့နေသော ဒဏ်ရာတစ်ခု ပါလာသည်။

ထိုဒဏ်ရာ ဘာကြောင့်ရသလဲဆိုတာ ဆရာဝန်တွေတောင် ဘယ်လိုမှစမ်းသပ်စစ်ဆေး၍ မရခဲ့။

"အဲဒီဒဏ်ရာက အရင်ဘဝက ဓားနဲ့အထိုးခံခဲ့ရတာ အဖေ"

"ဘာ"

ဦးဇင်အောင် မျက်မှောင်ကျုံ့ပြီး ဘာလိုက်သည်။

"ဟုတ်တယ် နောင်လတ်ရဲ့တပည့်တွေလက်ချက်နဲ့ သားသေခဲ့ ရတာ၊ အဲဒီဓားဒဏ်ရာက ဒီဘဝထိပါလာတာ ဖြစ်မယ်"

အဖြစ်အပျက်တွေက ထူးဆန်းပြီးရင်းထူးဆန်းလာသည်မို့ ဦးဇင်အောင်သည်ပင်လျှင် အံ့ဩတွေဝေသွားသည်။

လောကမှာ လူဝင်စားဆိုတာ ကြားသာကြားဖူးခဲ့ပြီး လက်တွေ့ မကြုံဖူးခဲ့။ ကိုယ့်အသက်အရွယ်နဲ့ ကြုံမယ်ကြုံတော့လည်း ကိုယ့်မွေးသား ထဲကိုယ့်သားက လူဝင်စားဖြစ်နေပါလား။

ဒါကို အတိအကျအဖြေထုတ်ပေးနိုင်တာက စိတ်ရောဂါကု



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တွေပင်ဖြစ်သည်။

■ ■ ■

ဒီနေ့ စိတ်ထဲကြည်လင်နေ၍ တက္ကစီဆွဲရန် အိမ်မှခပ်စောစော ထွက်ခဲ့လိုက်သည်။ တစ်မနက်ခင်းလုံး ကားဆွဲကောင်း၍ မနားရသေး

သမ္မတရုပ်ရှင်ရုံမှ ကိုတင့်တို့ရုပ်ပါရပ်ကွက်ဆိုသော ဇာတ်ကား ရုံစတင်၍ လူစည်ကားနေသည်။ ပထမပွဲလွှတ်ချိန်နီးပြီမို့ ကားကို ဂိတ် ထိုးလိုက်သည်။

ရုပ်ရှင်လွှတ်ချိန်ဆို လူရတတ်သည်။ ခုလောလောဆယ် မလွှတ် သေး၍ ဆယ်မိနစ်လောက်တော့ မှေးလိုက်ဦးမည်ဟု တွေးပြီး ကား ထိုင်ခုံနောက်ကျောမှီကို ဖြည်းချလိုက်ပြီး အဲကွန်းဖွင့်ကာ ခဏနှပ်နေလိုက် သည်။

ခဏချင်းမှာပင် မှေးခနဲ အိပ်ပျော်သွားသည်။ ထိုသို့ အိပ်ပျော် ခြင်း တခဏမှာပင် ဆိုင်ကယ်သံတွေ တအုန်းအုန်းက နားထဲသို့ တိုးဝင် လာပြီး အာရုံထဲသို့ အခြားပုံရိပ်တွေသည် ရုပ်ရှင်ပြကွက်တစ်ကွက်လို တိုးဝင်လာပြန်သည်။

"နင်က ငါ့ကိုကျတော့ ဘာလို့ မဖိတ်တာလဲ၊ မြကလေး ငါက ဒီရွာမှာ လူရာမဝင်တဲ့သူလား ဟမ်"

"ဟုတ်တယ် နင်က ငါ့အတွက် ဒေ့ကောင်းဆောင်ကောင်း ဘယ်တော့မှ ဖြစ်မလာမယ့် ငါ့ရဲ့ရန်သူပဲ၊ ဒါကြောင့် အရေးအရာလုပ် ပြီး ဖိတ်စရာမှမလိုတာ"





"နင်က ရန်သူလို့သတ်မှတ်ပေမယ့် ငါကတော့ နင့်ကို ငါ့ရန်သူ လို့ ဘယ်တုန်းကမှ မသတ်မှတ်ဘူး။ ငါ့လက်ထဲကနေ ဝေဇင်လုသွားပြီး ကတည်းက ငါ့အသည်းကို အကွဲအတိုင်းထားထားတာ၊ ခုထိ ပြန်ကို မဆက်ရသေးတာ"

"ပါးစပ်ပိတ်စမ်း"

"ငါ့ပါးစပ်ကို ပိတ်လို့ရပေမယ့် ငါ့ရင်ဘတ်ထဲက စကားသံတွေ ကိုတော့ ပိတ်လို့မရဘူး"

"သေလိုက်စမ်း ဟောဟိုက ငုတ်တိုင်မှာ သွားဆောင့်ပြီး သေ လိုက်စမ်း"

"ဟေ့လူ ခင်ဗျား တရားလွန်လာပြီနော်၊ ကျုပ်လက်ထဲကခါး က ခင်ဗျားတို့လည်ပင်းက သွေးတွေကိုတောင်းနေကြပြီ"

"လူလေးရယ် ခေါ်သထိန်းစမ်းပါ၊ ငါနဲ့မင်းရဲ့အမေ မြကမှလာ ဆိုတာက ဟိုးငယ်ငယ်ကတည်းက လည်ပင်းဖက်ကြီးလာကြတဲ့ ငယ် ပေါင်းကြီးဖော်တွေလေ၊ ခု ငါလာတာလည်း ပြဿနာလာရှာတာမဟုတ် ဘူး။ မင်းတို့အလှူမှာ ဝါးတီးဆွဲဖို့လာတာ"

"ဒီမှာ ဒီမှာ ဟေ့လူ ကားဆရာ ကားဆရာ"

အကြားအာရုံထဲသို့ မိန်းကလေးတစ်ယောက်၏အသံ တိုးဝင် လာသည်။ ထိုအသံသည် ယခု ကေသွေးယု မြင်မက်နေရသည့်မြင်ကွင်း ထဲက အသံနှင့်မဆိုင်။ သပ်သပ်စီ ခွဲထွက်နေသော အသံဖြစ်သည်။

မျက်လုံးတို့ မရှည်ရှယ်ဘဲ ဖျတ်ခနဲ ဖွင့်လိုက်သည်။

www.burmeseclassic.com



မှန်တံခါးကိုခေါက်ပြီး ခေါ်နေသော အသံရှင်မိန်းကလေး ရုပ်ရှင်ရုံကလည်း လွတ်နေပြီ၊ အခေါက်အဦးထဲမှ လူတွေ တဖွဲဖွဲထွက်လာသည်။

"ကားအားလား"

ကောင်မလေး ထပ်မေးပြန်သည်။ ဒီတော့မှ အိပ်ချင်မူးတူး ဖြစ်နေသော မျက်နှာကို လက်ဖြင့်ပွတ်သပ်ပြီး ကားမှန်ကို လျှော့ချလိုက်သည်။

"ဘယ်သွားမလို့လဲ"

"မြေနီကုန်း"

"ဩော် ဟုတ်ကဲ့ တက်လေ"

ကောင်မလေး သူ့ကိုစူးစမ်းသောအကြည့်ဖြင့် သေချာကြည့်ကာ ကားနောက်ခန်းတံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ ဈေးလည်း မမေး ဈေးလည်းမစစ်ဘဲနှင့် လိုက်လာပြီး လမ်းတစ်လျှောက်လုံး နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လာသော ကောင်မလေးကြောင့် ကားမောင်းနေရတာပင် စိတ်ကသိပ်မလုံ။ အပျိုမလေးတစ်ယောက်၏စိတ်ဝင်စားစူးစိုက်ကြည့်ခံရခြင်းဟာ ကေသွေးယုအဖို့တော့ ဒါပထမဆုံးဟုပြော၍ ရမည်။

"ကြည့်လှချည်လားဟ ငါတော်တော်ချောနေလို့ ထင်တယ်"

ထိုသို့တွေးပြီး ကောင်မလေးကို နောက်ကြည့်မှန်မှတစ်ဆင့် ပြန်ကြည့်လိုက်သည်။ ကောင်မလေးမျက်နှာပေါ်မှာ တစ်ခုခုကို မေးချင်





တာနှင့် မေးရမှာ တွန့်ဆုတ်နေဟန်ပေါက်နေသည်။

"ညီမ အစ်ကို့ကို သိနေလို့လား"

ထိုသို့ပင် ယဉ်ကျေးစွာ ပြန်မေးလိုက်သည်။

"ဟုတ် ဟုတ်ကဲ့ အစ်ကိုက ညီမအသိတစ်ယောက်နဲ့ ရုပ်ချင်းတော်တော်လေးတူနေလို့ ဆံပင်ခေါ်ဆိုးထားတာနဲ့ မဆိုးထားတာပဲ ကွာတယ်"

"ဟုတ်လား တော်တော်တူလို့လား"

ကားမောင်းရင်း ခပ်အေးအေးပင် ပြန်မေးလိုက်သည်။

"ချွတ်စွပ်ကို တူတာပါ အစ်ကိုရယ်"

ဒီခေတ်ကောင်မလေးတွေ ဖာတ်လမ်းလုပ်ပုံက ကြွေသွားလောက်သည်။

"ဘာရယ်တာလဲ အစ်ကိုရဲ့"

ကေသွေးယု ရယ်တာကို ကောင်မလေး မြင်သွားပုံရသည်။ ခပ်ဆတ်ဆတ်လေး ပြန်မေးသည်။

"ဩော် မရယ်ပါဘူး၊ လောကမှာ လူတူမရှား နာမည်တူမရှားပေါ့"

ရယ်သံနှောသောအသံဖြင့် ခပ်အေးအေး ပြန်မေးလိုက်သည်။

"ညီမလည်း အဲဒီလိုပဲ တွေးပါတယ်၊ ဒါပေမဲ့ ခုဟာက အရမ်းတူအစ်ကိုလို့ ပြောလို့ရအောင်ကိုတူတာ၊ အစ်ကိုယုံအောင် ဘယ်လိုပြောရမလဲ မသိဘူး၊ ဒါနဲ့ အစ်ကို့နာမည် ဘယ်လိုခေါ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းကတော့ စပြီဟုတွေးကာ မသိမသာ ပြုံးလိုက်သည်

"ကေသွေးယု"

"ဟယ် နာ နာမည်ကအစ ခပ်ဆန်းဆန်းပဲ"

"ဟင် ဟုတ်လား ဘယ်လိုနာမည်မျိုးလဲ"

"သူ့နာမည်က နေသွေးဦး တဲ့"

ဒီတစ်ခါ မအံ့သြဘဲ မနေနိုင်တော့။ ကားမောင်းနေရင်း
လှည့်ကြည့်လိုက်ပြီး

"ဘယ်လို နေသွေးဦး ဟုတ်လား"

"အင်း ဪ နေဦး ညီမဖုန်းထဲမှာ သူနဲ့ရိုက်ထားတဲ့ပုံ တစ်
ရှိတယ်"

ကောင်မလေး ပြောပြောဆိုဆိုဖြင့် သူ့စလင်းဘတ်အိတ်ထဲ
ဖုန်းကိုထုတ်လိုက်ပြီး ဖုန်းထဲမှ ဓာတ်ပုံဖိုင်ကို ဖွင့်လိုက်သည်။

ကေသွေးယု ကားမောင်းရင်းမှ စိတ်လှုပ်ရှားစပြုလာသည်

အံ့သြစရာအကြောင်းအရာတွေက ကုန်ကိုမကုန်နိုင်သေး
လား။

"ရော့ အစ်ကို ကြည့်လိုက်ပါဦး"

ကားမောင်းနေရင်းမှ လှမ်းပေးသော ဖုန်းထဲမှ ဓာတ်ပုံ
ကြည့်လိုက်သည်။ အံ့သြလွန်း၍ ကားဘရိတ်ကိုဆောင့်အုပ်လိုက်သည်
ကောင်မလေး ခန္ဓာကိုယ်ရော ကိုယ့်ခန္ဓာကိုယ်ရော ရှေ့သို့ယိမ်းထိုးကျ
ပြီး အထိတ်တလန့် တားသည်။





"ဖြည်းဖြည်းလုပ်ပါ အစ်ကိုရယ်"

ကေသွေး ကားကိုလမ်းဘေးထိုးရပ်ပြီး

"ဒါ ဒါ ဘယ်သူလဲ သူ ဘယ်မှာနေတာလဲဟင်"

စောစောကတော့ စိတ်မဝင်စားဟန်ပြုပြီး ခုကျမှ သွေးရူးသွေး
တန်းဖြင့် မေးလာသော အမေးကြောင့် ကောင်မလေးပင် နားမလည်နိုင်
တော့။

"ညီမတို့ စမ်းချောင်းထဲမှာပဲ နေတာ အစ်ကို"

"အစ်ကို့ကို သူ့ဆီလိုက်ပို့ပေးလို့ရမလား"

"ရှင်"

"တဆိတ် ကူညီပါလား ညီမရယ်"

မျက်ဝန်းဝိုင်းလေးဖြင့် နားမလည်စွာကြည့်ပြီး

"အစ်ကိုနဲ့ သိလို့လားဟင်"

"မသိဘူး ဒါပေမဲ့ အစ်ကို သူနဲ့တွေ့ရမှဖြစ်မယ်၊ ဘယ်လောက်ပဲ
ထူးတူပါစေဦးတော့ နာမည်ကအစ မျက်လုံးအဆုံး လုံးဝတူနေတာတော့
အမားရိုးကျ ပတ်သက်မှုမဟုတ်လောက်ဘူး"

ကောင်မလေး ခပ်တွေတွေလေး စဉ်းစားလိုက်ပြီး

"ညီမ ခေါ်သွားရင် အစ်ကို ဘာလုပ်မှာလဲဟင်"

ကေသွေးယုကို မယုံသင်္ကာအကြည့်ဖြင့် မေးလိုက်သည်။

"ဘာမှမလုပ်ပါဘူး စိတ်ချပါ၊ အစ်ကို သူနဲ့တွေ့ချင်ရုံသက်
သက်ပါ၊ ဒီဘဝမှာ အမြှာညီအစ်ကို မဟုတ်ပေမယ့် အရင်ဘဝက ညီ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို တော်စပ်ခဲ့ဖူးသူလည်း ဖြစ်နိုင်တာပဲလေ''

''အင်းလေ ဒါဆိုရင်တော့ ညီမ လိုက်ပို့ပါမယ်၊ သူက ကြံခင်းလမ်းထဲမှာနေတာ၊ အဲ သူ့ဆီအရင် ဖုန်းဆက်ကြည့်လိုက်မယ်လေ၊ သူ အိမ်မှာရှိနေရင်တော့ သူ့အိမ်ကို တစ်ခါတည်းသွားကြတာပေါ့''

သဘောကောင်းလွန်းသော ကောင်မလေးကို ကေသွေးယု ကျေးဇူးတွေ တင်နေမိသည်။

''ဟဲလို နေသွေး နင်အခု ဘယ်မှာလဲ''

ကေသွေးယု ကားမောင်းနေရင်းမှ နားစွင့်ထားသည်။

''ဪ ဟုတ်လား ဘာမှတော့ မဟုတ်ပါဘူး။ နင့်ကိုစည်သည် တစ်ယောက်က တွေ့ချင်လို့တဲ့''

''မဟုတ်ဘူး အလုပ်အပ်မလို့ မဟုတ်ဘူး၊ ဒီအတိုင်း အဲ့ဒြ စရာကိစ္စလေးတွေနဲ့ကြုံလို့ တွေ့ပြီး မိတ်ဆက်ချင်ရုံသက်သက်ပါ''

ဖုန်းစပီကာပိတ်ပြောနေ၍ တစ်ဖက်ကအသံကို မကြားရ။

''အိုကေလေ ဒါဆိုရင် မနက်ဖြန် ချိန်းလိုက်မယ်၊ ဟုတ်ပြီလား နင်တွေ့ဖြစ်အောင် လာတွေ့နော်''

ကြားထဲမှ အပြည့်အဝ လိုက်ကူညီပေးနေသော မိန်းကလေး ရင်ထဲက ကျေးဇူးတွေ အခါခါတင်မိသည်။

''ကဲ အစ်ကို သူ အခု စာသင်ဝိုင်းရောက်နေတယ်တဲ့၊ ချက်ချင်းကြီး တွေ့ဖို့တော့ အဆင်မပြေတော့ဘူး။ မနက်ဖြန် ချိန်းလိုက် တယ် အစ်ကို အချိန်ရလား''





''ဟာ ရတယ် ရတာပေါ့ ကျေးဇူးပဲ ညီမရယ်၊ ဒါနဲ့ မနက်ဖြန် ဘယ်ကိုလာရမလဲ''

''ညီမအိမ်ကိုပဲ လာခဲ့လိုက်လေ၊ ဪ ညီမနာမည်က နွယ် သျှင်မင်းပါ''

''အစ်ကို မှတ်ထားပါမယ်၊ ကျေးဇူးလည်းတင်ပါတယ် ညီမရယ်၊ ဘာကြောင့်တွေ့ချင်ရသလဲဆိုတာကတော့ တစ်ချိန်ချိန်မှာ သိလာ ပါ''

ကေသွေးယု ကားမောင်းနေရင်းမှ မနက်ဖြန် နေသွေးဦးနှင့် တွေ့ရမည့်အရေးကိုတွေးပြီး အင်အားသစ်တွေ တိုးပွားလာသလိုလိုကြီး ခံစားနေရသည်။

ဒီနေ့တော့ ဒီကောင်မလေးဆီက တက္ကစီခမယူတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

ဒါလည်း ကျေးဇူးဆပ်ခြင်းတစ်မျိုးပဲ ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘယ်သူနဲ့တွေ့ချင်လို့လဲ အစ်ကို၊ အဲ နေ နေသွေးပဲ"

နွယ်သျှင်မင်း အိမ်ရှေ့အရောက် ကားကိုရပ်လိုက်ပြီး ကားဟွန်း တစ်ချက်တီးလိုက်သည်။

"နွယ်သျှင်မင်း ရှိလား"

"ဩော် သျှင်မင်းဆီလာတာလား၊ ဟုတ်ကဲ့ ရှိပါတယ်"

ခန္ဓာကိုယ်အချိုးအစား အရပ်အမောင်း အသားအရေ မျက်နှာ အလှ မျက်ဝန်းအလှ ဆံသားအလှကအစ ဘာတစ်ခုမှအပြစ်ပြောစရာ မရှိအောင် လှလွန်းသော အမျိုးသမီးသည် နွယ်သျှင်မင်းနှင့် ဘာတော် သလဲ။

အသံချိုကြည်ကြည်လေးက ခွဲဆောင်မှုရှိလွန်းသည်ဟု စိတ်ထဲ ကပင် တိတ်တဆိတ် မှတ်ချက်ချမိပါသည်။





"မမရေ ဘယ်သူလဲ"

နွယ်သျှင်မင်း အိမ်ထဲမှထွက်လာပြီး ကေသွေးယုကို မြင်သည် နှင့် မျက်နှာလေးပြုံးသွားကာ

"ဩော် ကိုကေသွေး ရောက်လာပြီပဲ၊ အဟင်း ဒါ နွယ်သျှင် မေ ကြီးရွှယ်ခူးတဲ့"

နာမည်ကအဆန်းမို့ ခပ်ချောချောမျက်နှာလေးကို အမြုံးတွေ နှင့် တဝကြီးပြန်ကြည့်ပြီး

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"သူက နေသွေးနဲ့ တကယ်တူတာပဲနော် သျှင်မင်း၊ ဒီအစ်ကို ဆိုလာတော့ နေသွေးလို့ထင်နေတာ၊ ဆံပင်ပုံစံသာမကွဲရင် နေသွေးပဲ"

"ဟုတ်တယ် မမရွှယ် သျှင်မင်းလည်း တွေတွေ့ချင်း အံ့သြပြီး အကြည့်ရာကနေ နေသွေးအကြောင်းပါ စကားစပ်မိသွားတာ၊ ဒီက ကိုကေသွေးက တွေ့ချင်တယ်ဆိုလို့ အခု နေသွေးနဲ့တွေ့ဖို့ သွားကြမှာ"

"ဩော် အမြှာညီအစ်ကိုလား"

"အမြှာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တွေ့ရမယ့်အကြောင်းရင်း ရှိနေလို့ပါ"

"လာလေ ခုပဲသွားကြမလား၊ ကိုကေသွေး"

"ဟုတ်ကဲ့ သွားကြမယ်လေ နွယ်သျှင်မင်း"

"သျှင်မင်းလို့ပဲ ခေါ်ပါ ကိုကေသွေးရဲ့"

ရင်းနှီးပွင့်လင်းလွန်းသော သျှင်မင်းက ခင်ဖို့ကောင်းသလို



www.burmeseclassic.com

www.burmeseclassic.com

အပြုံးတွေ ဝေနေသော ကြံရွယ်ချုးကြောင့်လည်း ဒီနေ့ ထူးခြား ရင်ခုန်ခဲ့ရပါသည်။

အမှန်ဆို အေးအေးဆေးဆေး ထိုင်ပြီး ကြံရွယ်ချုးဆိုသော မိန်းကလေးနှင့် စကားစမြည်လေး ပြောချင်ခဲ့တာပါ။

မြင်မြင်ချင်း ဣန္ဒြေမရဖြစ်မိအောင် စိတ်လှုပ်ရှားခဲ့ရသ မိန်းကလေးဟာ ကေသွေးဘဝမှာ ပထမဦးဆုံးအကြိမ်ပဲ ဖြစ်လိမ့်မ ဖြစ်သလို နောက်ဆုံးအကြိမ်လည်း ဖြစ်သွားနိုင်ပါသည်။

■ ■ ■

"ကိုပေါက် နေသွေးရော"

သျှင်မင်းကိုကြည့်ပြီး ကိုပေါက် မေးငေါ့ပြပြီး

"လာနောက်နေပြန်ပြီ၊ နှင့်ဘေးမှာ နေသွေးတစ်ယောက် ပါလာတာကို ငါ့လာမေးနေသေးတယ်"

ကေသွေးကို နေသွေးဟု ထင်သွားသော ကိုပေါက်ကိုကြည့် သျှင်မင်း ခစ်ခနဲ ရယ်လိုက်သည်။

"အဲဒါ နေသွေးမှမဟုတ်တာ"

"ဟ အလုပ်မအားရတဲ့ကြားထဲ လာစားနေသေးတယ် သျ မင်းရယ်၊ ဟော့ကောင် နေသွေး ဘာအရူးထနေတာလဲလို့မေးကြည့် ကွန်ပျူတာပျက်လို့ ပြင်မရသေးပါဘူးဆိုမှ"

ဖြုတ်ထားသော ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသေ ကိုပေါက်သည်ပင် ကေသွေးအား နေသွေးဟုထင်နေသည်မို့ တစ်ခုခု





ထူးခြားတော့မည်ဟု ကေသွေးစိတ်ထဲ တစ်ထစ်ချ ယုံကြည်လိုက်သည်။

"နေသွေး မင်းပြောတော့ မြင့်ဝေဆီသွားပြီး ဟာ့ဒစ်ကဒ် သွား ယူမလို့ဆို"

"ကျွန်တော် နေသွေး မဟုတ်ပါဘူး"

"ဟင်"

ကိုပေါက် သမင်လည်ပြန် လှည့်ကြည့်သည်။ ခြေဆုံးခေါင်းဆုံး ကြည့်သည်။ အံ့ဩသောမျက်နှာနှင့် ဘာပြောရမှန်းမသိအောင် ထူးဆန်း စွာ ကြည့်သည်။

"နေသွေးမှာ အမြွှာညီအစ်ကို မရှိပါဘူး။ ဘယ်လိုဖြစ်ပြီး နေသွေး နောက်တစ်ကိုယ်ပေါ်လာရတာလဲ"

"ကိုနေသွေး ရှိလားလို့၊ အံ့ဩတာနောက်မှ အံ့ဩ"

"မရှိဘူးလေ စောစောကမှ ထွက်သွားတာ၊ ဒီနားလေးတင်ပါ တော်ကြာပြန်ရောက်တော့မှာ လာ လာ ဝင်ထိုင်စောင့်နေပါ ခဏပါပဲ"

ကိုပေါက် ဆက်တီခုံပေါ်မှ ဂစ်တာနှင့် စီဒီချပ်တွေကို ဖယ်ပေး ပြီး ဝင်ထိုင်ခိုင်းသည်။

"လာ ကိုကေသွေး သျှင်မင်းတို့လာမယ်ဆိုတာ သူ့ကိုကြိုဖုန်း ဆက်ထားတာမို့ သိပ်မကြာလောက်ပါဘူး"

"တုတ်ကဲ့ ရပါတယ်၊ ကျွန်တော် အချိန်ရပါတယ်"

ကေသွေး ဧည့်ခန်းထဲဝင်ထိုင်ပြီး နံရံမှာချိတ်ထားသော နေသွေး ဓါတ်ပုံရဓာတ်ပုံကို သေချာကြည့်လိုက်သည်။ သျှင်မင်းပြောသလို တူတာမှ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးကို တူတာပဲ။

ကိုပေါက် ရေခဲသေတ္တာဆီသို့ လျှောက်သွားကာ အအေးတစ်ပုလင်းထုတ်ပြီး ဖန်ခွက်တစ်ခွက် ယူလာသည်။

"သောက်နော် အဟဲ အအေးက တစ်ပုလင်းပဲရှိလို့ သျှင်မင်းနင်တော့ သောက်မနေပါနဲ့တော့၊ နင်က နေသွေးပြန်လာရင် အလိုလိုရင်အေးသွားမှာမို့"

"ကိုပေါက် ညှော်သည်ရေ့မှာ ဘာတွေပြောနေတာလဲလို့ စိတ်ကိုအောင် လာမစနဲ့နော်"

သျှင်မင်း နှုတ်ခမ်းစူ၍ ပြန်ရန်တွေ့သည်။ ကိုပေါက် တဟဲဟဲဖြင့်ရယ်ရင်း အိမ်အပြင်ဘက်ကို အကြည့်ရောက်သွားကာ

"ဟော ပြောရင်းနဲ့ လာပါပြီဗျာ၊ မင်းသားချောမောင်နေသွေး"

ကေသွေးရော သျှင်မင်းပါ လမ်းမဘက်သို့ ဖြိုင်တူလှည့်ကြည့်လိုက်ကြသည်။ နေသွေး အိမ်ပေါ်တက်လာသည်။ သူ့အကြည့်တွေက ကေသွေးဆီမှာ။ ရုပ်ချင်းက ခွဲမရအောင် တူနေ၍ တော်တော်လေးအံ့သြနေပုံရသည်။

သျှင်မင်း အခြေအနေကို အပြုံးဖြင့် စေ့ကြည့်အကဲခတ်လိုက်ပြီး

"နေသွေး ရှင်အရမ်းအံ့သြနေတယ်မဟုတ်လား၊ ဒီက အစ်ကိုက နင်နဲ့ရှုမ်ချင်းပါဆင်ရုံတင်မဟုတ်ဘူး၊ နာမည်ချင်းပါ တူတာ"

နေသွေး သျှင်မင်းအား ဘာမှတော့ပြန်မပြော။ ကေသွေးကို





ခြေဆုံးခေါင်းဆုံး ကြည့်ပြီး

"ခင်ဗျားနဲ့ကျွန်တော် အမြွှာညီအစ်ကို မဟုတ်တဲ့ ဘာကြောင့် ရုပ်ချင်းအဲလောက် ခွဲမရအောင် တူနေရတာလဲ"

"ကိုယ်လည်း အဲဒီအကြောင်းအရင်းရဲ့အဖြေကို ဖော်ထုတ်ချင်လို့ မင်းဆီကို ရောက်လာခဲ့တာပဲ၊ မင်းရဲ့နာမည်က မာန်နော်"

တမင်ပင် အိပ်မက်ထဲက နာမည်ကို မေးလိုက်ခြင်းဖြစ်သည်။ နေသွေး မျက်နှာပျက်သလိုဖြစ်သွားပြီး ကြွေခြုံပြန်ဆည်ကာ

"ဟာ နေသွေးဦးပါ"

"ကိုယ်ပြောတာ နောက်ထပ်နာမည်တစ်ခုပါ၊ ကိုယ့်မှာလည်း ကေသွေးယု ဆိုတဲ့နာမည်အပြင် ဂုဏ်ဆိုတဲ့နာမည်တစ်ခုလည်း ထပ်ရှိသေးတယ်"

နေသွေး ဒုတိယအကြိမ် မျက်ခုံးနှစ်ဖက် မြင့်တက်ကာ ကေသွေးကို တအံ့တသြကြည့်ပြီး

"အဲ အဲဒီတော့ ဒီ ဒီနာမည်တွေနဲ့ ကျွန်တော်က ဘာပတ်သက်လို့လဲ"

"ပတ်သက်တာပေါ့၊ ဂုဏ်နဲ့မာန်ဆိုတာ အမြွှာညီအစ်ကိုဖြစ်ခဲ့ရတယ်၊ ဒီဘဝမှာတော့ မဟုတ်ဘူး အရင်ဘဝကပေါ့"

"ဘာ ဘယ်လို အရင်ဘဝက ဟုတ်လား"

နေသွေးပုံစံက အနည်းငယ် တုန်လှုပ်သွားဟန်ရှိသည်။ သျှင်မင်း ထင်မှတ်မထားသော စကားကြောင့် အတော်လေးအံ့သြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါက် လုပ်လက်စအလုပ်ကိုရပ်ပြီး ကေသွေးဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဟုတ်တယ် မာန်၊ ကိုယ့်ကိုမွေးတော့ ကိုယ့်ရဲ့ခါးမှာ မား ဒဏ်ရာကြီးနဲ့ သွေးတစ်စက်စက်နဲ့ မွေးလာတာ"

ကေသွေးစကားကြောင့် နေသွေး ကြက်သီးတွေ ဖြန်းခနဲ ထ လာရလောက်အောင်ကို တုန်လှုပ်ချောက်ချားသွားသည်။

"ဟယ် တကယ် အမလေး ဒါဆိုရင် သာမန်တိုက်ဆိုင်မှုမဟုတ် တော့ဘူးပဲ၊ ဟောဒီက နေသွေးကလည်းလေ သူ့ကိုမွေးတော့ ကျောမှာ သွေးစို့နေတဲ့ဒဏ်ရာ ပါလာတယ်တဲ့"

"သျှင်မင်း ဘာတွေလျှောက်ပြောနေတာလဲ"

ကြားဖြတ်ပြီး ထူးဆန်းအံ့ဩစွာ ဝင်ပြောနေသော သျှင်မင်းကို နေသွေး ဟန့်တားလိုက်သည်။

"လျှောက်ပြောတာ မဟုတ်ပါဘူးနော်၊ ရှင့်အမေကိုယ်တိုင် သျှင်မင်းကို ပြောခဲ့ဖူးတယ်လေ၊ ရှင်မေ့နေပြီလား"

"တ တကယ်လား တကယ်လား ညီလေး၊ ကိုယ့်ကို အဲဒီ ဒဏ်ရာ ခဏလောက်ပြပါလား"

ဝမ်းသာလွန်း၍ နေသွေး၏လက်ကို လှမ်းကိုင်ပြီး ရင်ထဲကအ အတိုင်း တောင်းခံလိုက်သည်။ နေသွေး ငြင်းသည်။

"ဟာ မ မကြည့်ချင်ပါနဲ့ဗျာ၊ ကျွန်တော် မပြချင်ဘူး"

"ရပါတယ်ကွာ မပြချင်ရင် မပြပါနဲ့၊ ဒါပေမဲ့ မင်းရင်ထဲမှာ





ဒီထားရမှာက ကိုယ်ဟာ မင်းနဲ့ဒီဘဝမှာ ဘာပတ်သက်မှုမှမရှိပေမယ့် အရင်ဘဝကတော့ ညီအစ်ကိုတော်စပ်ခဲ့တယ်"

"ဒါ လုံးဝမဖြစ်နိုင်ဘူး"

ယုံကြည်ချင်စိတ်ကို အတင်းချိုးနှိမ်ပြီး ဘာမှစိတ်မဝင်စားသလို ဟန်ဖြင့် ယတိပြတ်ဆန့်ကျင်ငြင်းဆန်လိုက်သည်။

အထောက်အထားတွေက ခိုင်မာနေသည်မို့ အံ့ဩမှုတွေက တော့ နေသွေး၏ရင်ထဲမှာ ရေပန်းတွေလို ဖွာလန်ကြဲနေသည်။

သို့သော် ယုံကြည်မှုနောက်ကိုလိုက်ပြီး အချိန်တွေဖြုန်းတော့ မှာ အကျိုးဆက်က ကောင်းလာမှာမို့လား။ စိတ်ဆင်းရဲစရာတွေအပြည့် သည့် အတိတ်ကို ဘယ်နည်းနဲ့မှ ပြန်မသွားချင်။ ဟိုအရင်ဘဝမှာ ချင်ခန္ဓာနဲ့ နိဂုံးချုပ်ခဲ့ပြီးပြီမို့ ဒီဘဝမှာ ဒီခန္ဓာနဲ့ ဘဝတစ်ခုကို အေးအေး ချမ်းချမ်း တည်ဆောက်ချင်သည်။

ဒီအဖြစ်တွေ လူကြားထဲချပြောလျှင် လူတွေစိတ်ဝင်စားလောက် မယ့် နေသွေးကတော့ အရာအားလုံးကို ဘာတစ်ခုမှ ပြန်၍မမှတ်မိချင် [illegible]

"ကျွန်တော့်ကို တွေ့ချင်တာ ဒီကိစ္စကြောင့်လား"

"ဟုတ်တယ် ကိုယ်တို့ညီအစ်ကိုဆိုတာ လာပြီးသက်သေထူတာ ပြောက်ပြီး မင်းနဲ့စကားတွေအများကြီး ပြောစရာရှိတယ်၊ ကိုယ်မွေးက ည်းကစပြီး အခုအသက်နှစ်ဆယ်ကျော်တဲ့အထိ ကိုယ့်ဘဝကို အိမ်နက် ကြားထဲမှာ နစ်မျောခဲ့ရတယ်၊ အဲဒီအိပ်မက်ထဲက မြင်ကွင်းပုံရိပ်တွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးခြင်းကို ခံခဲ့ရတယ်၊ ကိုယ်ဟာ အတိတ်ဘဝက ဂုဏ်ဖြစ်ခဲ့ရင်
ရင် မင်းကမာန်ပဲဖြစ်ရမယ်၊ ကိုယ်တို့က အရင်ဘဝ ညီအစ်ကို
တော်ခဲ့ကြတယ်''

ပြောရင်းဖြင့် ကေသွေးအသံမှာ ငိုသံပါလာသည်။

''အတိတ်ဆိုတာ ရှိခဲ့ပေမယ့် အရင်ဘဝက ကိုယ်ဘာဖြ
တယ်ဆိုတာကို အိပ်မက်ထဲက အကြောင်းအရာတွေနဲ့ သက်သေထူ
ဆွေမျိုးစပ်နေတာ လက်တွေ့သိပ်မဆန်ပါဘူး အစ်ကိုရာ''

နေသွေး လက်ခံပုံမပြသဖြင့် မျှော်လင့်ချက်တွေ မောရှ
သည်။ အရင်ဘဝက အကျင့်စရိုက်အတိုင်း လက်တွေ့မကျလျှင် ဘ
မယုံကြည်တတ်သော မာန်ပါလား။

''ဒီလောက် တိုက်ဆိုင်မှုတွေများနေတာ လက်တွေ့မြင်ရ
သေးလို့လား မာန်ရယ်''

''ကျွန်တော် မာန်မှမဟုတ်တာ၊ ကျွန်တော့်နာမည် နေသွေး
ပါ''

''ကိုယ့်နာမည်ကလည်း ကေသွေးယုပါ၊ မင်းဒီထက်အံ့ဩ
မှာက မင်းနဲ့ကိုယ်နဲ့ မွေးနေ့ချင်းပါ တစ်ထပ်တည်းကျနေတာပဲ''

''ဟင်''

နေသွေး မျက်လုံးပြူးသွားသည်။ မွေးနေ့ထပ်တူကျတာ
အံ့ဩတာမဟုတ်။ နေသွေးမွေးနေ့ကို သူ ဘယ်လိုသိတာလဲဟူသော
အံ့ဩစိတ်ကြောင့်ဖြစ်သည်။





''သျှင်မင်း ပြောလိုက်တာပါ နေသွေး၊ သျှင်မင်းက နေသွေး မွေးနေ့ကို သိလို့ ပြောပြလိုက်မိတာပါ၊ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး''

''မင်းနဲ့ကိုယ် ညီအစ်ကိုဆိုတာ မင်းလက်မခံလို့ မရဘူး''

လျှာရှည်လွန်းသော သျှင်မင်းဟုပဲ စိတ်ထဲက အပြစ်တင်လိုက်သည်။

''ကျွန်တော်က အတိတ်ကိုပြန်သွားချင်တဲ့သူမဟုတ်ဘူး၊ ကျွန်တော့်ဘဝကို ပစ္စုပ္ပန်မှာပဲနေနိုင်ပြီး အနာဂတ်ကိုလည်း မျှော်မကြည့်နိုင်းထားဘူး''

ပြောရတာ လက်ပေါက်ကပ်လိုက်တာ။ ကိုယ်က သံယောဇဉ်တွေကို ဒီဘဝထိ သယ်နိုင်သမျှ ထုပ်ပိုးသယ်လာခဲ့သလောက် မာန်က အားလုံးကိုခါချနေသည်ပဲ။

''ကိုယ့်ကို မေ့မယ်ဆို မေ့လို့ရတယ်၊ ဒါပေမဲ့ ကိုယ်တို့အမေ ဒေါ်မြကမ္ဘလာကိုတော့ မင်းမမေ့သင့်ဘူးထင်တယ်၊ ဒီလောကကြီးထဲမှာ ကိုယ်တို့မေမေ ဒေါ်မြကမ္ဘလာ ရှိနေသေးမယ်ဆိုရင် ကိုယ်တို့သွားတွေ့သင့်တယ်၊ ကိုယ် ဒါပဲပြောချင်တယ်၊ တွေ့သင့်မတွေ့သင့်ကိုတော့ မင်း စဉ်းစားပါ''

ထိုသို့ပြောပြီး ထိုင်ရာမှ ထလိုက်သည်။ သျှင်မင်း မော့ကြည့်ပြီး

''ပြန်တော့မလို့လား ကိုကေသွေး''



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မယ်ဖေလေ၊ နေသွေးကို စဉ်းစားဖို့အချိန်တော့ ပေးဦးမှာပေါ့"

နေသွေးကိုကြည့်ပြီး ပြောလိုက်သည်။ နေသွေး ဘာမှပြန်မပြော။

ရှိစေတော့ ခုချက်ချင်းကြီးတော့ ဆန္ဒတွေ ဘယ်လာပြီး တစ်ထပ်တည်းကျမှာလဲ။

■ ■ ■

## အခန်း (၁၁)

"မင်း ဘယ်ကပြန်လာတာလဲ သား၊ မိုးချုပ်လို့ အဖေ စိတ်ပူနေတာ"

အိမ်ထဲကို အင်အားမရှိသောခြေလှမ်းတွေဖြင့် ဝင်လာစဉ် ညနေခန်းထဲမှာ ညှိသည်နှင့်အတူထိုင်နေသော ဦးဖင်အောင် လှမ်းမေးခြင်း ဖြစ်သည်။

"ဒီနေ့ သူငယ်ချင်းတစ်ယောက်နဲ့ သွားတွေ့ရင်း စကားကောင်းနေတာနဲ့ နောက်ကျသွားတာပါ"

ဖခင်ရှေ့တွင်ထိုင်နေသော အသက်ငါးဆယ်ခန့် အန်ကယ်ကြီး တစ်ယောက်ကိုလှမ်းပြီး အကဲခတ်လိုက်သည်။

"ဒါ မင်းရဲ့သားလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်လေ ငါနဲ့မတူလို့လား"

"တခြားစီ သူ့အမေနဲ့တူတာကွ"

"သား ဒါ ဖေဖေ့အချစ်ဆုံး သူငယ်ချင်းလေ၊ ဦးခင်မောင်မြင့်

တဲ့၊ ဒီမှာ သုံးလေးရက်တည်းမှာ"

"ဩော် ဟုတ်ကဲ့ခင်ဗျ"

စိတ်ထဲမှာ သိပ်ပြီးမကြည်လင်ပေမယ့် ဖေဖေ့မိတ်ဆွေကိုတော

ရည်မွန်စွာ ပြုံးပြလိုက်သည်။

"ကဲ ကဲ မင်းဗိုက်ဆာရောပေါ့၊ ထမင်းသွားစားချေတော့"

ရင်ထဲမှာ မွန်းကြပ်လွန်း၍ စားချင်စိတ်ပင်မရှိ။ ခန္ဓာကိုယ်က

တစ်ကိုယ်တည်းရှိနေပေမယ့် စိတ်တွေက နှစ်ခုဖြစ်နေသည်။

ရုပ်တစ်ခု နာမ်တစ်ခု ဘဝဖြင့် နေနေရသည့် ဒုက္ခက တကယ်

ကို မလွယ်လှ။

"ကျွန်တော် ထမင်းမစားတော့ဘူး"

"အပြင်က စားလာလို့လား"

"ဟုတ်ကဲ့ ဦး ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး အေး"

နှုတ်ဆက်ပြီး အခန်းထဲ ဝင်လာလိုက်သည်။ အခန်းထဲရောက်

သည်နှင့် အဝတ်အစားပင်မလဲနိုင်တော့။ ခုတင်ပေါ်ပစ်လှဲပစ်လိုက်သည်

မတင်မကျ ခံစားနေရသော ဝေဒနာထုက ရင်ထဲဆို့တက်လာ

သဖြင့် သက်ပြင်းမောကို မသက်မသာချရင်း မျက်စိကိုစုံမှိတ်ပစ်လိုက်





သည်။

အသိစိတ်တွေက ခဏချင်းမှာပင် အိပ်မောကျသွားသည်။

အခန်းတွင်း၌ ကောသွေးဓါတ်အသက်ရှူသံ မှျင်းမှျင်းသာ ထွက်

ပေါ်လာသည်။

ဦးဖင်အောင် အခန်းဝမှာလာရပ်ပြီး ကောသွေးကို အကဲခတ်

သည်။ ဒီညရော အိပ်မက်ဆိုးတွေ မက်ဦးမှာလား။ စောင့်ကြည့်ရဦးမှာ

■ ■ ■

"ကိုယ်ဖြစ်ကိုယ်ခံ သန္တိဌာန် ရင်မှာစွဲမှတ်ထား ဘယ်သူမပြု

ပြုအောင်စိတ်ကိုထားတဲ့"

"တင်ပို့ သိပ်ကိုမှန်ကန်တဲ့ ဆောင်ပုဒ်လေးပါဘုရား"

ဆရာတော် ရွတ်ပြသော နီတိလေးကို ဒေါ်မြကမွလာ သဘော

ခပ်တိုးတိုးလိုက်ရွတ်သံက ကောသွေးနားထဲ ခပ်တိုးတိုး စိမ့်ဝင်

သည်။

"အိမ်းမှန်ကန်ရုံနဲ့ မပြီးသေးဘူး၊ ဒီထဲကအတိုင်း ကျင့်ကြံနိုင်မှ

ကမှာ လူတော်လူကောင်းဆိုတဲ့ဂုဏ်သတင်းက မွှေးပျံ့နေမှာ၊ ဒီ

လေး ရွတ်ပြတာ အလကားမဟုတ်ဘူး ဘုန်းကြီးက သတိပေးတဲ့

ဘာပဲ"

"တင်ပို့ပါဘုရား"

"ဒေါ်သတွေဖြစ်လာတိုင်း ဘုန်းကြီးရွတ်ပြတဲ့ ဒီဂါထာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှုတ်ကြည့်ကြ ဟုတ်ပြီလား"

အိပ်မောကျနေပေမယ့် ပုံရိပ်တွေက ထိုကာလတစ်ခုဆီသို့ ရောက်ရှိသွားသလို အသိစိတ်တွေက ဝေဝါးနေသည်။

ဘုန်းကြီးကျောင်းဝင်းထဲမှ ထော်လာဂျီဖြင့် သားအမိသုံးယောက် ထွက်လာပြီး ရွာလမ်းအတိုင်း မောင်းလာသော မြင်ကွင်းအား ကိုယ်ကိုယ်တိုင် ပါဝင်ပေမယ့် ရုပ်ရှင်ပြကွက်တစ်ခုကို ကြည့်နေရသလို မြင်နေရသည်။

ပြီးနောက် အပျိုတစ်သိုက်ကို ခြောက်လှန့်လိုစိတ်ဖြင့် ဟွန်း အကျယ်ကြီးတီးလိုက်၍ အပျိုတစ်သိုက် လန့်ပြီး လမ်းဘေးသို့ ဖယ်၍ ပြေးဆင်းကြသည်။

ထိုအချိန်တွင် လူယုတ်မာ နောင်လတ်၏အသံ တိုးဝင်လာ သည်။ နောင်လတ် မကျည်းပင်ကြီးနောက်မှ ထွက်လာသည်။

"ဟေ့ လူလေးတို့ မင်းတို့ကြောင့် မဒီလေးတွေ ကတ် လျှောက်နေတာ ဟန်ချက်ပျက်သွားကြပြီကွ"

"ဟဲ့အကောင် နောင်လတ် ရှေ့ကဖယ်စမ်း"

အမေ့အသံက မာန်အပြည့်ဖြင့် ဟိန်းနေသည်။

"ငါ့ကိုအကောင်လို့မပြောနဲ့ ငါ ခွေးမဟုတ်ဘူး"

"ခွေးတောင် မောင်းလိုက်ရင် လမ်းဖယ်ပေးသေးတယ်။ နင် ခွေးလောက်တောင်မှ အသိဉာဏ်မရှိတာ"

"မြကလေး မင်း မင်းကွာ"





"ဟေ့လူကြီး ခင်ဗျား ကျုပ်အမေကို မြကလေးလို့ ခေါ်စရာ မလိုဘူး။ ခင်ဗျားပါးစပ်နဲ့မတန်ဘူး။ ခု ရှေ့ကနေဖယ်နော် မဖယ်ရင် ကျုပ်တို့ဝင်တိုက်ပစ်လိုက်မှာ"

ထိုသို့အော်နေရင်း ထော်လာဂျီကို အရှိန်ဖြင့် ဆောင့်ထွက်သွား သည်။ လူတွေကို တိုက်မိကုန်သလိုမျိုးစိတ်မှာ ခံစားရသည်။

ကေသွေး ခုတင်ပေါ်မှ ရှန်းကန်လျက် မျက်လုံးက ဆတ်ခနဲ ပွင့်လာသည်။ ခုတင်ဘေးကို ကြည့်လိုက်သည်။ ညမီးရောင်လဲ့လဲ့အောက် မှာ လူနှစ်ယောက် ရပ်ကြည့်နေသည်။

သူတို့ဘယ်သူတွေပါလိမ့်။ အိပ်ချင်မူးတူး မျက်လုံးကို ပွတ်ကြည့် လိုက်သည်။

"ဟင် မေမေ မာန်"

ရယ်ပြနေသော မေမေနှင့်မာန်ကိုမြင်လိုက်ရ၍ ဖျတ်ခနဲ ထထိုင် လိုက်သည်။

"သား ကေသွေး"

"မေမေ့ပါးစပ်က ဂုဏ်လို့ခေါ်ရမှာလေ မေမေက ဘာလို့ ကေသွေးလို့ ခေါ်နေရတာလဲ"

မေမေ့ကိုကြည့်ရင်း ကြည့်ရင်း မေမေ့မျက်နှာက ဖေဖေ့မျက်နှာ ဖြစ်လာသည်။ မာန်ကလည်း မာန့်မျက်နှာမဟုတ်တော့။ အမေနှင့်တွား ပြောနေသည့် အဖေ့ညီသည်ဖြစ်နေသည်။

"သား မင်း ဘယ်သူ့နာမည်တွေကို ခေါ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဖေဖေ မေမေရော မေမေ"

"ဟော့ကောင် သား ကြောင်စီစီနဲ့ ဘာဖြစ်နေတာလဲ၊ ဒီမှာ ဘာအမေမှမရှိဘူး။ ထုံးစံအတိုင်း မြကမ္ဗလာတို့ မာန်တို့ ဂုဏ်တို့တွေကို မက်နေပြန်ပြီလား"

"ဟုတ် ဟုတ်တယ် အဖေ၊ ဒါနဲ့ အဖေတို့သား အခန်းထဲ ဘာလာလုပ်ကြတာလဲ"

"သားအခန်းထဲက အသံတွေကြားလို့ ဝင်ကြည့်တာလေ"

တကယ်တော့ ဦးဇင်အောင် မုသားသုံးလိုက်ခြင်း ဖြစ်သည်။ ကလေး၏အခြေအနေကို စောင့်ကြည့်လို၍ ဝင်လာကြခြင်းဖြစ်သည်။

ကလေး၏အိပ်မက်တွေထဲမှ အကြောင်းအရာတွေကို တစ်ခါ မက်တိုင်း တစ်ခါမှတ်တမ်းလုပ်ထားသည့်စာအုပ်ကိုလည်း စိတ်ရောဂါ ဆရာဝန် ဦးခင်မောင်မြင့်ကိုလည်း ပြပြီးပြီဖြစ်သည်။ ထို့ကြောင့်လည်း အခြေအနေကို စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

"ကဲ မိုးလင်းပြီ ထတော့ ဖေဖေ မနက်စာပြင်ဆင်ထားပြီး သွားပြီ"

ပြောပြီး အပြင်ပြန်ထွက်သွားကြသည်။ ကလေးနေရာမှာတင် ငူငူကြီး ကျန်ခဲ့ပြီး အိပ်မက်ထဲမှ မြင်ကွင်းတွေကို ပြန်လည်ပုံဖော်ကြည့် နေမိသည်။

အတွေးထဲမှာတင် ပုံရိပ်တွေက ပြတ်ပြတ်သားသား ထင်ထင် ရှားရှား။





နှုတ်မှလည်း

"မေမေ ညီလေး မာန် ဘာဖြစ်လို့များ တစ်ဘဝစီရှင်သန်နေ ကြရတာလဲ၊ မေမေ ဘယ်မှာလဲ လောကကြီးထဲမှာ ရှိသေးလား"

မေမေသာ အသက်ထင်ရှားရှိဦးမည်ဆိုလျှင် အိပ်မက်ထဲကလို နှုတ်ဆိုနိုင်ပါဦးမလား။

ဖရာတွေတောင်းနေလောက်ပြီဖြစ်ပြီ။ အကယ်၍ ရှိခဲ့ဦးမည်ဆို လျှင် မေမေ့အသက်ခြောက်ဆယ် ခုနစ်ဆယ်ဝန်းကျင်ခန့် ရှိနေလောက် ပြီလား။

အရင်ဘဝက မေမေ့ကို တွေ့ချင်စိတ်တွေ တဖွားဖွား ပေါ်လာ သည်။

မေမေ အသက်ရှင်လျက်ရှိနေသေးလား။ သား မေမေ့ဆီကို လာချင်တယ်မေမေ။ သား ဘယ်လိုလုပ်ရမလဲ။ ကံကြမ္မာက အရင်ဘဝက ခင်အမေဟာ ဘယ်နေရာမှာရှိနေတယ် သွားဟု ပြောလာလျှင် ခုချက် ချင်းပင် ထိုနေရာကို အမောတကော ပြေးသွားပြီး မေမေ့ရင်ခွင်မှာ ခိုလှုံလိုက်ချင်ပါတယ်။

လောကကြီးရေ အသက်ရှင်လျက်နဲ့ ကျွန်တော်တို့မိသားစုတွေ ကို ပြန်လည်ဆုံဆည်းခွင့်ပေးပါ။

တောင်းဆိုပါတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အိမ်ရှင်တို့ ဂုဏ်ရေ ဂုဏ်"

ဦးဖင်အောင်နှင့် ဦးခင်မောင်မြင့် ဧည့်ခန်းတွင်ထိုင်ပြီး ကေသွေး၏ စိတ်ရောဂါအခြေအနေအကြောင်းတွေ တိုင်ပင်ဆွေးနွေးနေကြတုန်း အိမ်ရှေ့မှ ခေါ်သံကြောင့် ကဲကြည့်လိုက်ကြသည်။

"ဟင် ခင်ဗျားသားမို့လား"

နေသွေးနှင့်ကိုပေါက် ခြံဝတွင်ရပ်ပြီး အိမ်ထဲကို လှမ်းကြည့်ကာ အော်ခေါ်နေသည်။ နေသွေးကိုမြင်ပြီး ဦးဖင်အောင် ထိုင်ရာမှ ထလိုက်ပြီး

"ဒီကောင် စောစောကပဲ နောက်ဖေးမီးဖိုခန်းထဲ ကော်ဖီဖျော်ပေးမယ်ဆိုပြီး ထသွားတယ်၊ အခု ဘယ်နှယ်ကြောင့် အိမ်ရှေ့မှာ ဧည့်သည်လို အော်ခေါ်နေရတာလဲ"

တစ်ယောက်ထဲပြောပြီး ဧည့်ခန်းထဲမှ ထလိုက်သည်။ ဇဝေဇဝါ





ခြေလှမ်းတွေဖြင့် အိမ်ရှေ့အပေါက်ဝမှာရပ်လျက်

"ကေသွေး မင်း ဘယ်တုန်းက အိမ်အပြင်ကိုထွက်သွားရတာ တုန်း ဘယ်မှာလဲ ကော်ဖီ"

"ကျွန်တော် ကေသွေး မဟုတ်ပါဘူး ခင်ဗျ"

ထိုစကားကြောင့် ဦးဖင်အောင် မျက်လုံးအဝိုင်းအသား ဖြစ်သွားသည်။ ဦးခင်မောင်မြင့်ပါ ထိုင်ရာမှ ထလာပြီး ခြံဝတွင်ရပ်နေသော နေသွေးကို မျက်မှောင်ကျုံ့ပြီး ကြည့်ရင်း

"ဟေ့လူ ဒါခင်ဗျားသား မဟုတ်လောက်ဘူးနော်၊ ဒီသူငယ်ရဲ့ ဆံပင်က နီကြောင်ကြောင်နဲ့ ဆေးတွေဆိုးထားတယ်၊ မိနစ်ပိုင်းလောက်နဲ့ ဒီလာ ဆံပင်ကေက မပြောင်းလောက်ဘူး"

"ဟင် နေသွေး"

ကော်ဖီဗန်းကိုင်ပြီး ထွက်လာသော ကေသွေးမှာ ခြံဝတွင်ရပ်နေကြသော နေသွေးနှင့်ကိုပေါက်ကိုတွေ့ပြီး လက်ထဲမှကော်ဖီဗန်းကို စားပွဲပေါ် ကမျာကယာချပြီး ဦးဖင်အောင်နှင့်ဦးခင်မောင်မြင့်အား ရှောင်ထွက်လာပြီး ခြံသို့ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းထွက်လိုက်သည်။

"နေသွေး ကိုယ့်ဆီလာတယ် လာလည်ဖို့ ဖိတ်ထားပေမယ့် လာမယ်လို့ ထင်တောင်မထင်ဘူးကွာ လာ အိမ်ထဲလာကြ"

ဝမ်းသာလွန်း၍ ခြံတံခါးဖွင့်ပေးနေသော လက်အစုံမှာ တုန်ယင်နေသည်။ နေသွေးနှင့်ကိုပေါက် ခြံထဲဝင်ခဲ့ကြသည်။

www.burmeseclassic.com



"သား သူ သူတို့က ဘာကြောင့် သားနဲ့ချုတ်စွတ်တူနေရတာ လဲ"

ဦးဖင်အောင် မအောင့်အီးနိုင်တော့ဘဲ မေးလိုက်သည်။

"အရင်ဘဝက သားနဲ့ညီအစ်ကိုတော်ခဲ့ကြတဲ့သူပေါ့ အဖေရယ် အရင်ဘဝက နာမည်က မာန်တဲ့၊ ခုဘဝရဲ့နာမည်က နေသွေးတဲ့ အဖေ့ကို လက်တွေ့ပြချင်လို့ အိမ်ကိုအလည်ဖိတ်လိုက်တာ"

"ဟေ"

ဦးဖင်အောင်နှင့်ဦးခင်မောင်မြင့် အံ့ဩလွန်း၍ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"လာ ဝင်ထိုင်ကြ ကေသွေး သူငယ်ချင်းတွေအတွက် ကော် လုပ်ပါဦး"

"ကျွန်တော်တို့ကော်ဖီဆိုင်က ခုပဲထလာလို့ပါ ဦး၊ မသော တော့ပါဘူး"

"ဒီသူငယ်က အရင်ဘဝက သားရဲ့ညီဆိုတာလား"

"ဟုတ်တယ် အဖေ"

"အေးကွာ လောကကြီးက တကယ်လည်း ဆန်းကြယ်ပါလား ဒီခေတ်ကြီးထဲမှာ ဒီလိုအဖြစ်ဆန်းတွေ ကွယ်ပျောက်မှိတ်သုန်းသွားပြီ ထင်ထားခဲ့တာ၊ မကွယ်ပျောက်သေးပါလား။ ကြုံမယ့်ကြုံတော့လည်း ကိုယ်မွေးသည့်သားက လာကြုံနေရသည့်အဖြစ်"

"ဒီထက်ဆန်းကြယ်တာ ရှိသေးတယ် အဖေ၊ သားကိုမွေးတုန်

ဘီလူးနှစ်ကောင် ◈ ၁၁၇

ဘာ ခါးမှာဓားဒဏ်ရာပါသလို နေသွေးကျောမှာလည်း ဓားဒဏ်ရာပါ လာတယ်"

"ဟေ ဟုတ်လား သြော် ကြားရတာ အထူးအဆန်းပါလား ကွယ်၊ ဒါနဲ့ သားကရော အိပ်မက်တွေ ခဏခဏ မက်လား။ ဥပမာကွာ ကေသွေးလို အရင်ဘဝကပုံရိပ်တွေကို ပြန်ပြန်မက်သလိုပေါ့"

တစ်ချိန်လုံး နှုတ်ဆိတ်နေသော နေသွေး ဦးဖင်အောင်အမေး ကြောင့် သက်မတစ်ချက်ရှိုက်လိုက်သည်။

"အဲဒီလိုတော့ မမက်ဘူး။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ အမေနဲ့ အစ်ကိုရှိသေးပါလားဆိုတဲ့စိတ်ကြီးက ဝင်ဝင်လာတယ်"

"မင်းမှာရော အမေနဲ့အစ်ကို တကယ်ရှိလား"

"ဟင့်အင်း မရှိဘူး။ ကျွန်တော်တစ်ယောက်ထဲမွေးတာ၊ နောက် ပြီး အမေကဆုံးပြီး အဖေလည်းဆုံးပြီ"

ပြောရင်းဖြင့် နေသွေးအသံတွေ တုန်ယင်အက်ရှလာသည်။

"နောက်ပြီး အိပ်မက်မဟုတ်တဲ့နဲ့ ကျွန်တော့်မျက်စိထဲမှာ ပုံရိပ် တွေကို ပြန်မြင်ယောင်နေတယ်၊ အဲဒီပုံရိပ်တွေက လူတွေထဲမှာ ကျွန်တော် ချစ်တဲ့သူတွေလည်းပါတယ်၊ ကျွန်တော်အသေမုန်းပြီး သတ်ပစ်ချင်တဲ့ သူလည်းပါတယ်၊ ဒါပေမဲ့ သူတို့ဘယ်သူလဲ ကျွန်တော် မသိဘူး"

နေသွေးစကားကို အားလုံး စိတ်ဝင်တစား နားထောင်နေ ကြပြီး ဦးခင်မောင်မြင့်က ဝင်မေးသည်။

"အဲဒီလို ဖြစ်ရပ်မျိုး ဘယ်အချိန်ကာလလောက်မှာ ဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လေးတန်းနှစ်လောက်မှာ စဖြစ်ခဲ့တာပါ၊ အဲဒီလို
ဖြစ်ခဲ့တုန်းက မေမေ့ကိုပြောပြခဲ့တယ်၊ မေမေက မယုံဘူး၊ ကျွန်တော်
ပေါက်ကရတွေလျှောက်ပြောနေတယ်ဆိုပြီး ဆူတယ်၊ အဘွားက ရွေ
လူကြီးပီပီ ကျွန်တော့်လည်ပင်းမှာ ပရိတ်ကြိုးဆွဲပေးတယ်၊ ရေမန်းတွေ
တိုက်တယ်"

"အဲလိုလုပ်တော့ ပျောက်သွားရောလား"

ဦးခင်မောင်မြင့် စိတ်လောစွာ ကြားဖြတ်မေးလိုက်သည်။

"ဟင့်အင်း ပျောက်မသွားဘူး၊ အဲဒါနဲ့ အဘွားကိုထပ်ပြော
တော့ အဘွားက ဆရာကြီးတစ်ယောက်ဆီခေါ်သွားတယ်၊ အဲဒီဆရာကြီး
က ဆေးမှုန့်နီနီတွေကို ဂါထာမန္တန်တွေရွတ်ပြီး တိုက်တယ်၊ အဲဒီဆရာကြီး
ဆီက ပြန်လာတဲ့နောက်ပိုင်း ကျွန်တော် အဲဒီလူတွေကို သိပ်မမြင်
တော့ဘူး၊ နောက်ပြီး ဆရာကြီးပြောတာ ခုထိမှတ်မိနေသေးတယ်"

"ဘာ ဘာပြောလိုက်လို့လဲ၊ အဲဒီဆရာကြီးက အဲဒီလူတွေ
မင်းရဲ့အရင်ဘဝက ဆွေမျိုးမိဘတွေလို့ ပြောလိုက်တယ်မဟုတ်လား"

ကေသွေး၏အလောတကြီးအမေးကြောင့် နေသွေး ဖျတ်ခနဲ
ကြည့်ကာ

"မဟုတ်ဘူး"

"ဟင် ဒါဆို ဘာပြောလိုက်တာလဲ"

"အတိတ်ဘဝကိုပြန်မှတ်မိလို့ မင်းအတွက် ဘာမှကောင်းပေ
မရှိဘူးတဲ့၊ ဒီဘဝကိုပဲ ကောင်းကောင်းမွန်မွန်နဲ့ ရှင်သန်အောင် ကြိုးစား

ပါတဲ့"

နေသွေးစကားကြောင့် ကေသွေးမျက်နှာ စိတ်မာတ်ကျသွား
ပုံဖြင့်

"ဒါပေမဲ့ ဒီကိစ္စတွေက ရှောင်လွှဲလို့မရအောင် တိုးဝင်လာပြီ
လေ၊ အဲဒါကို မင်းရှောင်လွှဲသွားမလား၊ ခု ကိုယ်က မင်းရှေ့မှာရောက်နေ
ပြီ မင်း ဘယ်လိုလုပ်မလဲ"

အားမလိုအားမရစိတ်ဖြင့် ထပ်ပြီး စည်းရုံးလိုက်ပြန်သည်။

"ကျွန်တော် အဲဒါတွေကို မယုံချင်ဘူး၊ ဒါတွေက တကယ်ဟုတ်
နိုင်ပါ့မလား၊ တိုက်ဆိုင်မှုတွေလည်း ဖြစ်နိုင်တာပဲလေ"

အမှန်တရားတစ်ခုထဲမှ ဖွတ်အတင်း ရုန်းထွက်နေသော
နေသွေးကိုကြည့်ပြီး ကေသွေး ကျွတ်ခနဲ စုတ်သပ်ကာ

"တိုက်ဆိုင်မှုဆိုရင်တောင် ဒီလောက်အသေးစိတ်ကျကျ တိုက်
ဆိုင်ပါ့မလား ညီရယ်၊ တို့ညီအစ်ကိုတွေ ချည်နှောင်ခဲ့တဲ့ သံယောဇဉ်
ကြိုးက ထုထည်ဘယ်လောက်ကြီးမားလိုက်သလဲ"

"သားတို့အဆင်ပြေမယ်ဆိုရင် ညနေမှပြန်ကြပါလား"

အားလုံးအကြည့်က ဦးခင်မောင်မြင့်ထံသို့

"ဒီလိုပါ ဦးက သားတို့ရဲ့မတင်မကျဖြစ်နေမယ့်ကိစ္စရပ်ကြီး
တစ်ခုကို ဖြေရှင်းပေးမယ်၊ မောင်ကေသွေး ခင်များလည်း မောင်နေသွေး
က သူ့ညီလို့ တစ်ထစ်ချထင်မှတ်ထားပေမယ့် မောင်နေသွေးအနေနဲ့
ယုံချင်မှယုံမှာလေ၊ အဲဒီတော့ နှစ်ဦးနှစ်ဖက် သံသယတွေမရှိအောင်

www.burmeseclassic.com



ဦးအနေနဲ့စမ်းသပ်မှုလေးတစ်ခု လုပ်ချင်တယ်"

"ဘယ်လိုစမ်းသပ်မှုလဲ ဦး"

ကေသွေးနှင့်နေသွေး ပြိုင်တူမေးလိုက်ကြသည်။

တကယ်တော့ ဦးက စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဦး

ခင်မောင်မြင့်ပါ။ ဟောဒီက မင်းအဖေ ကိုဇင်အောင်က မောင်ကေသွေး

အကြောင်းပြောပြလို့ ဦးက စိတ်ဝင်စားနေတာ၊ မောင်ရင်လို အဖြစ်မျိုး

တစ်ရာမှာတစ်ယောက် ကြုံခဲ့ရတဲ့အဖြစ်မျိုးမဟုတ်လား၊ ခုအခြေအနေ

အရဆို မောင်နေသွေးကပါ အလားတူအဖြစ်မျိုး ကြုံနေရပြီဆိုတော့

ဦးအနေနဲ့ မောင်နေသွေးကို စမ်းသပ်ချင်တယ် လက်ခံနိုင်မလား"

ဦးခင်မောင်မြင့်စကားကို လက်ခံဖို့ နေသွေး အင်တင်တင်

ဖြစ်နေသည်။ ကိုပေါက်က နေသွေးကိုလှမ်းကြည့်ပြီး

"မင်းလည်း စိတ်ရှင်းသွားအောင် အစမ်းသပ်ခံလိုက်ပါလား

နေသွေး"

ကိုပေါက်စကားကို ကေသွေးကပါ စိတ်အားထက်သန်စွာဖြင့်

"ညီလေး လက်ခံလိုက်ပါကွာ ဘာအန္တရာယ်မှမဖြစ်ပါဘူး။ မင်း

လည်းဒီအထိတောင် ရောက်လာခဲ့ပြီးပြီပဲ၊ ခေါင်းညိတ်လိုက်ပါကွာ"

အားလုံးက နေသွေး လက်ခံဖို့ကို မျှော်လင့်တောင့်တနေကြ

သည်။ နေသွေး ခပ်တွေတွေစဉ်းစားပြီး ကေသွေးကို တစ်ချက်လှမ်းကြည့်

လိုက်ပြီး ခေါင်းကိုခပ်လေးလေး တစ်ချက်ညိတ်ကာ

"အင်းလေ စမ်းကြည့်တာပေါ့"





"ဟာ ဝမ်းသာလိုက်တာ ငါ့ညီရယ်"

ကေသွေး မျက်နှာ ခုမှပင် ပြုံးနိုင်တော့သည်။

■ ■ ■

နေသွေးစိတ်အာရုံတို့သည် လှိုင်းစီးနေတာလား ဒါမှမဟုတ် ခန္ဓာ

ကိုယ်တစ်ခုလုံး လေပေါ်မှာဝဲပျံနေတာလား။ သူ့ဘေး ကျန်ခဲ့တဲ့ ခြံတွေ

သစ်ရိပ်ဝါးရိပ်တွေက ရိပ်ခနဲ ရိပ်ခနဲ ကျန်ခဲ့သည်။

သူ ခြံတစ်ခြံရှေ့မှာ ရပ်သွားသည်။ ခြံတွေ ရှေ့တစ်မျှော်တစ်ခေါ်

မှာ အများကြီးကျန်ပါသေးလျက် ထိုခြံရှေ့မှာရပ်ပြီး ရှေ့ဆက်မသွားနိုင်

တော့။ ခြေအစုံက သံလိုက်နှင့်ဆွဲထားသလို မရွှေ့မရ။

"မင်း အခုဘယ်ရောက်နေပြီလဲ"

"မြကမ္ဘလာလို့ ဆိုင်းဘုတ်တပ်ထားတဲ့ ခြံရှေ့ကိုရောက်နေ

တယ်"

နားထဲမှ တီးတိုးမေးသံကြောင့် ခြံရှေ့မှ ဆိုင်းဘုတ်ကိုကြည့်

ပြီး ဖြေလိုက်သည်။ ဘေးမှ

"ဘေးမှာ ဘယ်သူရှိလဲ"

"ဂုဏ် ဂုဏ်ရှိတယ်၊ ကျွန်တော်ရယ် ဂုဏ်ရယ် အဲဒီခြံထဲကို

ပြေးဝင်သွားကြတယ်"

"အိမ်ထဲမှာ ဘာတွေတွေ့လဲ မြင်သမျှကို ပြောပါ"

"မေမေ့အခန်းထဲမှာ မေမေ သတိလစ်နေတယ်၊ မေမေ့ကိုယ်လုံး

မှာသွေးတွေ မေမေ့ဆီပြေးသွားပြီး မေမေ့ကိုပွေ့ထူကြတယ်၊ ဂုဏ်မျက်



www.burmeseclassic.com

www.burmeseclassic.com



လာကြတယ်၊ ကျွန်တော်တို့ ငိုကြတယ်"

"ဟုတ်ပြီ နောက်ထပ်မြင်တာကို ဆက်ပြောပါ"

"အရွှး အရွှးတစ်ယောက်ကို မြင်နေရတယ်"

"ဟုတ်ပြီ အဲဒီအရွှးက ဘာပြောလဲ"

"ပွဲစားနောင်လတ်လို ဆိုင်ကယ်မျိုး လိုချင်တာ၊ ဟိုနေ့က ဒီခြံကိုဝင်တိုက်ပြီး အထဲကိုမောင်းဝင်သွားတဲ့စတိုင်က စောက်ရမ်းမိုက်တယ်ကွာလို့ ပြောတယ်"

"ဒါဆို မင်းအမေကို ခုလိုဖြစ်အောင်လုပ်တာ ဘယ်သူလဲ မင်း သိလား"

"သိတယ် နောင်လတ် နောင်လတ် ကျွန်တော့်အမေကို ဇော်ကားသွားတာ၊ သူ့ကိုသတ်မယ် ကျွန်တော် သူ့ကိုသတ်မှဖြစ်မယ်"

နေသွေး၏အသံသည် တဖြည်းဖြည်း ဒေါသသံတွေပေါက်လာသည်။ မေးစင်းနေသော မျက်ဝန်းမှ မျက်ရည်တို့စီးကျလာပြီး ဒေါသကြောင့် မေးရိုးများ ထောင်ထလာသည်။

"သတ်မယ် သတ်မယ် လူယုတ်မာ နောင်လတ်"

"နေသွေး နေသွေး ထတော့ အိပ်ရာက ထတော့"

သူ့ကိုလှုပ်နှိုးနေတာကြောင့် နေသွေး မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"သတ်မယ် နောင်လတ်ကိုသတ်မယ်"

"နေသွေး သတိထားလေ၊ မင်းအိပ်မက် မက်နေတာ"





ကိုပေါက် သေးမှုရပ်ကြည့်ကာ စိတ်မသက်မသာဖြင့် သတိပေးသည်။ ဒေါသကြောင့် နေသွေးမျက်နှာမှာ အကြောတွေထောင်ထလျက် နီမြန်းနေသည်။

"ညီလေး မေမေ့ကိုတွေ့လား မေမေ့ကိုတွေ့ခဲ့လား"

ကေသွေး အငမ်းမရ မေးသည်။

"တွေ့တယ် မေမေ့ကို ဟိုကောင်နောင်လတ် ဇော်ကားသွားတာ"

အသံက ပြတ်သားသည်။ သူ့ရှေ့တည့်တည့်ကို စိုက်ကြည့်သော နေသွေး၏ပုံစံက အငြိုးကြီးရန်လိုသောပုံပေါက်နေသည်။

"ရှေ့ ရေသောက်လိုက်ဦး"

ဦးခင်မောင်မြင့် ရေဖန်ခွက် လှမ်းပေးသည်။

"ကျွန်တော့်အမေကို ဇော်ကားတဲ့နောင်လတ်က ခင်ဗျားနဲ့ ဘာပတ်သက်လဲ"

မိုက်ရူးရဲဆန်သောအမေးကြောင့် အားလုံး အံ့အားသင့်ကုန်ကြသည်။

"မဟုတ်ပါဘူး ဘာမှမပတ်သက်ဘူး"

"မဖြစ်နိုင်ဘူး ပတ်ကိုပတ်သက်ရမယ်၊ ဘယ်မှာလဲ နောင်လတ် ဘယ်မှာလဲ ပြော ပြောစမ်းပါ"

"နောင်လတ်က ဒီမှာမရှိဘူး"

"ဘယ်မှာရှိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ရဲ့အတိတ်ဘဝထဲမှာ"

ဦးခင်မောင်မြင့်စကားကို လက်မခံသည့်ဟန်ဖြင့် ပြုံးကြည့်သည်။

"ညီလေး နေသွေး စိတ်ထိန်း စိတ်ထိန်းလိုက်ပါ၊ သူက နောင်လတ်နဲ့တစ်ဖွဲ့တည်းမဟုတ်ဘူး"

နေသွေးမျက်ဝန်းမှ မျက်ရည်ကြည်တို့သည် ခက်ထန်မြင်းကြား ထဲမှ စီးကျလာသည်။ ဦးခင်မောင်မြင့် လက်ထဲမှ ရေဖန်ခွက်ကို ကောသွေး လှမ်းယူလိုက်ပြီး

"ရော့ ညီလေး ရေသောက်လိုက်ဦးနော်"

ရေခွက်ကို တွန်းထုတ်လိုက်သည်။

"မသောက်ဘူး ခုချိန်မှာ ရေကအရေးကြီးလား၊ နောင်လတ်ကို သတ်ဖို့က အရေးကြီးတာမဟုတ်လား"

"အေးပါ ကိုယ်သိပါတယ်"

"ဒါဆို နောင်လတ် ဘယ်မှာလဲ ပြော ပြောပါ"

နေသွေး အသံကုန်ဟစ်ပြီး အော်လိုက်သည်။ နေသွေးပုံစံက သရဲစီးနေတာနှင့်တူနေသည်။ ဦးခင်မောင်မြင့် ပြုံးလိုက်ပြီး ဆေးမှတ်တမ်း မှာ အချက်အလက်တွေ ရေးချလိုက်သည်။

ပြီးနောက် နေသွေးကို မော့ကြည့်ပြီး

"မင်းနာမည် ဘယ်သူလဲ"

"မာန်"





"ဂုဏ်ဆိုတာက"

"ကျုပ်အစ်ကို"

"မြကမွလာဆိုတာကရော"

"ကျုပ်အမေ နေပါဦးခင်ဗျားက ဘာဖို့လို့ ကျုပ်မိသားစုနာမည် မေးနေရတာလဲ"

"ငါက သိချင်လို့ပါ"

"ဒါဆိုရှေ့သချာတယ် ခင်ဗျားက နောင်လတ်လွှတ်လိုက်တဲ့လူပဲ ပြော နောင်လတ် ဘယ်မှာလဲ၊ မပြောရင် ခင်ဗျားကိုပါ အရင်ဆုံးသတ်မယ်"

နေသွေး၏လက်တွေက ဦးခင်မောင်မြင့်၏လည်ပင်းကိုညှစ်ရန် လက်လှမ်းရွယ်လာသည်။ ဦးခင်မောင်မြင့် လက်မောင်းကို ဆေးထိုးလိုက်သည်။

"ညီလေး ဆရာ ဆရာ ဒါဘာလုပ်တာလဲ"

ခုတင်ပေါ် ဘုန်းခနဲ ပြန်လဲသွားကာ နေသွေးကိုကြည့်ပြီး ကောသွေး စိတ်ပူသွားသည်။

"ဦး ဒါဘာလုပ်တာလဲ၊ နေသွေးကို ဘာကြောင့် ဆေးထိုးလိုက်တာလဲ"

"စိတ်ငြိမ်ဆေးပါ၊ သူ့ကို ဒီဆေးမှမထိုးရင် ရူးသွားလိမ့်မယ်၊ သူက ငယ်ငယ်ကတည်းက မြင်လာတဲ့ပုံရိပ်တွေကို ဥပေက္ခာပြုထားနိုင် ရင်း မေ့နိုင်သလောက်မေ့အောင် ကြိုးစားခဲ့ပေမယ့် ဘာသည့်တတယ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝါးထင်ထင် အာရုံထဲပေါ်လာတော့ သူ့စိတ်တွေ လွတ်ထွက်သွားတယ်၊ သူ မေ့ပျောက်နေတဲ့အရာတွေကို ပြန်ပြီးအစဖော်လိုက်သလိုဖြစ်သွားတော့ သူ့စိတ်တွေဟာ တင်းနေတဲ့ဘောလုံးတစ်လုံးလို ထပြီးပေါက်ကွဲသွားတာပါပဲ၊ စိတ်မပူပါနဲ့ သူ အိပ်ရာကနိုးလာရင် အားလုံးပုံမှန်ပြန်ဖြစ်သွားပါလိမ့်မယ် မောင်ကေသွေး"

■ ■ ■

## အခန်း (၁၃)

"ဟာ မဖြစ်နိုင်တာဗျာ၊ ကျွန်တော်က ဘာလို့ လိုက်ရမှာလဲ"

"နေသွေး မင်းစကားက တာဝန်မဲ့လှချည်လား၊ ဟိုနေ့ကတော့ အမေ့ကိုစော်ကားသွားတဲ့ နောင်လတ်ကို သတ်မယ်တကဲကဲလုပ်နေပြီး အခုတော့ မင်းနဲ့မဆိုင်တော့သလိုပါလား"

ကေသွေးကို အားနာ၍ ကိုပေါက်က ကြားထဲမှ မဆီမဆိုင် ဝင်ပါခြင်းပင်ဖြစ်သည်။

"ညီလေးရယ် စဉ်းစားပါဦး၊ ကိုယ်နဲ့မင်းက ဘဝဟောင်းက ဖြစ်စဉ်ကိုတွေ့လေ၊ အရင်ဘဝက အမေဆိုတာကို သိနေမှတော့ တစ်ချက်လောက်တော့ သွားရှာသင့်တယ်မဟုတ်လား"

"အဲဒါက အရင်ဘဝကအဖြစ်တွေပဲ၊ ဒီဘဝရဲ့ရှင်သန်နေထိုင်မှုနဲ့ မရောချင်စမ်းပါနဲ့"

www.burmeseclassic.com



"မင်း နောင်လတ်ကိုရော မတွေ့ချင်ဘူးလား။ အမေ့ကို ဒုက္ခ

ပေးတဲ့အပြင် ငါတို့ကိုပါ သူသတ်ခဲ့တာလေ"

"ကျွတ် ပြောပြီးပြီပဲဗျာ၊ သူတို့တွေက အတိတ်ဘဝတွေထဲမှာ

ကျန်ခဲ့ပါပြီလို့"

"ဟော့ကောင် နေသွေး မင်းက ဘာအထာလဲကွ"

"ကိုပေါက် အသာနေ"

အားနာ၍ လှမ်းဟန့်နေသော ကိုပေါက်ကို ကေသွေး မျက်ရိ

ပြပြီး လှမ်းတားလိုက်သည်။

"ညီလေး မင်းဘာမှမမှတ်မိလို့ ငြင်းနေတာဆိုရင် ကိုယ်

လက်ခံတယ်ကွာ ခုဟာက မင်းလည်းငါ့လိုပဲ အားလုံးကိုမှတ်မိနေရဲ့သာ

နဲ့ ဘာလို့ ကိုယ်နဲ့မဆိုင်သလို ငြင်းနေရတာလဲ"

"ကျွန်တော် အေးအေးဆေးဆေးနေချင်တယ်၊ ဘာသောက

ထပ်မလိုချင်တော့ဘူး"

"မင်း သူရဲဘောကြောင်တာပဲ"

"ထင်ချင်သလိုထင်ဗျာ"

ဘုကလန့်တွေချည်းပဲ ပြောနေသော နေသွေးကိုကြည့်ပြီး ကေ

သွေး ဘာမှထပ်မပြောချင်တော့၍ ခေါင်းတဆတ်ဆတ် ညိတ်ကာ

"ကောင်းပြီလေ မင်းကအရာအားလုံးကို ဥပေက္ခာပြုနိုင်မှတော့

မင်းစိတ်ချမ်းသာသလိုသာနေပါတော့၊ ကိုယ်ကတော့ ဒီရက်ထဲမှာပဲ ကို

အမြဲမက်နေတဲ့အိပ်မက်ထဲကနေရာလေးကို သွားမယ်"





"ဟုတ်တယ် ကိုကေသွေး သူက ကြောက်ပဲ၊ ခေါ်မနေပါနဲ့

သူ့အစား ကျွန်တော်လိုက်ခဲ့ပေးမယ်"

ကိုပေါက်၏တာဝန်သိတတ်သောစိတ်ကို အသိအမှတ်ပြု ပြုံးပြ

တာ

"ကျေးဇူးတင်ပါတယ် ကိုပေါက်ရာ၊ ဒါပေမဲ့ လိုက်မနေပါနဲ့၊

ကိုယ့်ကြောင့်အလုပ်ပျက်ပါမယ်"

"ဟာ အေးဆေး အလုပ်ကိစ္စအတွက် လုံးဝရှော့ခ်မရှိဘူး။

အခုချိန်မှာ ကျွန်တော်စိတ်အဝင်စားဆုံးက အလုပ်ထက် ကိုကေသွေးတို့ရဲ့

ဖြစ်ဟာတ်ဆန်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကိုပဲ စိတ်ဝင်စားတယ်၊ မိသားစုတွေ

ဘယ်လိုပြန်ပေါင်းစည်းမလဲဆိုတာ အရမ်းသိချင်တယ်"

နေသွေးကို တာဝန်သိစိတ်ကင်းမဲ့ရန်ကောဟူသော အကြည့်ဖြင့်

ခပ်မဲ့မဲ့ကြည့်ကာ ပြောလိုက်သည်။

"ကျွန်တော်ကရော ကျန်ခဲ့မှာမို့လား"

"ဟင် မင်းက လိုက်မယ့်ကောင်မှ မဟုတ်တာ၊ ကျန်ခဲ့တော့

အလုပ်မှာလဲ"

"လိုက်မှာပေါ့"

"မင်းပဲ အမျိုးမျိုး၊ ယောက်ျားပဲကွာ ပြတ်ပြတ်သားသားပေါ့"

ကိုပေါက် စိတ်မရှည်စွာ ပြောသည်။

"ညီ မင်း မင်းတကယ်လိုက်မှာလား"

ကေသွေး ခုမှပင် ရယ်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်လည်း တစ်ခုခုကိုကြောက်ရွံ့နေသလိုပဲ၊ ကျွန်တော်တို့အမေ မြကမ္ဘလာက သက်ရှိ ထင်ရှားရှိသေးတယ်ဆိုရင် ကောင်းတာပေါ့၊ အမေမရှိတော့ဘူး နောင် လတ်ဆိုတဲ့လူလည်း မရှိတော့ဘူးဆိုရင် ကျွန်တော်တို့ ဘာဆက်လုပ်ရ မလဲ၊ အဲဒီလူကို လက်စားချေမယ်လို့သာ ပြောနေတာ သူ့မှာတပည့်တွေ ကျွန်တော်တို့ညီအစ်ကိုတွေ အရင်ဘဝကလို ထပ်အသတ်ခံရရင်ရော ဘယ်လိုလုပ်မလဲ၊ ကျွန်တော်တို့ကို သတ်မှုနဲ့ထောင်ကျမယ်ဆိုရင်ထောင် ခုလောက်ဆို လွတ်လာလောက်ပြီလား၊ ဒါမှမဟုတ် ထောင်ထဲမှာပဲ သေ သွားလောက်ပြီလား"

စစ်မရောက်ခင် မြားကုန်နေသော နေသွေးကိုကြည့်ပြီး

"ဘာပဲဖြစ်ဖြစ် ကံကြမ္မာအတိုင်းပေါ့၊ တို့နှစ်ယောက် သဘော တူညီမှုရသွားပြီဆိုတော့ မနက်ဖြန်ပဲ ခရီးထွက်ဖို့ လုပ်ကြတာပေါ့"

ကေသွေး၏ဆုံးဖြတ်ချက်ကို နေသွေး ကန့်ကွက်ခြင်းမရှိတော့ သူလည်း ခရီးထွက်ဖို့ ပြင်ရတော့မှာပေါ့။

■ ■ ■

"ဒေါ်လေးရေ ဒေါ်လေး ဂုဏ်မာန်တို့ ပြန်လာပြီဗျ၊ ရွာထိပ်မှာ ရောက်နေပြီ"

အိမ်ပေါ်ကို အမောတကော ပြေးတက်ပြီး အော်ဟစ်လာသော စိုးမြင့်စကားကြောင့် လက်ထဲမှ ဂုဏ်တော်ပွားနေသော ပုတီးကုံး ကြမ်းပြင်ပေါ် ဘုတ်ခနဲ ပြုတ်ကျရသည့်အပြင်





"ဘယ်လို ငါ့ ငါ့သားတွေ ပြန်လာပြီ ဟုတ်လား"

"ဟုတ်တယ်ဗျ ဟုတ်တယ်"

"နင်တကယ်ပြောတာလား။ ငါ မျှော်နေမှန်းသိလို့ နင် တမင် ညာပြောနေတာလား စိုးမြင့်"

"ဟာ ဒေါ်လေးရယ် ကျွန်တော်က ညာပြောစရာလား၊ တကယ်ပြန်လာတာ၊ သူတို့ကို ကျွန်တော့်မျက်စိနဲ့တပ်အပ်မြင်ခဲ့တာ၊ သူတို့က ဒေါ်လေးကိုမေးနေလို့ မင်းတို့အမေ ကျန်းကျန်းမာမာပဲလို့ တောင် ပြောခဲ့သေးတယ်"

ဒေါ်မြကမ္ဘလာ ဝမ်းသာလွန်း၍ မျက်ရည်များပင်လည်၍လာ သည်။

"အောင်မလေး ဝမ်းသာလိုက်တာ ငါ့သားတွေ ပြန်လာပြီတဲ့၊ ငါစောင့်ရကျိုးနပ်သွားပြီ"

သားတွေပြန်လာပြီဆိုသည်နှင့် ဒေါ်မြကမ္ဘလာ အသံတွေပင် ကြောင်းကာ ဟိုတုန်းကလို သွက်လက်တက်ကြွ၍နေသည်။ ဘုရားခန်းထဲ မှထွက်ကာ အိမ်ရှေ့ဝရန်တာသို့ အပြေးတစ်ပိုင်း ထွက်ခဲ့သည်။

"သား ငါ့သားတွေ"

"မေမေ"

အနှစ်နှစ်အလလ ကွဲကွာနေသော မိခင်ကို ပြန်တွေ့လိုက်ရ၍ ရင်ထဲမှာ ဝမ်းသာလုံးတွေဆို့ကာ ခြံဝင်းထဲသို့ အပြေးအလွှားဝင်ဖို့ ခြံတံခါးကို အဖွင့် ဦးနောင်လတ်က ဘွားခနဲ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟဲ့ကောင် နောင်လတ် နင် ဒါဘာလုပ်တာလဲ၊ ငါ့သား
တွေကို နင်ဒုက္ခထပ်ပေးဦးမလို့လား"

"ဟုတ်တယ် ငါ့လက်တစ်ဖက်ကို နင့်သားတွေဖြတ်ခဲ့တာလေ
ဟော့ဒီ ငါ့မျက်နှာပေါ်က ကန့်လန့်စင်းအရာကြီးတွေ အဲဒီဒဏ်ရာတွေ
အတွက် အကြွေးယူဖို့ ငါလာတာ"

"အဲဒီမှာ လဲသေလိုက်စမ်း နောင်လတ်၊ နင့်လက်တစ်ဖက်
ပြတ်တယ်ဆိုတာ နင့်အကုသိုလ် နင်ဖိစီးပြီး ဒဏ်ခတ်ခံလိုက်ရတာပဲ
ငါ့သားတွေမှာ အပြစ်မရှိဘူး"

ဒေါ်မြကမ္ဘလာ အိမ်ပေါ်မှ ကျုံးပြီး အော်ဟစ်၍ပြောလိုက်သည်
ခြေလှမ်းတွေက အိမ်ပေါ်ထပ်လှေကားထစ်တွေမှ ဒရောသောပါး ဆင်း
ပြေးလိုက်သည်။

အိမ်အောက်ရောက်သည်နှင့် ဒေါ်မြကမ္ဘလာ ဦးနောင်လတ်
လက်ထဲမှ ဓားကိုဝင်လုသည်။

"မေမေ မေမေ"

သားနှစ်ယောက် အလန့်တကြား ဝင်ဆွဲသည်။

"လွှတ်ကြစမ်း ငါ့သားတွေကို ဒီတစ်ခါ ဒင်းလက်နဲ့မသေ
အောင် အမေကာကွယ်မယ်၊ အမေ ဒင်းကိုသတ်မယ်"

ဦးနောင်လတ် ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၍ ဒေါ်
မြကမ္ဘလာ လုမရ။

"ဒီတစ်ခါလည်း နင့်သားတွေကို နင်ကာကွယ်နိုင်မလား ကြည့်





စမ်းပါဟာ၊ ငါ့လက်ချက်ကြောင့် နင့်သားတွေ ထပ်ပြီးသေစေရမယ်"

ဦးနောင်လတ် လက်တစ်ဖက်ပြတ်နေပေမယ့် အားကသန်ဆဲ
ထင်၏ လက်ထဲမှဓားကို အတင်းလုနေသော ဒေါ်မြကမ္ဘလာကို ဆောင့်တွန်း
လိုက်သည်။

"ဟင် မေမေ မေမေ"

မြေပြင်ပေါ် လဲကျသွားသော ဒေါ်မြကမ္ဘလာကို သားနှစ်ယောက်
ပြေးကူသည်။

ဦးနောင်လတ် တဟားဟားနှင့် ကြောက်စရာကောင်းအောင်
ရယ်သည်။

"မင်းတို့ကို ငါသတ်မယ်၊ မြကလေးနားမှာ မင်းတို့ဘီလူးနှစ်
ကောင် မရှိစေရဘူး၊ အားလုံးသတ်ပစ်မယ်၊ ကဲ သေစမ်းကွာ"

ပြောလည်းပြော လက်ထဲမှ ဓားကိုလေထဲ ဝှေ့ခနဲ မြှောက်ရမ်း
လိုက်သည်။

ဒေါ်မြကမ္ဘလာ ကြောက်လန့်တကြားဖြင့် အသံကုန်ဟစ်၍ အော်
လိုက်သည်။

"အား အမလေး သား သား"

■ ■ ■

"မြ မြ"

သားတွေ၏သွေးသံရဲရဲမြင်ကွင်းတွေကို မကြည့်ရဲ၍ ရှိုက်ထား
သော ဒေါ်မြကမ္ဘလာ၏မျက်လုံးတို့သည် ခန္ဓာကိုယ်ကို လှုပ်နှိုးခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော အသံနှင့် အဝတ်အစတွေကြောင့် ကမ္ဘာပျက်ကြီးထဲမှ ရှန်းထွက်ခွင်း
သူတစ်ယောက်လို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည်။

ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေရွှဲနစ်ကာ အသားတွေတဆ
ဆတ် တုန်ယင်နေသော ဒေါ်မြကမ္ဗလာကို အစ်မဝမ်းကွဲတော်သူ ဒေါ်စိုး
စိတ်ပူသွားသည်။

"ညည်း ဘာဖြစ်နေတာလဲ၊ အိပ်မက်တွေ မက်နေပြန်ပြီလာ
မြ"

"သား ကျွန်မသားတွေကို ဟိုကောင်နောင်လတ် ထပ်
သတ်ပြန်ပြီ မစိုးရယ်၊ သားတွေက မြဆီကို ပြန်လာတာ ခြဝရောက်နေ
ဟိုကောင်အယုတ်တမာ ဝင်လာပြီး ရန်ထပ်ရှာတယ်"

ရှင်းပြနေသော အသံတွေမှာ သောကကြောင့် တုန်ယင်လှိုက်
မောရှိုက်နေသည်။ ဘဝမှာ စပြီးရှင်သန်ခဲ့စဉ်ကတည်းက နောင်လတ်
နှောင့်ယှက်မှုဒဏ်ကို ဘဝတွေသေဆုံးသွားကြတာတောင် မလွတ်မြော
နိုင်တော့ဘူးလား။

ဝဋ်ကြွေးကြီးလွန်းသော သားတွေအတွက် ယူကြုံးမရဖြစ်က
ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။

"သားတို့ သားတို့ မြဆီကို ပြန်လာကြလိမ့်မယ်၊ မြသိနေတာ
မစိုးရယ်၊ ဒါပေမဲ့ ဟိုကောင် နောင်လတ်က အလွတ်ပေးမှာမဟုတ်ဘူ
မြ ဘယ်လိုလုပ်ရမလဲ၊ မြကိုအကြံပေးပါဦးနော်"

"မြရယ် ညည်းသားတွေက ညည်းဆီကို ဘယ်လိုပြန်လာ





တော့မလဲကွယ်၊ ဖြစ်မလာနိုင်တာကို မျှော်လင့်ချက်အကြီးကြီးထားပြီး
ကိုယ့်ကိုယ်ကိုယ် စိတ်ဒုက္ခမပေးပါနဲ့လား။ ကြာရင် မြရဲ့ကျန်းမာရေးတွေ
ထက်ပိုဆိုးလာလိမ့်မယ်၊ ညည်းဘဝထဲက ညည်းသားတွေ ထွက်သွား
တာ အနှစ်နှစ်ဆယ်ကျော်ပြီလေ"

ဒေါ်စိုးမိုးဖေါ်ဖျောင်းဖျစကားကို ဒေါ်မြကမ္ဗလာ လက်မခံ။ ခေါင်း
ကို ခပ်ကြမ်းကြမ်းခါရမ်း၍

"နှစ်တွေ ဘယ်လောက်ကြာကြာ မြရဲ့သားတွေ မြဆီကို ပြန်
ကို ပြန်လာကြလိမ့်မယ်၊ သူတို့ကိုယ်တိုင် ပြောသွားကြတာ သားတို့
ပြန်လာခဲ့မယ်တဲ့"

ပြောနေရင်းဖြင့် အသံတွေက ငိုသံအက်ကွဲလာသည်။

"သားတို့ရယ် မေမေ့ဆီကို မြန်မြန်ပြန်လာကြပါတော့၊ သားတို့
မရှိတော့ မေမေ့ဘဝဟာ ဘာမှအဓိပ္ပာယ်မရှိတော့ဘူးကွယ်၊ ပြန်လာကြ
ပါ ပြန်လာကြပါတော့ကွယ်"

ဒေါ်မြကမ္ဗလာ တသိမ့်သိမ့် ရှိုက်ငိုနေသည်မို့ ဒေါ်စိုးမိုး သက်
ပြင်းမောကို ဟင်းခနဲ ချကာ

"ကံမကုန်သေးရင်တော့ မြတို့သားအမိ ပြန်ဆုံကြဦးမှာပါကွယ်၊
မြသားတွေက မြကို သိပ်ချစ်တာပဲ၊ သူတို့ဘဝသစ်တွေ ပိုင်ဆိုင်ပြီး
ပြန်လာနိုင်ကြပါစေကွယ်"

ဘဝသစ်စပြီး ပြန်လာဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်သည့် မျှော်
လင့်ချက်ကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ သေဆုံးသွားကြပြီးမှတော့ ဒီဘဝထဲကို ဘယ်လို ပြန်လာနိုင်ကြတော့မှာလဲ။

မျှော်လိုက်ဦး ဆက်ပြီးမျှော်လိုက်ဦးပေါ့ မြရယ်။ မြဘဝ ဆုံးတဲ့အထိ မျှော်လင့်ခွင့်ရှိသေးတာပဲ။

■ ■ ■

## အခန်း (၁၄)

"ကိုပေါက်ရော"

ကျောပိုးအိတ်တစ်လုံး လွယ်ကာ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်စောင့်နေသော နေသွေးကို မေးလိုက်သည်။

"သူဖျားနေပြီလေ၊ ညက မိုးတအားချုပ်မှ ရေချိုးတော့ ဖျားပြီပေါ့"

"ဒါဆို သူ မလိုက်ဖြစ်တော့ဘူးပေါ့"

"လိပ်စာပေးခဲ့တယ်၊ နောက်မှလိုက်လာလိမ့်မယ်"

ကေသွေး ဘာမှမပြောတော့ဘဲ အသင့်မှာပေးထားသော လက်ဖက်ရည်ကို မိုက်အဆောမြေရန် သောက်လိုက်သည်။ စားပွဲထိုးလေး ထမင်းကြော်လာချပေးသည်။

"ကိုယ် မမှာဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မှာပေးထားတာလေ၊ ခရီးထွက်မှာဆိုတော့ ဗိုက်ကိုပြည့်ပြည့်ဝဝ ဖြည့်ထားမှပေါ့"

"ကျေးဇူးပဲ ညီရာ"

အရင်ဘဝက ညီအစ်ကိုအချင်းချင်းထားသည့် ချစ်ခြင်းမေတ္တာတရားသည် ဒီဘဝအထိ မကုန်ခမ်းသေးဘူးပဲ။

"နေသွေး"

လက်ဖက်ရည်ဆိုင်အပြင်ဘက်တွင် ရပ်ပြီးခေါ်နေသော သျှင်မင်းနှင့်ကြံရွယ်ခူးကို မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် စားနေသော ထမင်းကြော်ပင် အရသာမခံနိုင်လောက်အောင် ရင်ထဲမှာ စိတ်လှုပ်ရှားသွားသည်။

"လာလေ"

ညီအစ်မနှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာကြသည်။ သျှင်မင်းက နေသွေးဘေးနားမှ ခုံလွတ်တွင် ဝင်ထိုင်ပြီး ကြံရွယ်ခူးက ကေသွေး၏ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ရှင်တို့ ခရီးထွက်ကြမလို့ဆို နေသွေး"

"ဟုတ်တယ် သျှင်မင်းကို ဘယ်သူပြောလဲ"

"ကိုပေါက် ဖုန်းဆက်တာ သူကတော့ ဖျားနေလို့ မလိုက်ဖြစ်တော့ဘူးတဲ့၊ နင်တို့ သွားတွေ့ချင်ရင် လမ်းထိပ်က ကောင်းသန့်လက်ဖက်ရည်ဆိုင်မှာ သူတို့ညီအစ်ကိုတွေ ချိန်းထားတယ်ဆိုလို့ လမ်းမှာစားသွားဖို့ မုန့်လေးဘာလေး လာပို့တာ"





"ကျွတ် သျှင်မင်းရာ တစ်ကိုယ်ရေ တစ်ကာယ သွားတာ အဲဒီဝန်စည်စလယ်တွေ မလိုပါဘူးဟာ၊ အဲဒီကောင် ပေါက် သက်သက်မဲ့ အာချောင်တာ"

"အို အာချောင်စရာလား နေသွေးရယ်၊ ကိုယ့်ချစ်သူ ခရီးထွက်မယ့်ကိစ္စကို သျှင်မင်းလည်း သိထားသင့်တာပေါ့၊ အါပဲနော် ကိုပေါက်လိုက်လာခဲ့ရင် သျှင်မင်းတို့ညီအစ်မတွေလည်း လိုက်ခဲ့မယ်"

"ဘယ်ကိုလဲ"

"နေသွေးတို့ဆီကိုပေါ့"

"ဟာ ဟိုမှာ ဘယ်လိုအခြေအနေနဲ့ ရင်ဆိုင်ရမှန်းတောင် မသိသေးတဲ့ဟာကို"

"ကြံရွယ်လည်း ပြောနေပါတယ်၊ သျှင်မင်းက လိုက်မယ်ချည်းပဲ လုပ်နေတာ နေသွေးရဲ့"

တစ်ချိန်လုံး ထိုင်နားထောင်နေသော ကြံရွယ်ပါ ဝင်ပြော၍ ကေသွေးလည်း မနေသာတော့။

"ကိုယ်တို့ ဟိုမှာ မေမေနဲ့လည်းတွေ့တယ်၊ နေရာထိုင်ခင်းက အစ အားလုံးအဆင်ပြေတယ်ဆိုရင်တော့ ကြံရွယ်တို့ညီအစ်မ ကိုပေါက်နဲ့ လိုက်ခဲ့ကြပါ"

ကေသွေး စိတ်ဆန္ဒအရဆိုရင် ခုကတည်းက ခေါ်သွားချင်တာပါ။ လောကွတ်ချော်နေသော ကေသွေးကို နေသွေး လှမ်းကြည့်သည်။ ဘာမှတော့ မပြော။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် သူငယ်ချင်းကလေ ခရီးအရမ်းထွက်ချင်တာ၊ ထွက်
စရာလည်းစရာ နေရာမရှိလို့ ရန်ကုန်မြို့ပြကြီးက အရမ်းမွန်းကြပ်တော့
တစ်ခါတလေ နယ်တွေဘာတွေ ခရီးထွက်ရတဲ့အရသာကို အရမ်းတောင့်
တတယ် သိလား"

"ဒီမုန့်တွေက ကိုကေသွေးတို့အတွက်အပြင် ကိုကေသွေးအမေ
ရှိခဲ့မယ်ဆိုရင် ကြံရွယ်တို့က လက်ဆောင်အဖြစ် ပေးလိုက်တာပါ၊ ေ
ဖြစ်အောင် ပေးပေးပါနော်"

"စိတ်ချပါ ကျွန်တော်တို့ ပေးလိုက်ပါမယ်"

သွားခါနီးလာခါနီး လှုကိုမခွဲနိုင်အောင်လာပြီး နှုတ်ဆက်ရသ
လားဟု ကေသွေးရင်ထဲ မချိတင်ကဲ ဖြစ်မိသည်။

မိန်းကလေးတစ်ယောက်ကို တစ်ကြိမ်တစ်ခါလောက် ဆုံရုံတာ
နဲ့ ဒီလောက်ထိ စွဲလမ်းသွားမိသည့် ကိုယ့်နှလုံးသားကပဲ အပေါစားဆ
နေတာများလား။

ဒါပေမဲ့ တစ်ခါမှ ရင်မခုန်ဘူးခဲ့ဘဲ ကြံရွယ်ရူးနှင့်တွေ့မှ ရင်ခုန်
တာကတော့ အပေါစားဆန်သည့်ရင်ခုန်သံဟု ယိုးစွပ်၍ မရ။

■ ■ ■

ရထားသည် စည်းချက်နှင့်အတူ ယိမ်းထိုးနေသည်မှာ ကေသွေး
နှင့်နေသွေးကို ချော့သိပ်နေသလိုပင်။ မျက်လုံးတို့မှေးစင်း၍လာသည်။

ရထားသံ တဂျုန်းဂျုန်းကို မနှစ်မြို့ပေမယ့် တရိပ်ရိပ်ပြေးနေ
သော သဘာဝရှုခင်းတွေကိုကြည့်လာရ၍ စိတ်အစဉ်မှာ ဖြတ်တိုက်လာ





သော လေထုနှင့်အတူ ကြည်လင်လတ်ဆတ်ကာနေသည်။

မနက်ကတည်းက မနားတမ်း ခုတ်မောင်းနေသော ရထားပေါ်
တွင် ခရီးသည်အမျိုးမျိုး အတွေးကိုယ်စီ စိတ်ခံစားမှုကိုယ်စီနှင့် ရထား
ကြီး သယ်ဆောင်ရာသို့ လိုက်ပါလာကြရသည်။

စားသူကစား ဒေးသူကဒေး အိပ်ငိုက်သူကအိပ်ငိုက် စာဖတ်သူ
က စာဖတ်နှင့် အချိန်ဘယ်လောက်ကြာသွားသည်ပင် သတိထားမိကြပုံ
မပေါ်။

ရထားက တံတားတစ်ခုကို ဖြတ်ကျော်နေသည်မို့ နေသွေး
မှေးနေသော မျက်လုံးတွေဖွင့်ကာ တံတားအောက် မြစ်ထဲတွင် သောင်
ထွန်းနေသော မြင်ကွင်းကြောင့် စိတ်ထဲသို့ သတိရစရာတစ်ခု တိုးဝင်
လာသည်။

ခြေကျင်းဝတ်ခန့်ရှိသော ရေကြည်ကြည်စီးကြောင်းလေးတွေနှင့်
သဲပစ္စာရှိနေသော မြင်ကွင်းကို ငေးစိုက်ကြည့်ရင်း အာရုံထဲ တိုးဝင်လာ
သောမြင်ကွင်းကြောင့်

"ဟင်"

နေသွေး တအံ့တသြဖြင့် ပြတင်းပေါက်ဘောင် လက်ထောက်၍
ကြည့်လိုက်သည်။

"ဂုဏ်"

နေသွေးက ဂုဏ်ဟုခေါ်လိုက်သဖြင့် ကေသွေး မှေးစင်းနေသော
မျက်လုံးတို့ဖွင့်ကာ ခေါင်းထောင်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ပြေး ပြေးတော့ ရေ ရေတွေတက်လာတော့မယ်၊ ဒီမြစ်တစ်ခုလုံး ရေတွေပြည့်လျှံလာတော့မယ် မြန်မြန် ပြေး ပြေး"

အကောင်းအတိုင်းရှိနေသော နေသွေး၏သွေးရူးသွေးတန်း အော်ဟစ်သံကြောင့် ကေသွေး ထိုင်ရာမှ ထကာ ရထားပြတင်းပေါက် အပြင်သို့ ကိုယ်တစ်ဝက်ထွက်ပြူနေသော နေသွေးကို ကပျာကယာ ဖမ်းဆွဲလိုက်သည်။

"မာန် ညီလေး စိတ်ကိုထိန်း စိတ်ကိုထိန်းစမ်း"

တစ်စုံတစ်ခုကို သတိရပြေးမြင်မိ၍ ခုလို ရုန်းရင်းဆန်ခတ် အော်ဟစ်နေသည်ဆိုတာကို ကေသွေး ကောင်းကောင်း သဘောပေါက်ပါသည်။

နေသွေး၏သွေးရူးသွေးတန်း အော်ဟစ်နေသော ပုံကိုကြည့်ပြီး ခရီးသည်တွေပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး အကြည့်တွေအားလုံး စုပြုံရောက်လာသည်။

"ဂုဏ် ပြေး အား ငါ ငါကြောက်တယ်၊ ရေတွေ လာပြီ ရေတွေလာပြီ"

ကေသွေး ရင်ဘတ်ထဲ ခေါင်းအတင်းတိုးဝှေ့ကာ သတိလက်လွှတ် အော်ဟစ်နေသော နေသွေး၏ဟန်မှာ ဟိုးငယ်စဉ် ထိုသို့သော အဖြစ်အပျက်မျိုး ကြုံစဉ်တုန်းက ထိတ်လန့်မှုမျိုးနှင့် တစ်ပုံစံထဲပင်ဖြစ်သည်။





"ညီလေး မာန် မကြောက်နဲ့တော့လေ၊ တို့တွေ ရေဘေးက လွတ်လာလို့ ရထားပေါ်တောင် ရောက်နေပြီလေကွ သတိထားပါဦး"

ထိတ်လန့်နေသော နေသွေးကို သိုင်းဖက်ကာ နှစ်သိမ့်စကား ပြောလိုက်သည့်စကားကြောင့် နေသွေး၏အကြည့်တွေသည် ရထားပေါ်မှ မြင်ကွင်းကို အရူးတစ်ယောက်၏ ဂနာမငြိမ်သော မျက်လုံးအကြည့်မျိုးဖြင့် ငေးကြည့်လိုက်ပြီး

"တ တကယ်လား တကယ်လွတ်လာပြီလား"

"တကယ်ပေါ့ ညီလေးရဲ့ ဟိုမှာကြည့် ခရီးသည်တွေလည်း ရှိနေတယ်လေ"

ဒီတော့မှ အသိစိတ်ပြန်ဝင်လာပြီး တံတွေးတစ်ချက်ကို မျိုချတာ

"တော် တော်သေးတာပေါ့ ရေ ရေလုံးကြီးက ရောမရေလုံးကြီး၊ အဲဒါကို မလွတ်လို့ကတော့ သေပြီ"

နေသွေး ဘာတွေပြောနေသည်ဆိုတာကို ကေသွေးသာ နားလည်နိုင်ပေမယ့် ဘေးဘီဝဲယာမှ ဝိုင်းကြည့်နေသော ခရီးသည်တွေကတော့ သိနိုင်မည်မထင်။ နေသွေးဟာ စိတ်ရောဂါသည်လား ဆေးကြောင်နေသည့် မူးယစ်ဆေးဝါးသမားလားဟူသော သံသယအကြည့်တွေဖြင့် ကြည့်ကာ တီးတိုးဝေဖန်ပြောဆိုကြသည်။

"ရော့ ရေသောက်လိုက်ဦး"

ကျောပိုးအိတ်ထဲမှ ရေသန့်ဘူးကိုထုတ်ပြီး ရေတိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကိုမော့သောက်ပြီးမှ စိတ်အေးသွားဟန်ဖြင့် သက်ပြင်းကို ဟင်းခနဲ ချကာ

"ဒီမြစ်ကိုလေ ကျွန်တော် ခုချိန်ထိ မှတ်မိနေသေးတယ်၊ မေမေ က အန္တရာယ်ရှိတယ် မသွားနဲ့လို့ တားနေတဲ့ကြားက ကျွန်တော်တို့ ရေလာကူးကြတာလေ၊ သဲသောင်ပေါ်မှာတင်နေတဲ့ ရေကြည်ကြည်လေး တွေထဲမှာရှိနေတဲ့ ပုစွန်ဆိတ်နဲ့ ငါးသားပေါက်လေးတွေကို ဖမ်းနေတုန်း ကျွန်တော်တို့အနောက်ဘက်က ရေတွေ အော်သံပေးပြီး အလုံးအရင်းနဲ့ ထိုးတက်လာတာလေ၊ ကံကောင်းလို့ မြစ်ဘေးက လမုတောတွေက ကယ်လို့ ကျွန်တော်တို့မသေတာ"

အရင်ဘဝက အသတ်လုခဲ့ရသော အမှတ်ရစရာအကြောင်း အရာကို ပြန်ပြောပြနေသည့် နေသွေးကိုကြည့်ပြီး ကေသွေးရင်ထဲ ပြော မပြတတ်အောင် ပီတိဖြစ်လာသည်။

ညီလေးလည်း သူ့လိုပဲ တရေးရေးမှတ်မိလာပြီပဲ။ ဆန်းကြယ် လှသော ကံကြမ္မာ၏ရေးခြယ်မှုက ပြဇာတ်ဆန်လွန်းတာမို့ ထိုပြဇာတ်ထဲ မှာ ပါဝင်ကပြခွင့်ရခဲ့သည့် ကိုယ့်ညီအစ်ကိုနှစ်ယောက်၏ကံကြမ္မာသည် ဆိုးသည်လား ကောင်းသည်လားဟုပင် မဝေခွဲချင်တော့။

"ငါ့ညီ အားလုံးကို ပြန်မှတ်မိသွားပြီပဲ"

"အဲလိုပဲ ပြောရမလား။ ကျွန်တော် မြင်နေရတဲ့မြင်ကွင်းတွေက ရုပ်ရှင်ပိတ်ကားရှေ့ ထိုင်ကြည့်နေရသလိုကို လုံးဝထင်ထင်ရှားရှားပဲ၊ အသံတွေကိုပါ ကိုယ်ကိုယ်တိုင်ပြောနေသလို ပီပီသသ ကြားနေရတာ"





"အဲဒါ တို့ညီအစ်ကိုတွေ ဖြတ်သန်းခဲ့ရတဲ့ ဘဝဟောင်းက ာတ်ဝင်ခန်းအချို့ပဲ၊ ညီလေး ဒါတောင် မင်းပြန်ကြည့်ခွင့်မရသေးတဲ့ ာတ်ဝင်ခန်းတွေ အများကြီးကျန်သေးတယ်၊ အဲဒီဇာတ်ဝင်ခန်းတွေထဲ ာ တချို့က ပီတိဖြစ်လောက်အောင်ကို စိတ်ချမ်းမြေ့စရာကောင်းတယ်၊ ျို့ပြကွက်တွေကတော့ အရှင်လတ်လတ် အသက်ထွက်ချင်လောက် ောင်ကို ကြောက်စရာကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီမြင်ကွင်းတွေ ိုအချို့တွေ အသံတွေအားလုံးဟာ ငါတို့အမေ လူ့လောကကြီးထဲမှာ ာက်ရှိနေဦးမယ်ဆိုရင် သူ့အလိုလို ပျောက်သွားပါလိမ့်မယ်"

"ကျွန်တော်တို့အမေ ရှိနိုင်ပါတော့မလား"

"တို့ညီအစ်ကိုတွေကို ဘဝအသစ်ပြန်ပေးတဲ့ ကံကြမ္မာက မေမေ့ ိုတော့ လောကကြီးထဲက ခေါ်ထုတ်မသွားလောက်သေးဘူးလို့တော့ ယ့်စိတ်ထဲမှာ လုံးဝယုံကြည်နေတယ်၊ မေမေသာ လောကကြီးထဲမှာ သက်ရှင်လျက်မရှိတော့ဘူးဆိုရင် တို့ရဲ့ဘဝသစ်မှာ အတိတ်ကပုံရိပ် တွေကို ပြန်သတိရလည်း ဘယ်မှာလာ အဓိပ္ပာယ်ရှိတော့မှာလဲ"

အားတက်စရာကောင်းသော စကားမို့ နေသွေး အားတက် ာသွားသည်။

"ကျွန်တော်တို့ ရွာကိုရောက်ဖို့ တစ်ဘူတာလောက်ပဲ လိုတော့ ယ်နော်"

"အေး ဟုတ်တယ်"

"ဖုန်းဆက်ခွင့်သာရှိရင်လေ မေမေရေ ကျွန်တော်တို့ ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



နေပြီလို့ ကြိုပြီးဖုန်းဆက်ထားချင်တယ်ဗျာ''

ကလေးဆန်သွားသော နေသွေး၏စကားကြောင့် ကေသွေး ပြုံးလိုက်ပြီး

''အေးကွာ ငါ့အိတ်မက်ထဲမှာ မေမေ့ရဲ့ဖုန်းနံပါတ်ကို တစ်လုံး စတည်း မှတ်ခဲ့ရမှာ''

''ဟာ ဂုဏ်ကလည်း မဖြစ်နိုင်တာက စပြောပြီ''

ပြောရင်းဖြင့် နေသွေး ရယ်သည်။ ရယ်နေရင်းမှ

''ခြောက်ဆယ်ပတ်ဝန်းကျင်လောက်တော့ ရှိမှာပဲ၊ မေမေ အရမ်းလှတော့ အရွယ်တော့ မကျလောက်ပါဘူး''

''ကျွန်တော်တို့ကိုမြင်ရင် မှတ်မိပါဦးမလား''

''သွေးက စကားပြောတယ်လေ၊ မမှတ်မိစရာအကြောင်း မရှိတာ''

ညီအစ်ကိုနှစ်ယောက် မိခင်အကြောင်း ဖောင်ဖွဲ့အောင်ပြော လာ၍ ဘူတာကိုရောက်မှန်းမသိ ရောက်လာခဲ့၏။

ရထားရပ်သည်နှင့် ခရီးသည်တွေက အင်အားအပြည့်ဖြင့် သွား လာနေကြသည်။

ရွာထဲကို တန်းဝင်၍မဖြစ်သေး။ သူတို့ပုံစံနဲ့ စတိုင်ကို အရင် ဘဝက ဂုဏ်နှင့်မာန်တို့၏ဝတ်စားဆင်ပုံမျိုး ဖန်တီးဝတ်ဆင်ပြီးမှ ရွာ ရှေ့သို့ ဝင်ရမည်။

ဒီပုံအတိုင်းဝင်လျှင် ဘယ်က လမ်းသရဲတွေလဲဟု ထင်ရုံသာ





ပြီး ဘာမှမတတ်နိုင်။

ထို့ကြောင့် ဖရုပ်တစ်ခုထဲဝင်ပြီး စတစ်ကော်လာ ကချင်ပုဆိုး ကတ္တီပါဖိနပ်စီး ဆံပင်ကိုဆီလိမ်းပြီး ပြောင်တင်းနေအောင် ဖြီးသင်လိုက် သည်။

ညီအစ်ကိုနှစ်ယောက် တစ်ယောက်ပုံစံ တစ်ယောက်ကြည့်ပြီး ရှက်ကိုးရှက်ကန်း ရယ်လိုက်ကြပြီး

''ခုကစပြီး ငါတို့နာမည် ဂုဏ်နဲ့မာန်အဖြစ် ပြောင်းလဲသွားပြီ နော်''

''အိုကေ''

ညီအစ်ကိုနှစ်ယောက်လက်ဝါးချင်းရိုက်လိုက်ကြသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ထူးခြားစွာ ပြောင်းလဲသွားသော ရွာအပြင်အဆင် လမ်းမကြီးတွေကို ကြည့်ပြီး အံ့သြနေကြသည်။

"ဝါး အရင်ကလို ဖုန်တွေတထောင်းထောင်းမထတဲ့ ကွန်ကရစ်လမ်းတွေ ဖြစ်ကုန်ပါလား"

"အေးကွ မြို့ကြီးပြကြီးတွေတင်မဟုတ်ဘူး ဒီလိုနယ်မြို့လေးတွေလည်း တိုးတက်ပြောင်းလဲလာပြီပဲ"

"ဂုဏ် ဟိုးမှာ လှမ်းမြင်နေရတာ ငါတို့ရဲ့ပဲဆီစက် မဟုတ်လား"

"အေး ဟုတ်တယ် ဟား လွမ်းလိုက်တာကွာ၊ ခုမှပဲ ငါ့စိတ်တွေ လှုမှန်နေရာမှန် ပြန်ရောက်လာသလို ခံစားရပြီး စိတ်ထဲမှာ ကြည်လင်လာတယ်"



"နေပူတယ် ဟိုညောင်ပင်ကြီးအောက်မှာ ခဏထိုင်ရအောင်"

"ဘာလဲ မောနေပြီလား"

"မောလို့မဟုတ်ဘူး၊ ဒီညောင်ပင်ကြီးအောက်မှာ တို့ညီအစ်ကိုတွေ ဆော့ခဲ့တာလေးကို ပြန်မြင်ယောင်လာလို့ပါ"

"အေးလေ ငါတို့တွေသာ ဘဝသစ်နဲ့ ပြန်ပြီးရှင်သန်လာကြတယ်၊ ဒီအပင်ကြီးကတော့ ခုချိန်ထိ ဘဝမပြောင်းဘဲ ရှင်သန်နေတုန်းပဲ၊ ညောင်ပင်ကြီးက တို့နှစ်ယောက်ကို သူ့အပင်အရိပ်အောက်မှာ ဆော့သွားတဲ့ဂုဏ်နဲ့မာန်ဆိုတာကို မှတ်မိပါတော့မလား"

ကေသွေး ရင်ထဲမှာ မောရှစွာဖြင့် အပင်အိုကြီးကို မော့ကြည့်ပြီး ပြောလိုက်သည်။ ထူးဆန်းစွာပင် အပင်အိုကြီး၏ကိုင်းတွေမှ ညောင်ရွက်တွေ တဖွဲဖွဲ ကြွေကျလာသည်။

"ဟာ ဟေး ငါတို့ကိုမှတ်မိတယ်ကွ၊ မှတ်မိတယ်၊ ညောင်ပင်ကြီးရေ မင်္ဂလာပါ ခွဲနေရတာကြာလို့ လွမ်းနေပြီလားဗျ"

ကြွေကျလာသော ညောင်ရွက်တွေကို လိုက်ဖမ်းရင်း နေသွေးကလေးတစ်ယောက်လို ခုန်ပေါက်အော်ဟစ်ကာ ညောင်ပင်ကြီးကို နှုတ်ဆက်လိုက်သည်။

"ဟေ့ ဘယ်သူလဲကွ ငါ့ကိုယ်တော် စက်တော်ခေါ်နေတာကို မထိတ်သာမလန့်သာဖြစ်အောင် အော်ဟစ်နေတာ ဟမ်"

"အဲ"

"ဘယ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး မေးဆတ်ပြကာ

"ဒီ ဒီအသံကို ကြားဖူးတယ်"

"အင်း ဟုတ်တယ် ရင်းရင်းနှီးနှီးကို ကြားဖူးတာ"

ကေသွေးက အရင်ဆုံး သတိရသွားဟန်ဖြင့်

"ဟာ တာရိုး တာရိုးအသံပဲ"

"ဟင် တာရိုး ဟုတ်လား"

နှစ်ယောက်သား ညောင်ပင်ကြီး၏အနောက်ဘက်သို့ ပတ်ပြီး ကြည့်လိုက်ကြသည်။

"ဟာ တကယ် တာရိုးပဲ"

ဟိုးအရင်ကလို ငယ်ရွယ်သည့်အရွယ်တာရိုး မဟုတ်တော့။ ဆံပင်တွေရှည်ကာ ပါးသိုင်းမွေးတွေဖြင့် အသက်ကြီးရင့်လာသော တာရိုးဖြစ်နေသည်။

"တာရိုး တာရိုး"

ကေသွေး ခေါ်သံကြောင့် အိပ်ချင်မူးတူးဖြစ်နေသော တာရိုး ခေါင်းထောင်လာသည်။ ကေသွေးနှင့်နေသွေးကိုမြင်သည်နှင့် ညောင်ပင်အမြစ်ခွကြားတွင် လှဲအိပ်နေသော ခန္ဓာကိုယ်မှာ ဝေါက်ခနဲ ထထိုင်ပြီး

"ဂုဏ်မာန် ဂုဏ်မာန် ဟာ ဘယ်တုန်းက ပြန်ရောက်သလဲ"

ဂုဏ်နှင့်မာန်ကို တစ်ခါတည်း တွဲခေါ်တတ်တာ ဒီရွာကလူတွေ၏အကျင့်ပင်ဖြစ်သည်။





"မင်း ငါတို့ကို မှတ်မိလား"

"ဟာ မင်းတို့နှစ်ကောင် ဇာတ်ကိုပတ်ပြီး ထွက်သွားတဲ့ကောင်တွေ မှတ်မိပဲနေမလားကွ"

"ငါတို့က ဘာပတ်လို့လဲ"

"နောင်လတ်လိုဆိုင်ကယ်မျိုး ဝယ်ပေးမယ်ဆိုပြီး ဝယ်မပေးဘဲ ရွာကပျောက်သွားတာလေ"

နောင်လတ်ဟူသော နာမည်ကြောင့် ရင်ထဲကအပျော်တွေ ဝုန်းခနဲ လွင့်စင်သွားသလို ခံစားလိုက်ကြရသည်။

"ဝယ်ပေးမှာပေါ့ ဝယ်ပေးမလို့ ရွာကိုပြန်လာတာလေ"

"တကယ်လား တကယ်ဝယ်ပေးမှာနော်"

"အေးပါ ဒါနဲ့ ငါ့အမေရော"

မေးသာမေးရသည် နှစ်ယောက်စလုံး၏ရင်ထဲမှာ စိုးရိမ်ထိတ်လန့်နေသည်။ တာရိုးထံမှ ထွက်ကျလာမည့်အဖြေကို နားထောင်ဖို့ ကြောက်ရွံ့နေသည်။

"မင်းအမေလား ရှိပ့ါ ရှိပ့ါ တစ်နေ့ ပေါ်နေ့ မင်းတို့ညီအစ်ကို ပြန်အလာကို အိမ်ပေါက်ဝထိုင်ပြီး စောင့်နေတာ အရူးတစ်ယောက်လိုပဲ အဟီး ခိ ခိ ခိ မင်းအမေက သားရူးကွ သားရူး၊ လောကမှာ ဒီလိုအရူးမျိုး သူတစ်ယောက်ပဲရှိသေးတာ"

ရင်ထဲမှာ ဖော်မပြနိုင်သော ဝမ်းသာခြင်းအစိုင်အခဲကြီးတစ်ဆို့ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို ငါ့ ငါ့အမေ ဘာမှမဖြစ်ဘူးနော် အသက်ထင်ရှာ

ရှိနေသေးတယ်နော်"

၇

"ရှိပါတယ် ဟား ဟား ငါသွားပြေးပြောပေးမယ်၊ မင်း

ငါ့ကို ဆိုင်ကယ်ရယ် ဟန်းဖုန်းတစ်လုံးပါ ဝယ်ပေးနော် ဟား ဟား

ဟား ဟား"

"စိတ်ချ ဝယ်ပေးမယ် ဝယ်ပေးမယ်"

"ဝေး ဟေး ဟေး ဂုဏ်မာန် နှစ်ကောင် ပြန်လာပြီ ဂုဏ်မာ

နှစ်ကောင် ပြန်လာပြီ၊ ငါ ဆိုင်ကယ်စီးရတော့မယ်၊ နောင်လတ်

ဆိုင်ကယ်စီးရတော့မယ် ဟီး ဟီး ဟား ဟား ဟား ဟေး ဟေ

ဟေး"

တာရိုး ညီအစ်ကိုနှစ်ယောက်ကိုပင် မစောင့်တော့ ရွာထဲသို

ပျော်ရွှင်စွာ ခုန်ပေါက်၍ ပြေးဝင်သွားသည်။

"ကဲ ရှေ့ပြေးကတော့ သွားပြောပြီ၊ ငါတို့ မေမေ့ဆီသွား

ရအောင်"

ဂုဏ်နှင့်မာန် အားအင်အပြည့်ပါသော ခြေလှမ်းတွေဖြင့် ရွာ

ထဲဝင်လာလိုက်ကြသည်။

ဒီနေ့ဟာ ဘဝမှာဖြတ်သန်းလာသမျှ ပျော်ရွှင်စရာအကောင်း

ဆုံးနှင့်အဓိပ္ပာယ်အရှိဆုံးနေ့ရက်တစ်ရက် ဖြစ်ပါသည်။

မေမေရေ သားတို့ ကတိအတိုင်း မေမေ့ဆီ ပြန်လာပါပြီ။

■ ■ ■



## အခန်း (၁၆)

"ဝေး ဂုဏ်မာန် နှစ်ကောင် ပြန်လာပြီကွ ဟား ဟား ငါ

ဆိုင်ကယ်ခွရတော့မယ် ဆိုင်ကယ်ခွရတော့မယ် ဂျိ ဂျိ ပလို့ဂျို နို နို နိ

ဒ်"

ရွာရိုးတစ်လျှောက် အော်ဟစ်ကာ ခုန်လာသော တာရိုးစကား

ကြောင့် ကြားရသူအားလုံး ခါတိုင်းထက် ပို၍ စိတ်ဝင်စားသွားကြပြီး

တာရိုး နားကပ်လာကြသည်။

"ဟေ့ကောင် တာရိုး ဘာရယ် ဘယ်သူပြန်လာတယ်"

ဒေါ်မြကမွှလာ၏တူ နှမ်းဆီပုံးကြီးထမ်းကာ လာရင်း တာရိုး

ကို လှမ်းမေးသည်။

"ဂုဏ်မာန် ဂုဏ်ရယ်မာန်ရယ် မာန်ရယ်ဂုဏ်ရယ် ဆိုင်ကယ်

ဝယ်ပေးမှာတဲ့ အဆစ်အနေနဲ့ ဟန်းဖုန်းလည်း ဝယ်ပေးမှာ ဟဲလို

ဟဲလို ဟီလို ပြောရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်သန်းနှင့်လက်မထောင်ကာ နားတွင်ကပ်ပြီး ဆိုင်ကယ်ခွ စီးသလို ဟန်လုပ်ပြောနေသော တာရိုးစကားကို ဘယ်သူမှ မယုံကြည်ကြ။

"ဟွန်း ဟိုကဖြင့် သေလို့ အရိုးတောင်ဆွေးနေလောက်ပြီး သူက စိတ်ကူးယဉ်လို့ကောင်းတုန်းပါ ဦးသက်ရယ်"

"အေးလေ အရူးဆိုပြီး လျှောက်ပြောချင်တာတွေ ပြောနေတယ်"

"ကဲ လာပါအေ ပဲနှုတ်ဖို့နောက်ကျနေပြီ ဒီအရူးစကားကို အဖက်လုပ်မနေနဲ့"

"ဟဲ့ သောက်ကောင်မတွေ လူကသာ ရူးချင်ရူးမယ် ငါ့မျက်လုံးတွေက မရူးဘူး၊ ငါကိုယ်တိုင် တပ်အပ်မြင်ခဲ့တာ၊ အခု သူ့အမေကို သွားပြောမလို့"

ကိုသက် မနေသာတော့။

"ဟေ့ကောင် တာရိုး လျှောက်မပြောနဲ့ တိုက အပုပ်ထပြီး ဝမ်းသာ မဟုတ်ရင် ရောဂါထပ်တိုးလာမယ်"-

"အလကား သူရူးသလို ရူးအောင် အဖော်လိုက်ညှိနေတာ"

အပျိုတစ်သိုက်ကလည်း မယုံရေချမယုံ။ သေးကနေပြီး သူတို့ လမ်း သူတို့မသွားဘဲ ဖျစ်တောက်ဖျစ်တောက် ပြောနေကြသည်။ အရူး တာရိုး သူပြောတာကို မယုံ၍ အပျိုတစ်ယောက်နားသို့ တိုးကပ်သွားပြီး

"တကယ်လို့ ဟုတ်ခဲ့ရင် နင်တို့ပါးတွေကို ငါ သောက်ရမ်း





နမ်းမယ်၊ မဟုတ်ခဲ့ဘူးဆိုရင် နင်တို့ငါ့ကိုယူမလား ဟမ် ပြော"

တာရိုး စကားကြောင့် ကောင်မလေးတွေ နွံခနဲ ရယ်ပြီး

"အရူးပါးကြီး သူနစ်နာတဲ့စကားကို မပြောဘူး"

ကောင်မလေးတွေ အနားမှ သုတ်ခနဲလစ်ထွက်သွားကြသည်။

"တကယ်ပြောတာ"

ကိုသက်ကို ထပ်ပြောသည်။

"ဒီနှစ်ကောင် တကယ်ပြန်လာတာ မယုံရင် ရွာထိပ်က ညောင်ပင်အောက်မှာ သွားကြည့်ကြ၊ ငါ့ကိုမေးသေးတယ် အမေရောတဲ့၊ ငါ ပြောတာယုံပါကွာ၊ ငါညာပြောခဲ့ရင် ရောက်လေရာဘဝတိုင်း မိန်းမ အယောက်တစ်သောင်းနဲ့ လက်ထပ်ရပါလို့ဗျာကွာ"

"အေး ဟုတ်တယ်ဆိုရင်တောင် မဟုတ်မှလွဲရော ဂူထဲနဲ့မာန် အဲဒီညောင်ပင်မှာ အစောင့်သရဲဖြစ်နေမှာပေါ့၊ မင်းမြင်ခဲ့ရတာ သူတို့ရဲ့ ဝိညာဉ်တွေဖြစ်မယ်၊ တော်ပြီကွာ အကောင်းမှတ်လို့ နားထောင်နေတာ"

ကိုသက် ထွက်သွားသည်။

"တကယ်ပါဆို မယုံကြဘူး၊ အေးပါ ငါဆိုင်ကယ်တက်ခွတော့မှ နင်တို့တွေ မယုံဘူးမလုပ်ကြနဲ့၊ ငါဆိုင်ကယ်ခွရတော့မှာ ဟိုလို ဟဲလို တွေလုပ်ရတော့မှာ အဟစ် ဟစ် ဟစ်"

အားလုံး ယုံချင်ယုံ မယုံချင်နေ တာရိုးကတော့ ဂူထဲနှင့်မာန် တို့ မျက်စိနှင့်တပ်အပ်မြင်ခဲ့ရ၍ ဝမ်းသာနေသည်။

■ ■ ■



www.burmeseclassic.com

"ဂုဏ်မာန် ပြန်လာပြီ၊ ဂုဏ်မာန် ပြန်လာပြီ"

ခြံထဲပြေးဝင်ပြီး အော်ဟစ်လာသော တာရိုးစကားကြော... ဒေါ်မြကမ္ဘလာ အခန်းထဲမှ ပြေးထွက်ကာ ဝရန်တာဆီသို့ ခပ်သွက်သွ... လျှောက်လာပြီး

"စိုးမြင့် စိုးမြင့် ကြားလား၊ ငါ့သားပြန်လာပြီတဲ့၊ အဟ... ဟင်း ငါ့သားတွေ ခုတော့ သူတို့ကတိအတိုင်း ပြန်လာပြီပေါ့"

နွားစာတွေစင်းနေသော စိုးမြင့် အပေါ်ထပ် ဝရန်တာတွ... ရပ်၍ ဝမ်းသာအားရပြောဆိုနေသော ဒေါ်မြကမ္ဘလာကိုကြည့်လိုက် ခြံ... ပြေးဝင်လာသော တာရိုးကိုကြည့်လိုက်နှင့် အခြေအနေကို ဘယ်လိုတ... သပ်ရမှန်းတောင်မသိ။

"ဟဲ့ ဘာကြောင်ကြည့်နေတာလဲ စိုးမြင့် ငါ့သားတွေ ပြန်လာ... ပြီတဲ့"

"ဘယ်မှာလဲ တာရိုး ငါ့သားတွေရော"

"ရွာထိပ်က ညောင်ပင်မှာ"

တာရိုးအပြောကြောင့် ဒေါ်မြကမ္ဘလာ ဝရန်တာမှ ထွက်ပြီ... အိမ်အောက်သို့ ဆင်းလာသည်။

"ညောင်ပင်မှာ ဟုတ်လား"

"ဟုတ်ပါတယ်ဆိုမှ ခုပဲတွေ့ခဲ့တာ ကျုပ်ကိုဆိုင်ကယ်ဝယ်ပေး... မယ်တဲ့၊ ဟဲလိုလည်းဝယ်ပေးမယ်တဲ့ဗျ ဟား ဟား ဟား"

"စိုးမြင့် ဘာကြောင့်ကြည့်နေတာလဲ လာ ရွာထိပ်ကိုသွားမယ်... ခု လိုက်ခဲ့"





စိုးမြင့်လက်ကို အတင်းဆွဲခေါ်နေသော ဒေါ်မြကမ္ဘလာ၏ ...မျှော်ပန်းခတ်နေသောဟန်ကြောင့်

"ဒေါ်လေး ဒီအရူးပြောတဲ့စကားကို ယုံနေတယ်"

"တကယ်ပြောတာ သူတို့ ခုပဲ သူတို့အမေဆီလာနေကြပြီ ...မယုံရင် စောင့်ကြည့်"

တာရိုး သူပြောတာ အမှန်ဖြစ်ကြောင်း ပြောနေပေမယ့် စိုးမြင့် ...လုံးဝမယုံ။ သေပြီးသားလူနှစ်ယောက်က ပြန်လာပြီဆိုတာ ဘယ်လိုမှ ...မဖြစ်နိုင်သည့်ကိစ္စ။

တကယ်တမ်း ဟုတ်ဟုတ် မဟုတ်ဟုတ် ယုံနေတာက ဒေါ်မြ ကမ္ဘလာပင် ဖြစ်သည်။

■ ■ ■

"မင်း မင်းတို့တကယ်ပဲ ဂုဏ်မာန်လား"

ကိုသက် ဆိုပုံကြီး လမ်းပေါ်ချကာ ရွာလမ်းအတိုင်း လျှောက် လာသော ဂုဏ်နှင့်မာန်ကိုတွေ့ပြီး ထိတ်လန့်တကြား မေးသည်။

"ခင်ဗျား ကိုသက်မဟုတ်လား"

"အေး အေးလေ မင်းတို့ ဂုဏ်မာန် မဟုတ်လား"

ကိုသက်နှင့်မျက်နှာချင်းဆိုင် ရပ်လိုက်ကြပြီး

"သိပ်ဟုတ်တာပေါ့ဗျာ"

"မ မဖြစ်နိုင်ဘူး မင်း မင်းတို့တွေက သေသွားပြီ၊ မင်း မင်းတို့ ဝိညာဉ်တွေလား၊ တာရိုးပြောတာတော့ ညောင်ပင်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့တယ်ဆိုတော့ မဟုတ်မှလွဲရော ညောင်ပင်မှာ သ သရဲဖြစ်နေတ

တော့မဟုတ်ပါဘူးနော်''

''ဟာ ဘယ်ကသရဲဖြစ်ရမှာလဲ၊ ကျွန်တော်တို့ ဒီဘဝထဲ

ခန္ဓာအသစ်နဲ့ ပြန်ရောက်လာတဲ့ ဂုဏ်နဲ့မာန် စစ်စစ်ပါဗျ''

ကြောင်တောင်တောင်ဖြစ်နေသော ကိုသက်ကိုကြည့်ပြီး သူ

နှစ်ယောက် နောက်တစ်ဖန် လူဖြစ်လာခဲ့ရသော ဘဝတွေကို ပြန်ပြော

ပြလိုက်သည်။

''ဟင် ဒါ ဒါဆို မင်းတို့ကလူဝင်စားတွေအဖြစ်နဲ့ လူပြန်ဖြ

လာတာပေါ့ ဟုတ်လား ဟာကွာ ငါ့နားရှိလို့ မျက်စိရှိလို့သာ မြင်နေကြ

နေရတာ ယုံရခက်သားကွ''

''ဟုတ်တယ်ဗျ ဒါကြောင့် ဒီဘဝရောက်တာတောင် ကျွန်တေ

တို့အမေနဲ့ ဒီရွာကို ကျွန်တော်တို့ ပြန်ရောက်လာတာပေါ့''

''ဒါပေမဲ့ မင်းအမေမှာ ဘာလုပ်ငန်းမှ မရှိတော့ဘူး ဆန်စ

ဆီစက်နဲ့ မင်းတို့ဝယ်ခဲ့တဲ့ မြေကွက်တွေကိုလေ ဟိုကောင်နောင်လ

မတော်မတရားနည်းနဲ့ သိမ်းပိုက်လိုက်တယ်''

ကိုသက် ပြောရင်းဖြင့် အသံတွေတုန်နေသည်။ ငိုချင်စိတ်

မနည်းထိန်းပြီး ပြောနေရသဖြင့် ငိုသံပါနေသည်။

''ဘာ ဘာပြောတယ် ကိုသက် ဒီလူယုတ်မာ ကျုပ်တို့နှ

ကောင်ကိုသတ် ကျုပ်အဖေကိုလုပ်ကြံ ကျုပ်အမေကို မတရားကျင့်ခဲ့တ

တောင် ထောင်မကျဘူးလား''





''မင်းအဖေကို လုပ်ကြံပြီး မင်းအမေကို မတရားကျင့်ခဲ့တဲ့ ကိစ္စက သက်သေမရှိခဲ့တော့ အမှုမမြောက်သွားဘူးလေ၊ မင်းတို့ကို သတ်တဲ့အမှုနဲ့ ထောင်ကျခဲ့ပေမယ့် ငွေနဲ့လာဘ်ထိုးလိုက်တော့ ထောင်သုံးနှစ်ပဲကျလိုက်တယ်၊ ထောင်ကထွက်လာပြီးတာနဲ့ ရွာမှာပြန်ပြီး ထောင် ထောင်ထောင် ပြန်လုပ်လိုက်တာပဲ၊ မင်းအမေ လက်ထဲမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း ဘေးကနေ ပျက်စီးအောင်လိုက်လုပ်ပြီး လုံးဝနလန်မထူတော့တဲ့အချိန်မှာ တစ်ဖက်လှည့်နဲ့ သူပဲ သိမ်းပိုက်လိုက်တယ်''

''တောက်''

ဂုဏ်နှင့်မာန် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် သူတို့ဘာလုပ်ရမလဲဆိုတာကို စဉ်းစားမိသွားကြကာ

''ဂုဏ် ကျွန်တော်တို့ မေမေ့ဆီအရင်မသွားခင် ကိစ္စတစ်ခုကို အရင်လုပ်ကြရအောင်''

မာန့်စကားကြောင့် အရိပ်သုံးပါးနားလည်သော ဂုဏ် ခေါင်းတဆတ်ဆတ်ညိတ်ကာ

''မင်းဘာကိစ္စလုပ်မယ်ဆိုတာ ငါသိတယ် မာန်''

''ဒါဆိုရင် အဲဒီကိစ္စအကောင်အထည်ဖော်ပြီးမှ မေမေ့ဆီသွားကြမယ်''

ညီအစ်ကိုနှစ်ယောက် အစိုင်အခဲဖောက်ညီနေကြပုံကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုသက် မျက်လုံးကလယ်ကလယ် ကြည့်ကာ

"မင်း မင်းတို့ ဟိုကောင် နောင်လတ်ကို ကလဲ့စားသွားချေမလို့လား၊ မ မလုပ်ပါနဲ့ကွာ ဒီလူကြီးက ခုချိန်ထိ တပည့်တွေမွေးနေတုန်း၊ မင်းတို့နှစ်ယောက်လောက်ကို သူက စာဖွဲ့မှာမဟုတ်ဘူး"

"ဘာမှမပူပါနဲ့၊ ဒီတစ်ခါ ကျွန်တော်တို့မားချင်းယှဉ်ပြီး မချေတော့ပါဘူး၊ လုပ်သင့်လုပ်ထိုက်တာလေး လုပ်ရုံပါ၊ ဒါကြောင့် ကိုသက် ကျွန်တော်တို့ရောက်နေပြီဆိုတာကို မေမေ့ကိုသွားမပြောပါနဲ့ဦး"

"တာရိုး ပြောမှာပေါ့"

"ရတယ် သူပြောတာ ပြောပါစေ ကျွန်တော်တို့ ဒီပြန်ရောက်တာ ကိုသက်ရယ် တာရိုးရယ် နှစ်ယောက်ထဲ သိသေးတာ မဟုတ်လား"

"အေး အေးလေ"

"ဒါကြောင့် အချိန်မတန်သေးဘဲ လုံးဝမပြောပါနဲ့"

"အေး အေးပါကွာ"

"ဒါဆိုရင် ဟန်မပျက်နေလိုက်တော့၊ ကျွန်တော်တို့ ဒီတစ်ညတော့ ဘယ်သူမှမတွေ့နိုင်တဲ့နေရာကိုရှာပေး"

"အေးပါကွာ ငါ ငါ့ရဲ့ဖိုထိုးတဲ့အိမ်ကလေးမှာ သွားနေကြ၊ ငါလိုက်ပို့မယ်၊ အဲဒီနေရာကို ဘယ်သူမှမလာလို့ မင်းတို့ကို ဘယ်သူမှ မတွေ့နိုင်ပါဘူး"

"ကောင်းပြီ ခုပဲလိုက်ပို့"

■ ■ ■



တစ်ရွာလုံး ငြိမ်သက်တိတ်ဆိတ်၍နေသည်။ ဂုဏ်နှင့်မာန် ကိုသက်၏အကူအညီဖြင့် နောင်လတ်၏အိမ်ကြီးဆီသို့ ချဉ်းကပ်လာသည်။

"ဟောဟို မီးလင်းနေတဲ့အခန်းက နောင်လတ်နေတဲ့အခန်းပဲ"

"ဘယ်ကနေတက်ရင် အဆင်ပြေနိုင်မလဲ"

"အိမ်ရှေ့ပေါက်ကတက်ရင်တော့ သူ့တပည့်တွေ လက်ချက်နဲ့ တွေ့သွားနိုင်တယ်၊ ဒီတော့ ဟောဟို မန်ကျည်းပင်ကြီးပေါ်ကနေ သူ့အခန်းထဲဝင်မှရမယ်"

ကိုသက်အကြံပေးသည့်အတိုင်း မကျည်းပင်ကြီးနားသို့ ညီအစ်ကိုနှစ်ယောက် လျှောက်လာကြသည်။

ကြိုတင်စီစဉ်ထားသည့်အတိုင်း သူတို့အသတ်ခံရမည့်နေ့တွင် ဝတ်ခဲ့သည့်အဝတ်အစားမျိုး ဝတ်ပြီး ကိုယ်မှာ သွေးအတုတို့ သုတ်လိမ်းလိုက်သည်။

မျက်နှာကိုလည်း ဒဏ်ရာဒဏ်ချက်တွေ ပရမ်းပတာဖြစ်နေအောင် ပြုပြင်ထားသည်မို့ နောင်လတ်အမြင်မှာ ဂုဏ်နှင့်မာန် သူ့ကိုသရဲအဖြစ်လာပြီး ခြောက်တယ်ဟုပဲ ထင်လောက်သည်။

ထိုအကြံကိုစပြီး အကောင်အထည်ဖော်နေကတည်းက ကိုသက် သဘောတကျကျနှင့် အားတက်သရောဖြစ်ကာ လိုအပ်သမျှကို ကူညီပေးရှာသည်။

"ကဲ အပြင်ကအခြေအနေကို အကဲခတ်ပြီး အကြောင်းထူးရင် အချက်ပြနော်၊ ကျုပ်တို့မညာသွားပေးလိုက်ဦးမယ်"



www.burmeseclassic.com

"အေးပါ မင်းတို့သာ အဆင်ပြေအောင် စစ်ဆင်ရေးဆင်နွှဲပါ၊ ငါ ဒီကအခြေအနေကို စောင့်ကြည့်ထားမယ်"

■ ■ ■

## အခန်း (၁၇)

ဦးနောင်လတ်တစ်ယောက် အသက်ရလာတာတောင် ဖလောဘ အတော်မသတ်နိုင်သေး။ ဒေါ်မြကမ္ဘလာ၏စီးပွားရေးလုပ်ငန်းတွေကို ာတ်မတရားနည်းဖြင့် ယူထားပြီး ထိုလုပ်ငန်းတွေကို ပိုင်ဆိုင်နေရ တောင် ဒေါ်မြကမ္ဘလာကို ထပ်ပြီး ပိုင်ဆိုင်ချင်သေးသည်။

"မြကလေးရယ် မင်းကတော့ တစ်နေ့တစ်နေ့ မင်းရဲ့သေသွား ာားတွေကို မျှော်ပြီး သားရှူး ရှူးနေတာနဲ့တင် မင်းရဲ့စိတ်တွေက ဒီ သက် ငါ့ဆီကို စိတ်ယိုင်လာပါဦးတော့မလား"

နေ့ဆို လုပ်ငန်းတွေ တပည့်တွေနှင့်ချာလပတ်ရမ်းအောင် လုပ်ရှုပ်သမျှ ညဘက်ဆိုလျှင် အရက်ခွက်ကိုအဖော်ပြုကာ ဒေါ်မြကမ္ဘ ာကို တိတ်တခိတ် မျှော်လင့်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း မီးခံသေတ္တာထဲမှ ဒေါ်မြကမ္ဘလာ၏လက်ထဲမှ မတာရ
သိမ်းယူထားသည့် လုပ်ငန်းစာချုပ်တွေ လုပ်ငန်းမှတ်ပုံတင်တွေကို ထုတ်
ကြည့်ပြီး သူ့အတွက် ဒါတွေဟာ မြကလေးလောက် ရင်သပ်ရှုမောသေ
စိတ်ခံစားမှုတွေ မပေးနိုင်ပါလားဟု တွေးတောနေမိသည်။

"ဒေါက် ဒေါက် ဒေါက်"

"ဘယ်သူလဲ"

"ကျွန်တော်ပါ မိုးသီး"

"ဝင်လာခဲ့ ဘာကိစ္စလဲ"

လက်ထဲမှ စာရွက်စာတမ်းတွေကို စားပွဲပေါ်လှမ်းတင်ပြီး မီး
သေတ္တာကို ကပျာကယာ ပိတ်လိုက်သည်။

တပည့်မိုးသီး အခန်းတံခါးဖွင့်ပြီး ဝင်လာသည်။

"ဟိုကောင်တွေ ဖဲဝိုင်းသွားကြပြီ အာစရိ မသွားနဲ့လို့တာ
လည်း မရဘူး"

"ဟင် ဟုတ်လား ဒီခွေးသူတောင်းစားတွေ ငါ့ကို အိုသွား
ဆိုပြီး လူမလေးခွေးမခန့် လုပ်နေကြတယ်ပေါ့ ဟုတ်လား ဟမ်၊ မန
ကျရင် အဲကောင်တွေကို ငါ့ရုံးခန်းကိုလွှတ်လိုက်၊ သောက်ခွက်တွေ
စုတ်ပြတ်သတ်အောင်ကို လုပ်ပစ်ဦးမယ်"

"ဟုတ် ဟုတ်ကဲ့ အာစရိ ဒါ ဒါနဲ့ အာစရိရော ဘာလိုသေ
ကျွန်တော် အမြည်းထပ်လုပ်ပေးရဦးမလား"

"ခုချိန်မှာ ငါလိုအပ်နေတာ အမြည်းမဟုတ်ဘူးကွ"





"ဗျာ"

မိုးသီး နားမလည်။

"ဘာ ဘာလိုအပ်နေလို့လဲ"

"မြကလေး မြကလေးလေ၊ ငါ သူ့ရဲ့ခန္ဓာကိုယ်ကို သိမ်းပိုက်
ခဲ့တုန်းက ရင်ခုန်ကြည်နူးမှုလေးတွေကို ပြန်ပြန်တွေးကြည့် မြင်ယောင်
ပြီး အချိန်တွေကို နောက်ကိုပြန်သွားလို့ရရင် သွားချင်တယ်"

"အာစရိရယ် အဲဒီမိန်းမက အိုနေပြီလေ၊ ရွာမှာ အာစရိ
အသုံးတည့်မယ်ဆိုရင် အချောအလှလေးတွေ အများကြီး နုလို့ဖွေးလို့
ကြိုက်တဲ့ကောင်မလေး လက်ညှိုးထိုးလိုက် ကျွန်တော် ညတွင်းချင်း
ခေါ်ခဲ့မယ်၊ တစ်ယောက်ထဲ အားမရရင် နှစ်ယောက်လောက်
ခေါ်ခဲ့မယ်"

"ဟေ့ကောင် မင်းက ငါ့ကိုနွားဘူးကောင်လို့ ထင်နေတာလား။
မိန်းမဖြစ်ပြီးရောဆိုတဲ့စိတ်ရှိရင် ခုလိုမျိုး ငါတစ်ယောက်ထဲ အထီးကျန်
နေစရာအကြောင်းကိုမရှိဘူး၊ ငါ့ရင်ထဲမှာ ဟိုးတုန်းကလည်း မြလေးကို
ချစ်ခဲ့တာ၊ ခုလည်း မြလေးကိုပဲ ငါ့ရင်ထဲက တောင့်တနေတာ၊ မြလေး
ဆံဖြူသွားကျိုးပြီး ခါးကုန်းချိုနဲ့နေရင်တောင် ငါ့ရင်ထဲက အချစ်တွေက
အိုမင်းမသွားဘူး"

"ဒါဆိုရင် အပိုင်သိမ်းလိုက်လေ သူ့လုပ်ငန်းတွေကို ပြန်ပေး
မယ်ဆိုပြီး မျှားခေါ်လိုက်ပေါ့"

"မရလို့ပေါ့ကွ ရမှတော့ ငါအစောကြီးကတည်းက လုပ်ပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



အခု သူ့သားဂုဏ်နဲ့မာန်ကို ငါက သတ်လိုက်ပြီး ရှေ့နေနဲ့ပင်းပြီး လာ
ထိုးလိုက်လို့ ထောင်သုံးနှစ်ပဲ ကျတာကိုတောင် သူက ကျေနပ်နေ
မဟုတ်ဘူး''

''အာစရိကိုက အစွဲအလမ်းကြီးပါတယ် အာစရိရာ၊ ခုချိန်
မပေါင်းရရင် ဘယ်အချိန်ပေါင်းမလဲ''

''ဒါပေမဲ့ ငါ လက်မလျှော့ပါဘူး မြလေး ငါ့ရင်ခွင်ထဲ ရော
ကို ရောက်လာစေရမယ်၊ ကဲ မင်းလည်းသွားတော့ ဟိုကောင်တွေ
တော့ ခြံကိုသော့သေချာခတ်''

''ဟုတ်ကဲ့ပါ အာစရိ''

မိုးသီး ထွက်သွားသည်နှင့် အရက်ခွက်ကို ယူပြီး ထပ်
လိုက်သည်။

''ကျွီ ကျွီ ကျွီ''

ဝေ့ခနဲ တိုက်ခတ်လာသော ညဥ့်လေနှင့်အတူ ပြတင်းထ
ချပ်က တကျွီကျွီနှင့်လှုပ်ရမ်းနေသည်။

ထိုစဥ် အခန်းမီးသည် ဖျတ်ခနဲ အမှောင်ကျသွားသည်။

''တောက် သောက်ရေးထဲ မီးကပျက်သေးတယ်''

မီးအမှောင်ကျသွား၍ ထိုင်ရာမှ ဒယီးဒယိုင်ထကာ အင်တာ
မီးထွန်းရန် မီးခလုပ်တွေ့ရှိရာသို့ ထလာလိုက်သည်။ ရုတ်တရက် မီး
ဖြတ်ခနဲ ပြန်လင်းလာသည်။

''ဟင် ဘယ် ဘယ်သူလဲ မင်း မင်းတို့ ဂုဏ်မာန် ဘီ ဘီ





နှစ်ကောင်''

သွေးသံရဲရဲဖြင့် ခပ်တောင့်တောင့် ရပ်နေကြသော ဂုဏ်နှင့်မာန်
ကိုမြင်တော့ ဦးနောင်လတ် ကျောထဲစိမ့်သွားကာ ခြေလှမ်းတို့ နောက်ကို
ယိုင်သွားသည်။

''ခင်ဗျားကြီး ကျုပ်တို့ညီအစ်ကိုကို မှတ်မိသားပဲ''

''မင်း မင်းတို့က သေနေပြီလေ၊ ငါ့ ငါ့ဆီကို ဘာလာလုပ်တာ
လဲ''

ဦးနောင်လတ် ကြောက်၍ ကိုယ်ကိုနံရံမှာ ကပ်ထားလိုက်ပြီး
အထိတ်တလန့် လေသံဖြင့်မေးသည်။

''တမလွန်မှာ ကျုပ်တို့ညီအစ်ကိုချည်းပဲနေရတာ ပျင်းဖို့ကောင်း
လို့ ခင်ဗျားကိုလာခေါ်တာ''

''သွား မလိုက်ဘူး ငါက ဘာလို့ လိုက်ရမှာလဲ''

''ခင်ဗျား ကျုပ်အမေကို ခုချိန်ထိ ပြစ်မှားနေတုန်းပဲ မဟုတ်
လား။ ကျုပ်အဖေကို လုပ်ကြံပြီး သေအောင်လုပ်တယ်၊ နောက်ပြီး
ကျုပ်အမေကို အမွှေကျင့်တယ်''

''ငါ ငါ မကျင့်ဘူး၊ မင်းအဖေကို ငါသတ်တာဆိုပေမယ့်
မင်းတို့မှာ ဘာသက်သေရှိလို့လဲ''

''ခု ခင်ဗျားပါးစပ်က ဝန်ခံတာ သက်သေပဲလေ၊ ကျုပ်တို့ကို
သတ်တဲ့အပြစ်မှာ ခင်ဗျားလာဘ်ထိုးလိုက်လို့ ထောင်သုံးနှစ် ကျသွား
တာကို မကျေနပ်ဘူး။ ဒါကြောင့် ခင်ဗျားလိုလူယုတ်မာကို လာခေါ်တာ''



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်နှင့်မာန် ရှေ့သို့တစ်လှမ်းချင်း တိုးလာသည်။

"မင်း မင်းတို့ ငါ့ ငါ့ကို ဘာမှမလုပ်နဲ့၊ ငါ့ ငါ့တပည့်တွေ မင်းတို့ကို လာသတ်လိမ့်မယ်"

ဂုဏ်ရယ်သည်။ ရယ်ရင်းဖြင့်

"သေပြီးသား သရဲတွေကို ဘယ်လိုလက်နက်နဲ့ လာသတ်မှာလဲ၊ ခင်ဗျားတပည့်တွေ မသာအိမ်မှာ ဖဲသွားရိုက်နေကြပြီလေ၊ ခု ခင်ဗျားကို ကျုပ်တို့လောကထဲ ခေါ်သွားလည်း ဘယ်သူမှ ဝင်တားလို့မရဘူး"

မာန့်လက်က ဦးနောင်လတ်၏လည်ပင်းဆီသို့ လက်ရွယ်နေသည်။ ဦးနောင်လတ် ပြေးပေါက်ပိတ်နေသူတစ်ယောက်လို အထိတ်တလန့် မျက်ပြူးဆန်ပြာဖြင့်

"ငါ့ ငါ့ကိုမသတ်ပါနဲ့ကွာ ငါတောင်းပန်ပါတယ်"

"အပြစ်ကျတော့ ဝန်မခံဘူး၊ သေမှာကျတော့ ကြောက်သလား၊ ကျုပ်တို့က ခင်ဗျားကိုသတ်ရအောင် လက်ထဲမှာ ဘာလက်နက်မှပါတာ မဟုတ်ဘူး၊ ခင်ဗျားကို ကျုပ်တို့နေတဲ့နေရာကို အလည်ခေါ်သွားရုံလေးပါ"

"မ မလိုက်ပါရစေနဲ့ ငါ ငါတောင်းပန်ပါတယ်ကွာ၊ ငါ့ ငါ့ အပြစ်တွေ မင်းတို့အပေါ်မှာ များနေပြီဆိုတာ ငါသိပါတယ်၊ နောင် နောင်တလည်း ရသင့်သလောက် ရပါတယ်"

"ဒါဆို ခင်ဗျား ကျုပ်အဖေကို ဘယ်လိုသတ်ခဲ့တယ်ဆိုတာ ကျုပ်တို့ကို ပြောပြ"

"ပြော ပြောပြပါ့မယ်ကွာ၊ တကယ်တော့ ငါလိုက်ဝယ်နေတဲ့





မြေကွက်ကို မင်းအဖေက လက်ဦးအောင်ဝယ်သွားလို့ ငါ မကျေနပ်ခဲ့ဘူး၊ သူက ငါ့ရည်ရွယ်ချက်မှန်သမျှကို အမြဲတမ်းလိုက်ဖျက်ဆီးနေတဲ့ကောင်၊ ငါသိပ်ချစ်တဲ့မြလေး အဲ မင်းတို့အမေကိုလည်း သူ လုယူသွားတယ်၊ စီးပွားရေးဆိုရင်လည်း ငါ့ထက်သာတယ်၊ လူတွေရဲ့ယုံကြည်လေးစားမှုဆိုရင်လည်း သူ့ကိုငါ့ထက် လူတွေကပိုပြီး ယုံကြည်လေးစားကြတယ်၊ ငါ့ကိုတော့ တစ်ရွာလုံးက လူမိုက်စာရင်းသွင်းကြတယ်၊ ဒါကြောင့် ဒီကောင်မရှိရင် မင်းတို့အမေ မြကမ္ဘာလာကိုလည်း အပိုင်သိမ်းနိုင်မယ်၊ သူရှာထားတဲ့ စီးပွားရေးလုပ်ကွက်တွေအားလုံးလည်း ငါ့လက်ထဲရောက်မယ်ဆိုပြီး သူ့ကိုသတ်ဖို့အထိ ငါလောဘတက်ခဲ့တယ်၊ ဒါကြောင့် မြေကွက်ဖိုးငွေရှင်းပြီး ပြန်လာတဲ့မင်းအဖေကို ငါကိုယ်တိုင်ပဲ သူစီးမယ့်ကားဘရိတ်ကို ဖျက်ဆီးပြီး ချောက်ထဲကျအောင် ငါဖန်တီးခဲ့တာပါ"

"ခင်ဗျား လူယုတ်မာပဲ၊ ခင်ဗျားဘဝမှာ ယုတ်မာမှုတွေက ရေတွက်လို့ မကုန်နိုင်ပါလား"

"ဒါဆို အဲဒီမြေကွက်ဂရန်က ခင်ဗျားဆီရောက်နေခဲ့တာပေါ့ ဟုတ်လား၊ အရင်က ကျုပ်အမေပြောတာ ကျုပ်တို့မယုံခဲ့ဘူး"

အံတကြိတ်ကြိတ်ဖြင့် မေးသော ဂုဏ်အမေးကို ကလေးငယ်တစ်ယောက်လို ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"ဟုတ် ဟုတ်ပါတယ်ကွာ အဲဒီမြေကွက်ပိုင်ဆိုင်မှုတွေက ငါ့ဆီမှာပါ"

"တောက် လူယုတ်မာ"



www.burmeseclassic.com

www.burmeseclassic.com



အနီးရှိ ဖန်ပုလင်းဖြင့် လွှဲရိုက်ဖို့ဟန်ပြင်လိုက်သော မာန့်လုပ်ရ…
ကြောင့်

"အ မ မလုပ်ပါနဲ့ကွာ၊ ငါတောင်းပန်ပါတယ်၊ အသက်…
ချမ်းသာပေးပါ၊ မင်းတို့ညီအစ်ကိုအတွက် ငါ ကောင်းမှုကုသိုလ်…
လုပ်ပေးပါ့မယ်"

"မလိုဘူး ခင်ဗျားလုပ်ပေးတဲ့ ကုသိုလ်အရှိန်ကြောင့် ကျုပ်…
နောင်ဘဝကူးကြရမယ်ဆိုရင် ဘယ်တော့မှ မကူးဘူး၊ ကဲ ပြော…
ဆက်ပြော ကျုပ်အမေကိုရော"

"မင်း မင်းအမေကို အဓမ္မကျင့်ခဲ့တာလည်း ငါပါပဲကွာ၊ သ…
သိပ်ချစ်လို့ ဖြစ်သွားခဲ့တာပါ"

"ထွီ အဲဒီ ယုတ်မာတဲ့ပါးစပ်က ချစ်တယ်ဆိုတဲ့စကား မထွက်…
မတန်ဘူး၊ ကျုပ်အမေ မျက်မမြင်ဘဝရောက်ပြီး အရူးတစ်ကွဲဖြစ်ခဲ့…
တယ်၊ ဒါတွေနဲ့တင်အားမရဘူး၊ ကျုပ်တို့ကိုသတ်ပြီး ကျုပ်တို့အမေ…
ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ရှာဖွေခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း…
ခင်ဗျား ယုတ်မာပက်စက်တဲ့အကြံတွေ သုံးပြီး အပိုင်သိမ်းထားတယ်"

"အဲ အဲဒါတွေ ပြန်ပေးဆိုရင် ပြန်ပေးပါ့မယ်ကွာ ငါ့ ငါ့…
တော့ ခွင့်လွှတ်ပေးလိုက်ပါ၊ ငါ့အသက်လည်း ခြောက်ဆယ်ကျော်…
ခုနစ်ဆယ်တောင်ပြည့်လုနေပါပြီကွာ၊ အလွန်ဆုံး နေရလှ ငါးနှစ်ပေါ့…

"အဲဒီငါးနှစ်တောင် ခင်ဗျားကို ပေးမနေချင်တော့ဘူး၊ ကျုပ်…
ညီအစ်ကို ခံစားရသလို ခင်ဗျားလည်း ခံစားရမယ်"





"ငါ ငါ မသေပါရစေနဲ့ကွာ မင်း မင်းတို့ကြောင့် ငါ လက်တစ်ဖက်မရှိတဲ့ ဒုက္ခိတဘဝနဲ့ ဟောဒီပုံဆိုးပန်းဆိုးမျက်နှာနဲ့ နေလာရတာပါကွာ"

ဦးနောင်လတ် တော်တော်လေး သွေးရူးသွေးတန်း ဖြစ်နေသည်။

"အခု ကျုပ်တို့တွေဆီက မတရားသိမ်းယူထားတဲ့လုပ်ငန်းပိုင်ဆိုင်မှုတွေ ကျုပ်အဖေဆီက လုပ်ကြံသတ်ဖြတ်ပြီးယူထားတဲ့ မြေစာချုပ်တွေ ဘယ်မှာလဲ"

"ပေး ပေးပါ့မယ်ကွာ ပေးရုံတင်မဟုတ်ဘူး အားလုံးကိုလွှဲပြောင်းပေးပါ့မယ်"

"ပါးစပ်နဲ့ပြောလို့မရဘူး လက်တွေ့လုပ်ပြ"

"စိတ်ချ မနက်မိုးလင်းတာနဲ့လေ ငါ ငါ မင်းအမေဆီကို လွှဲပြောင်းပြီးသား စာချုပ်စာတမ်းနဲ့ ပိုင်ဆိုင်မှုတွေကို ပို့ပေးပါ့မယ်"

"ကောင်းပြီလေ ခင်ဗျားကတိတည်ရင် တည်ပေါ့ကွာ၊ မတည်ရင်တော့ ခင်ဗျားဘေးမှာ ကျုပ်တို့ညီအစ်ကိုတွေ ရှိနေတယ်၊ အပြောနဲ့ အလုပ်မညီရင် ကျုပ်တို့နဲ့ တမလွန်ခရီးကို လိုက်ခဲ့ရမယ်"

"အေး အေးပါကွာ ငါ ငါ တကယ်လွှဲပြောင်းပေးပါ့မယ်"

ဦးနောင်လတ် ကတိတွေ အထပ်ထပ်ပေးနေစဉ်မှာပင် မီးတို့ ဖျတ်ခနဲ မှောင်ချသွားသည်။ မီးမှောင်သွားမှပင် ကြောက်စိတ်တို့ပို၍ တိုးလာကာ

"အား မ မသတ်ပါနဲ့ ငါ ငါမှားပါတယ်၊ ငါ့ကို မသတ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မသတ်ပါနဲ့"

အမှောင်ထဲမှာ အော်မိအော်ရာ အာခေါင်ခြစ်၍ အော်ဟစ်တောင်းပန်လိုက်သည်။

သိပ်မကြာလိုက် မီးများပြန်လင်းလာပြီး

"အာစရိ အာစရိ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

မိုးသီး အခန်းထဲဝင်လာပြီး သွေးရူးသွေးတန်း ဖြစ်နေသော ဦးနောင်လတ်ကို ကြည့်ပြီး နားမလည်နိုင်။

အာစရိ စောစောကအကောင်း ခု ဘာထဖြစ်တာလဲ။

■ ■ ■

## အခန်း (၁၈)

"တာရိုးက ငှါသားတွေကို ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ တွေ့ခဲ့တယ်တဲ့၊ အခု ဘာဖြစ်လို့ ငှါသားတွေ ရောက်မလာသေးတာလဲ"

ပြောရင်း တရှုံ့ရှုံ့ငိုနေသော ဒေါ်မြကမ္ဘလာကို ကြည့်ပြီး ဒေါ်စိုးမိုး သက်ပြင်းကို ခပ်လှိုင်လှိုင် ချလိုက်သည်။ တာရိုး မြင်ခဲ့သည်ဆိုတာ သေချာလျှင် မဟုတ်မှလွဲရော ဂုဏ်နှင့်မာန်ဟာ မကျွတ်မလွတ်ဘဝနဲ့ ဤညောင်ပင်ကြီးမှာ တည်မှီနေရတာများလား။

"မြကလေးရေ မြကလေး"

ငြိုငြင်ဝမ်းနည်းနေသော ဦးနောင်လတ်နှင့်သူ့တပည့်တွေကြောင့် ဒေါ်စိုးမိုး ပြတင်းပေါက်မှ ထွက်ကြည့်လိုက်သည်။

ဒေါ်မြကမ္ဘလာ တရှုံ့ရှုံ့ငိုနေရင်းမှ အငိုရပ်ကာ ဘယ်သူလဲဆိုသောအကြည့်ဖြင့် မေးဆတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် နောင်လတ် ဘာလာပတ်သက်ပြန်ပြီလဲ မသိပါဘူး"

"ဘာ နောင်လတ် ဟုတ်လား"

ဒေါ်မြကမ္ဘလာ မျက်နှာမှာ ချက်ချင်းတင်းမာသွားပြီး နံရံမှာ ချိတ်ထားသော ငှက်ကြီးတောင်ခါးကို မိန်းမငယ်တစ်ယောက်၏မာန်ကဲ့သို့ ဖျတ်ခနဲ ဆွဲယူလိုက်သည်။

ခြေလှမ်းတွေက အိမ်အပေါ်ထပ်လှေကားမှ ရန်လိုစွာ ဆင်းချလာလိုက်သည်။

"ဟဲ့ မြ မြ ဒေါသကိုရှေ့မထားနဲ့ သူဘာကိစ္စနဲ့လာမှန်းမသိဘဲနဲ့ ကိုယ့်ဘက်က စမမှားစေနဲ့ ဟဲ့ စိုးမြင့် စိုးမြင့်ရေ လုပ်ပါဦး ဩော် အရေးထဲ ဒင်းက ဘယ်သွားနေတာလဲ မသိပါဘူး။ မြ မြရေ လက်လွန်မယ်ကွယ့်"

ဒေါ်စိုးမိုး နောက်မှ ပြေးဆင်း၍ လိုက်သွားလိုက်သည်။

"ဟဲ့ကောင်နောင်လတ် နင်က ငါ့အိမ်ရိပ် ဘာကိစ္စလာနင်းသတုံး ဟမ် နင့်ရဲ့အရှက်မရှိတဲ့မျက်နှာနဲ့ ငါ့ရှေ့ပေါ်လာရဲသေးသလား"

ရင့်သီးတင်းမာသော ဒေါ်မြကမ္ဘလာစကားကို ဦးနောင်လတ် ခံနိုင်ရည်ရှိပေမယ့် တပည့်တွေက ခံနိုင်ရည်မရှိ။

"ဟေ့ အဘွားကြီး ဘာဖြစ်လို့ ရန်လိုနေတာလဲ၊ ကျုပ်တို့ဆရာကြီးက ခင်ဗျားဘဝကို ကယ်တင်မလို့ လာတာ"

"ဘာ ခွေးစကားက နတ်စကားထွက်သေး ငါ့ကိုကယ်တင်မလို့





လာတာလား။ နင်တို့လူယုတ်မာ ဆရာကြီးကြောင့် ငါ့ဘဝပျက်စီးခဲ့ရတာတဲ့ ခွေးသူတောင်းစားတွေရဲ့"

"အောင်မာ ဒီအဘွားကြီး အိမ်မီးရှို့ပြီး အမျိုးပြုတ်အောင် လုပ်ထည့်လိုက်ဦးမယ်"

"ဖြောင်း"

နွတ်မစောင့်သော တပည့်ဖြစ်သူ မိုးသီးဇါပါးကို ဖြန်းခနဲ ရိုက်ချလိုက်ပြီး

"မင်းတို့သောက်ပါးစပ်တွေ ပိတ်ကြစမ်း မင်းတို့ကြောင့် ပြဿနာက ပိုရှုပ်သွားမယ်ကွ၊ ဒီမှာ မြလေး ငါ အခုလာတာ နင့်ဆီက ဘာမှမျှော်လင့်ဖို့မဟုတ်ဘူး။ နင်တို့ဆီက ငါအပိုင်သိမ်းထားတဲ့ လုပ်ငန်းပိုင်မှု စာရွက်စာတမ်းတွေကို နင့်ကိုလာပြန်ပြီးပေးတာ၊ ငါ့လက်မှတ်လည်း ထိုးပြီးသွားပြီ"

"ဘာ နင်က ငါ့ကိုပြန်လွှဲပေးတာ ဟုတ်လား။ မဖြစ်နိုင်တာ တာမပြောနဲ့၊ နင့်ဆီမှာ ဘာအကြံတွေ ထပ်ရှိနေလို့ ခုလို စိတ်ကောင်း အမှုပြနေတာလဲ"

တစ်သက်လုံး ယုတ်မာနေသော လူယုတ်မာတစ်ယောက်က နိုန်စားကြီး စိတ်ကောင်းဝင်လာဖို့မလွယ်သည့်ကိစ္စ။

"နင်ယုံချင်ယုံ မယုံချင်နေ မြလေး။ ငါကတော့ နင့်ကို စာရွက်စာတမ်းတွေ တကယ်လွှဲပေးပြီးသွားပြီမို့ နင့်ရဲ့ဆန္ဒစက်တွေ ဆီစက်တွေ မြေကွက်တွေအားလုံး ဒီဖိုင်ထဲမှာ အားလုံးအပြည့်အစုံပါတယ် တစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



မလျှော့စေရဘူး၊ ယုတ်ဆွအဆုံး ဝေဖင့်ဆီက လုယူထားတဲ့မြေကွက်
စာချုပ်ပါ ပါတယ်၊ ဟော့ကောင် မိုးသီး သွားပေးလိုက်စမ်း။ သူ ဘာ
ပြောပြော မင်းသောက်ပါးစပ်က တစ်ခွန်းမှမဟနဲ့ ဟရင် မင်းအသေ
ရော့''

''ဟုတ် ဟုတ်ကဲ့ အာစရိ''

စာရွက်စာတမ်းဖိုင်ကို မိုးသီး လှမ်းယူပြီး ခြံဝတွင်ရပ်နေသော
ဒေါ်မြကမ္ဘလာရှေ့ကိုသွားပြီး လှမ်းပေးသည်။

ဒေါ်မြကမ္ဘလာ မယူ မျက်နှာကိုမဲ့လိုက်ပြီး

''နင့်ရဲ့ထောင်ချောက်ထဲကို ငါ ထပ်ဝင်မယ်များ ထင်နေသလား
နောင်လတ်၊ ငါ့ဘဝမှာ ငါ့လင် ငါ့သားနှစ်ယောက်ကိုတောင် ဆုံးရှုံးလိုက်
ရပြီးမှ ဒီဥစ္စာပစ္စည်းတွေက ဘာအသုံးတည့်တော့မှာလဲ''

''ဒါဆိုရင် နင့်သားတွေနဲ့ နင့်ယောက်ျားတွေအတွက် လှူ
လိုက်ပေါ့၊ ငါလည်း ဒီလောဘတွေကို ပိုက်ထားရလို့ စိတ်မောရတယ်
လိုလည်းမလိုချင်တော့ဘူး၊ ငါတို့လည်း အသက်တွေရလာပြီပဲ မြဲ
ရယ်၊ အာဃာတတွေကို ခြေဖျက်လိုက်ကြရအောင်၊ ဘုရားသွား ကျောင်း
တက်လေး အတူတူလုပ်ကြရအောင်၊ ဒီဘဝကလို အဖြစ်ဆိုးမျိုးနေ
နောင်ဘဝကို မပါအောင်လို့ပေါ့''

''အဲဒီနေရာမှာ ဘုန်းခနဲ လဲသေလိုက်စမ်း၊ သွား နင်
အားလုံး ခုချက်ချင်း ငါ့ခြံရှေ့က ထွက်သွားကြနော် မဟုတ်ရင် မော
ဓားက နင်တို့အသက်တွေကိုနှုတ်ပြီး ထောင်ကို တရားရိပ်သာလို သ





ထားပြီး သွားနေလိုက်မယ်''

ပြတ်သားရဲရင့်သော စကားက အရွယ်ကျသွားသော ဒေါ်မြ
ကမ္ဘလာ၏အိုမင်းမှုနှင့်မလိုက်ဖက်။

''မိုးသီး သူမယူလည်း အဲဒီမှာ ချထားခဲ့လိုက် ငါတို့ သွားကြ
မယ်''

ဦးနောင်လတ်တို့ ဆရာတပည့်တွေ ဒေါ်မြကမ္ဘလာခြံရှေ့မှ
အားလေးသော ခြေလှမ်းတွေဖြင့် လှည့်ပြန်သွားကြသည်။

အုံ့ဩစရာကောင်းလေစွဟု ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်နေသော
ဒေါ်ကြီးစိုးမိုးနှင့် စိုးမြင့် မှတ်ချက်ချလိုက်ပြီး မြေကြီးပေါ်ချသွားသော
ဖိုင်တွဲကြီးကို စိုးမြင့် ပြေးယူလိုက်သည်။

■ ■ ■

''ဒီ ဒီကောင် ဘာသဘောနဲ့ ဒီစာရွက်စာတမ်းတွေကို လာ
ပေးသွားရတာလဲ''

လုပ်ငန်းပိုင်ဆိုင်မှု စာရွက်စာတမ်းတွေနှင့် လွှဲပြောင်းထားသော
စာချုပ်တွေကိုကြည့်ပြီး ဒေါ်မြကမ္ဘလာ မယုံနိုင်လောက်အောင် အံ့ဩမိ
သည်။

''အသက်ကလေး ရလာတော့ သူ့မိုက်ပြစ်တွေကို ပြန်တွေးပြီး
နောင်တရလာလို့ လာပြန်ပေးတာလားမှမသိတာကွယ်''

ဒေါ်စိုးမိုးက အကောင်းဘက်က မြင်ပေးသလောက် ဒေါ်မြ
ကမ္ဘလာကတော့ လင်နှင့်သားတွေ သူ့ကြောင့်ဆုံးရှုံးခဲ့ရ၍ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်က မြင်မပေးနိုင်။

ကမ္ဘာတည်သရွေ့ ဒီအမုန်းတွေက လျော့ပါးသွားမှာမဟုတ်။

"အဲဒီလို လာပြန်ပေးတာ သားတို့ကို ကြောက်လို့ မေမေရဲ့"

ခေါင်းချင်းဆိုင်နေသော ဒေါ်မြကမ္ဘလာ သားဂုဏ်၏အသံ ကြောင့် ကပျာကယာ လှည့်ကြည့်သည်။

သားနှစ်ယောက် မားမားရပ်နေတာကိုမြင်တော့ ကိုယ့်မျက်လုံး ကိုယ်မယုံနိုင်အောင် မင်တက်အံ့ဩကာ တွေတွေကြီး စိုက်ကြည့်နေသည်။

ဒေါ်စိုးမိုး ပါးစပ်အဟောင်းသားဖြင့် မမိုတ်မသုန် ကြည့်ကာ

"ဂုဏ်မာန် ဂုဏ်မာန်"

"ဟုတ်ပါတယ် ကြီးစိုးရဲ့ ကျွန်တော်တို့ ဂုဏ်နဲ့မာန်ပါ၊ မေမေ ဘာကြောင့်ကြည့်နေတာလဲ၊ သားလေး သားတို့ မေမေ့ဆီပြန်လာကြပြီ လေ"

ဂုဏ်နှင့်မာန် မိခင်၏လက်မောင်းကို တစ်ယောက်တစ်ဖက်စီ လှုပ်ရမ်းခေါ်တော့မှ အသိစိတ်ပြန်ဝင်လာကာ မျက်ရည်တို့ တာကျိုးသလို ကျိုးလာပြီး

"သား သားတို့"

"မေမေ"

"အမလေး ငါ့သားတွေ ခုတော့ မေမေ့ဆီပြန်လာကြပြီပေါ့ မေမေ မျှော်ခဲ့ရတဲ့ရက်တစ်ရက်ကို ခုရောက်လာခဲ့ပြီပေါ့၊ မစိုး မြသားတွေ ပြန်လာကြပြီ ကြည့်ပါဦး မြကသာ အိုလာတာ မြသားတွေက ခုချိန်ထိ





ဘာမှမပြောင်းလဲသေးပါလား၊ မေမေလေ သားတို့ရဲ့မျက်နှာကို တွေ့လိုက် ရလို့ သေမယ်ဆိုရင်တောင် သေပျော်ပါပြီကွယ်"

ဒေါ်မြကမ္ဘလာ သားနှစ်ယောက်ကို ဖက်ဖက်ပြီး ဝမ်းသာလွန်း ၍ ငိုသော ငိုကြွေးခြင်းဖြင့် ရှိုက်ကြီးတငင် ငိုခဲ့လေတော့သည်။

ဂုဏ်နှင့်မာန်လည်း အရင်ဘဝက မိခင်ကို ဒီဘဝမှာ ကျန်း ကျန်းမာမာကြီး ပြန်တွေ့လိုက်ရ၍ ပြောမပြနိုင်သော ဝမ်းသာမှုကြီးက နင့်ထဲတစ်ဆို့ကာ မိခင်နှင့်အတူ ပြိုင်တူငိုလိုက်ကြတော့သည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၉)

"မင်းတို့ ဘယ်သူတွေလဲ"

စိုးမြင့် အမေးကြောင့် ဂုဏ်နှင့်မာန် စိုးမြင့်၏သံသယမျက်ဝန်း
ကို အပြုံးဖြင့် အသိအမှတ်ပြုလိုက်ပြီး

"ကျွန်တော်တို့က ဂုဏ်နဲ့မာန်လေ စိုးမြင့်ရ"

"ဘာ ဟောကောင်တွေ မင်းတို့ ရိုင်းလှချည်လား၊ မင်းတို့နဲ့
နဲ့က အရွယ်တူလို့လား၊ ငါက မင်းတို့အဖေအရွယ်လောက်ရှိတယ်လေ"

"ဒါပေမဲ့ ငါတို့က နှုတ်ကျိုးနေပြီကွ၊ မင်းကို စိုးမြင့်လို့ခေါ်
ပြီး ခုကျမှ ဦးလေးစိုးမြင့်လို့ ဘယ်လိုခေါ်မလဲ"

ပြုံးဖြီးဖြီးနှင့် အကြောင်းပြချက်ပေးနေသော ဂုဏ်နှင့်မာန်
ကြည့်ပြီး စိုးမြင့် အံ့သြနေသည်။

အပြောအဆို လေယူလေသိမ်း ရုပ်ရည်ရူပကာ အရပ်အနိမ့်





အမြင့် မြင်မြင်သမျှအရာအားလုံးဟာ ဂုဏ်နှင့်မာန်မဟုတ်ဘူးဟု ငြင်း၍
မရအောင်ကို ချုတ်စွပ်တူလွန်းသည်။

သို့သော် အရွယ်နှင့်အချိန်ကို တွက်ဆကြည့်မယ်ဆိုလျှင် လုံးဝ
လွဲနေသည်မှာ သေချာနေသည်။

ဒေါ်လေးက သူ့သားတွေဖြစ်ပြီရော ကျန်တဲ့အပိုင်း သင့်သည်
မသင့်သည် ဟုတ်နိုင်မဟုတ်နိုင် မစဉ်းစားဘဲ လောကကြီးမှာ ဥပ္ပသာ
အပျော်ဆုံးသူအဖြစ် မိုးမမြင်လေမမြင် ပီတိတွေဖြင့် လှိုက်မောနေသူ။

"မင်းတို့သာ ဂုဏ်နဲ့မာန် တကယ်ဆိုရင် အသက်က ငါ့အရွယ်
ရှိလောက်ပြီပေါ့၊ အခု ငါ့အသက်လေးဆယ့်နှစ်နှစ်ရှိပြီ"

"ကျွန်တော်တို့အသက်ကလည်း ဟိုဘဝက အသက်နဲ့ ဒီဘဝ
က အသက်ပေါင်းရင် လေးဆယ့်နှစ်နှစ်ပါပဲဗျာ"

"ဘာ"

ဦးစိုးမြင့် နားရှုပ်သွားဟန်ဖြင့် မျက်မှောင်ကြီးကျုံ့ကာ ဘာ
လိုက်သည်။ ဂုဏ်နဲ့မာန် အသေအချာရှင်းပြမှဖြစ်တော့မည်မို့ ဦးစိုးမြင့်
ပခုံးကို ဖြိုင်တူဖက်လိုက်ကြပြီး သူတို့၏အရင်ဘဝက ကြုံတွေ့ခဲ့ရသည့်
ဖြစ်စဉ်တွေ ဒီဘဝမှာ ဘယ်လိုမွေးဖွားပြီး ဘယ်လိုပုံရိပ်တွေ လွှမ်းမိုးခံ
ခဲ့ရသည်ဆိုတာတွေကို အစအဆုံး ရှင်းပြလိုက်လေသည်။

"ဒါ ဒါတွေက တကယ်ပဲလား ဟား ဒါဆိုရင် မင်းတို့က
လူဝင်စားလေးတွေပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဆိုမှပဲ ငါတို့က မင်းကိုလိမ်လို့ ဘာအကျိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



မှာလဲကွာ၊ ခုပြောတဲ့အကြောင်းအရာတွေအားလုံးက တကယ့်အမှန်ရေ
ချည်းပဲ''

ဒီတော့မှ ဦးစိုးမြင့် ဝမ်းသာလုံးစို့သော မျက်နှာကြီးဖြင့် ဂုဏ်
မာန်ကို ဝမ်းသာအားရ ဖက်လိုက်ပြီး

"မင်းတို့မေတ္တာတရားက ကြီးမားလိုက်ကြတာကွာ၊ ငါ ငါဒေ
ဒီလိုဖြစ်မယ်လို့ ယောင်လို့တောင် မတွေးမိဘူးကွာ၊ ဝမ်းသာလိုက်တ
ငါ ငါတို့ရဲ့မိသားစုတွေ ခုကစပြီး ပြန်ဦးမော့နိုင်ပြီပေါ့''

"ဒါပေါ့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ပြန်လာပြီဆို
တော့ မေမေ့ကို ဘယ်သူမှ အန္တရာယ်ပေးလို့ မရတော့ဘူး''

"ဒါပေမဲ့ ငါ့စိတ်ထဲ ထင့်နေတယ်ကွာ''

"ဘာလဲ စိုးမြင့်ရ''

"မင်းတို့က လူဝင်စားအဖြစ်နဲ့ ပြန်လည်ရှင်သန်နေကြတ
ဆိုတာကို နောင်လတ် သိရင် ခေါင်းငုံ့ခံပါ့မလား၊ မင်းတို့ဝိညာဉ်အင်
ခြောက်လှန့်ပြီး ယူထားတဲ့ပိုင်ဆိုင်မှုတွေကို သူ ပြန်လုယူလိမ့်မယ်''

"ပြန်လုယူရင် သူပဲ ထောင်ထဲဝင်ရမှာပေါ့၊ ဂုဏ်နဲ့မာန်
အရင်ဘဝကလို မိုက်ရူးရဲစိတ် မရှိတော့ပါဘူး၊ သတ္တိဆိုတာ ဓား
တုတ်ခွဲ သတ်ရဲဖြတ်ရဲမှ သတ္တိလို့မခေါ်ဘူး၊ ပြဿနာတစ်ခုကို တ
နည်းလမ်းကျကျနဲ့ ရဲရဲဝံ့ဝံ့ ဖြေရှင်းနိုင်တာလည်း သတ္တိတစ်မျိုးပ
ဒီတစ်ခေါက် သူ့ကိုအနိုင်ယူလိုက်နိုင်တော့ မှန်ကန်တဲ့အတွေးတွေကြော
ပါ''





"အေးပါကွာ မင်းတို့က ခေတ်ပညာတတ်တွေဆိုတော့ ဉာဏ်
ကျပြီး ဖြေရှင်းနိုင်တော့လည်း တစ်မျိုးအောင်မြင်တာပေါ့ကွာ''

■ ■ ■

"သားတို့ရေ ထမင်းစားကြမယ်ကွယ်၊ မေမေ သားတို့အတွက်
ထမင်းပွဲပြင်ထားပြီးပြီ''

ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်တွေကို အစီအစဉ်ရေးဆွဲနေ
စဉ် မိခင်ဖြစ်သူဝင်လာ၍ လုပ်လက်စအလုပ်တွေကို ရပ်ကာ စားပွဲမှ
ထလိုက်ကြပြီး

"အတော်ပဲ မေမေရာ သားတို့လည်း ထမင်းဆာနေတာ၊ မေမေ့
အခေါ်စောင့်ရင်း ပေပြီး အလုပ်တွေလုပ်နေတာ၊ ဪ ဒါနဲ့ တာရိုးကို
သွားခေါ်ခိုင်းထားတာ ရောက်ပြီလား''

"အလိုတော် ငါ့သားတွေက ဒီအရူး တာရိုးကို ဘာလုပ်ဖို့တုန်း''

"သူလိုချင်တဲ့ ဖုန်းပေးမလို့ပေါ့''

"ဟင် အရူးကို ဖုန်းပေးမယ် ဟုတ်လား''

ချစ်သောသားတွေ၏ဆန္ဒမို့ မပယ်ရှားချင်ပေမယ့် အရူးနဲ့ဖုန်း
ဘာပတ်သက်လို့လဲ။

"သူက သားတို့အပေါ်မှာ ကျေးဇူးရှိသင့်သလောက် ရှိတယ်
မေမေရဲ့ ဒါကြောင့် သားတို့က သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးတာ''

"ဒါနဲ့ သူက ဘယ်သူ့ဆက်စရာရှိလို့လဲ၊ မတန်မရာ[illegible] ဖျက်
စီးတာပဲ အဖတ်တင်မှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းတွေက ဒီလောက်ပေါနေတာ မေမေရာ၊ သူက ရှုနေ
တဲ့သူလေ၊ သူ့ဖုန်းကို ကောင်းလားဆိုးလားတောင် သိနိုင်ပါ့မလား
သူသာ လူကောင်းဆိုရင် သားတို့က ဆိုင်ကယ်တောင် ဝယ်ပေးရဦးမှာ"

"ဟုတ်တယ် မေမေ၊ ဆိုင်ကယ်က ဟိုဘဝကတည်းက
အကြွေးတင်နေတာ"

"ဘယ်လိုသား ဟိုဘဝကတည်းက အကြွေးတင်နေတာ ဟုတ်
လား"

ဂုဏ် စကားမှားသွားသည်မို့ အချိန်မီ ဘရိတ်ပြန်အုပ်ကာ

"ဟုတ်တယ်လေ မေမေရဲ့ သားတို့ထွက်မသွားခင် ဟိုအရင်
ကအချိန်တွေကို ပြောတာ"

ဒေါ်မြကမ္ဘလာ ဘာကိုဆိုလိုသည်ဆိုတာ ရိပ်မိနေပေမယ့် ကိုယ့်
ရှေ့မှာရှိနေသော သားတွေကို ထပ်ပြီး ပျောက်မသွားစေချင်၍ ဘာမှမ
သလိုပင် နေလိုက်တော့မည်။

"ကဲပါ သားတို့ရယ် သားတို့သဘော မေမေ ဘာမှဝင်မပြော
တော့ဘူး၊ လာ လာ ဟင်းတွေ အေးကုန်တော့မှာပဲကွယ်"

သားနှစ်ယောက်လက်ကို ဆွဲပြီး ထမင်းစားခန်းထဲ ဝင်လာ
သော ဒေါ်မြကမ္ဘလာကိုကြည့်ပြီး ဒေါ်စိုးမိုး ပီတိဖြစ်ရသည်။

နေဝင်ခဲ့ပြီဟု ထင်ခဲ့တာ ခုတော့ နေဝင်ချိန်မှ မရောက်သေး
ပဲကိုး။

■ ■ ■



## အခန်း (၂၀)

"ဘာ ဘာပြောတယ် ဂုဏ်မာန်နှစ်ကောင် မသေဘူး။ ပြန်
ရောက်နေပြီ ဟုတ်လား"

ကြားလိုက်ရသည့်စကားက ဦးနောင်လတ် နားထဲသို့ ဗုံးတစ်လုံး
ပစ်ခွင်းလိုက်သလို ဝုန်းဒိုင်းကြသွားသည်။

"ဟုတ်တယ် အာစရိ၊ မနက်က အာစရိ ပြန်လွှဲပေးလိုက်တဲ့
ဆီစက်ထဲမှာ တွေ့လိုက်တယ်၊ အဲဒီက အလုပ်သမားတွေလည်း အရမ်း
အံ့ဩနေကြတယ်"

"မဖြစ်နိုင်ဘူး ဂုဏ်မာန်နှစ်ကောင်ကို ငါကိုယ်တိုင် ဓားနဲ့
ထိုးခုတ်ပြီး သတ်ခဲ့တာ၊ သူတို့နှစ်ယောက် ငါ့ရှေ့တင် ပိုးစိုးပက်စက်
အသက်ထွက်သွားတာလေ"

"ဒါပေမဲ့ ကျွန်တော့်မျက်စိကတော့ ဂုဏ်မာန်မှ ဂုဏ်မာန်
လုံးဝမလွဲနိုင်ဘူး။ ဆီစက်ထဲမှာ ကျွန်တော်ရောက်နေမှန်း သူတို့မသိခင်



www.burmeseclassic.com

www.burmeseclassic.com



အမြန်လစ်ထွက်ပြီး အာစရိဆီ ပြေးလာပြောတာ''

"တောက်''

ဦးနောင်လတ် တစ်ပတ်ရိုက်ခံလိုက်ရပြီမို့ ဒေါသတကြီးလာသည်။

ဟိုနေ့ညက ဂုဏ်နှင့်မာန်၏ဝိညာဉ်တွေ သူ့ဆီလာသည်ဆိုတာ တကယ်မဟုတ်ဘူးပေါ့။ ကိုယ့်မှာတော့ တကယ် အဟုတ်ထင်ပြီး ကြောက်ချီးတွေပါပြီး သူတို့အမေဆီကို လုပ်ငန်းစာရွက်စာတမ်းတွေကို လွှဲပြောင်းပေးခဲ့ရသည်။

"ဒါပေမဲ့ ထူးခြားတာ တစ်ခုရှိတယ်''

မိုးသီးစကားကြောင့် ဒေါသမျက်လုံးဖြင့် မိုးသီးကိုကြည့်ကာ ထူးခြားသည်ဆိုတာကို နားစွင့်လိုက်သည်။

"ဂုဏ်နဲ့မာန်က ကျွန်တော်နဲ့ရွယ်တူပဲလေ၊ အခု ကျွန်တော်က အသက်လေးဆယ်ကျော်အရွယ်ရောက်နေပြီ သူတို့က အဲဒီအရွယ်မဟုတ်ဘဲ နှစ်ဆယ်ကျော်အရွယ်တွေပဲ ရှိသေးတယ်''

"ဟင် ဘယ်လို နှစ်ဆယ်ကျော်အရွယ်က မတက်ဘူး ဟုတ်လား''

"ဟုတ်တယ် အာစရိရဲ့ လူငယ်လေးတွေလို သွက်လက်ဖျတ်လတ်နေတာပဲ၊ တော်တော်အံ့သြဖို့ ကောင်းတယ်''

"ဒါ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ၊ လူတိုင်း လူတိုင်း အိုရမှာပဲ သူတို့နှစ်ကောင်က မအိုဘဲနဲ့ ရွာကိုပြန်လာတယ်ဆိုတော့ လျှို့ဝှက်ချက်ရှိရမယ်၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ငါ့ပစ္စည်းတွေကို အရပြန်ယူရတော့





မယ်''

ပေးပြီးသားပစ္စည်း ပြန်မယူရှမရတော့။ ဒါဟာ တမင်အကွက်ဆင်ပြီး ပိုင်ဆိုင်မှုတွေကို တစ်ဖက်လှည့်နဲ့ အရယူတာ။

"အိမ်ရှင်တို့ အိမ်ရှင်တို့''

ကိုသက် ကြံရွယ်ရူးနှင့် နွယ်သျှင်မင်းတို့ ရောက်လာကြသည်။

ကိုသက်၏ခေါ်သံကြောင့် ဒေါ်မြကမ္ဘာ ဝရန်တာတွင် ထိုင်ပြီး ပုတီးစိတ် ဂုဏ်တော်ပွားနေစဉ် ခြံဝကိုမျှော်ကြည့်လိုက်သည်။

"ဘယ်သူတွေလဲကွဲ့ ဟဲ့ စိုးမြင့် ဧည့်သည်တွေကို တံခါးသွားဖွင့်ပေးစမ်း''

"ဟုတ်ကဲ့ ဒေါ်လေး''

ဦးစိုးမြင့် တံခါးဖွင့်ပေးသဖြင့် ကိုသက်တို့ ခြံထဲဝင်လာကြသည်။ အထုပ်အပိုးကိုယ်စီနှင့်မို့ တစ်နယ်တစ်ကျေးက ဧည့်သည်တွေပဲဖြစ်မည်ဟု တွေးပြီး ပုတီးကို ဘုရားစင်ပေါ်တင်ကာ အိမ်အောက်ထပ်ကို ဆင်းခဲ့လိုက်ကြသည်။

"သားတို့သမီးတို့က ဘယ်နယ်က လာကြတာလဲကွယ့်''

"ရန်ကုန်ကပါ ကြီးကြီးမေ၊ ကိုကေသွေး အဲ ကိုဂုဏ်နဲ့ကိုမာန်တို့ရဲ့ သူငယ်ချင်းတွေပါ''

"ဪ သားရဲ့သူငယ်ချင်းတွေပဲ၊ လာကြကွယ် ဝင်ကြ သားတို့က ဆန်ကိုဒေါင်တစ်လုံးဆောက်နေလို့ အလုပ်သမားတွေကိုသွားပြီး ကြီးကြပ်တယ်ကွဲ့''



www.burmeseclassic.com

www.burmeseclassic.com



သဘောကောင်းဖော်ရွေသော ဒေါ်မြကမ္ဗလာကိုကြည့်ပြီး ကြံရွှယ်ခူးနှင့်သျှင်မင်း စိတ်ထဲတွင် ဒီလောက် ကျက်သရေရှိ ခန့်ညားသော အမေမျိုးမို့ နောင်ဘဝကူးတာတောင် မိခင်ကို သတိတရဖြင့် ချစ်နေကြသေးသော ကေသွေးနှင့်နေသွေး၏စိတ်ခံစားချက်ကို ကောင်းစွာ သဘောပေါက်နားလည်ခဲ့ပါသည်။

"ကြီးကြီးက အရမ်းခန့်ညားတာပဲနော်"

ကြံရွှယ်ခူး စိတ်ထဲရှိသည့်အတိုင်းပင် ပြောလိုက်သည်။

"သမီးလေးတို့ကလည်း လှချက်က စာဖွဲ့လို့တောင် မမီနိုင်ဘူးကွယ်"

သားနှစ်ယောက်နှင့်ပတ်သက်နေသည်မို့ သူငယ်ချင်းအဆင့်တော့မဖြစ်နိုင်ဟု ထင်ကြေးဖြင့် တွေးပြီး ဒေါ်မြကမ္ဗလာ ချွေးမချောလေးတွေဟု စိတ်ထဲက အပိုင်သိမ်းလိုက်သည်။

သားတွေနှင့်ဆိုလျှင် နေနဲ့လ ရွှေနဲ့မြပါပဲ။

■ ■ ■



## အခန်း (၂၁)

"မေမေ ကြံရွှယ်တို့ ရောက်နေကြတယ်ဆို ဘယ်မှာလဲ"

ဖုန်းဆက်ဆက်ချင်း အိမ်ကိုအပြေးနှင်လာ၍ လူကမောဟိုက်နေသည်။

"အမလေး သူတို့ကို အခန်းတစ်ခန်း စီစဉ်ပေးပြီး ခရီးပန်းလာလို့ ခဏနားခိုင်းထားတယ်၊ သားတို့လာမှ ထမင်းစားမယ်ဆိုပြီး စောင့်နေကြတယ်"

"ဟုတ်လား ဒါဆို သားတို့ သွားတွေ့လိုက်ဦးမယ် မေမေ"

"အေးပါကွယ် သွားတွေ့လိုက်ပါဦး၊ မေမေ့သားလေးတွေ ရွေးချယ်ထားတဲ့ မိန်းကလေးတွေကို မေမေသဘောကျတယ် သိလား"

"ဟာ မေမေ ရှူး တိုးတိုး သားနဲ့ကြံရွှယ်နဲ့က ဘာအဆင့်မှ မရောက်ကြသေးပါဘူး၊ အဆင့်ကျော်ရောက်နေတာ မေမေရဲ့သားငယ်"

မာန့်ကို လက်ညှိုးထိုးပြ၍ မာန် ရှက်ကြဲကြဲ ရယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ် ဘာတွေပြောနေတာလဲ"

"အမလေး ခုမှတော့ တစ်ယောက်ကိုတစ်ယောက် လွဲချပြီး ရှက်မနေကြပါနဲ့တော့ သားတို့ရယ်၊ မေမေကလေ သားတို့မပြောရဲကြရင် ချွေးမလောင်းလေးတွေကို မေမေ ပြောပေးမယ်လေ"

"ဟာ မ မပြောပါနဲ့လို့ နည်းနည်းစောပါသေးတယ်"

"သားတို့က စောပေမယ့် မေမေ့အသက်နဲ့တွက်ရင် မစောတော့ဘူး၊ မေမေမသေခင် မြေးချီသွားချင်လို့ပါကွယ်"

ပြောလေ ပိုဆိုးလာ၍ ဂုဏ်နှင့်မာန် အတော်အနေခက်နေကြပြီ။

"ကြားသွားပါမယ် မေမေရယ်၊ ခရီးရောက်မဆိုက် ဒီစကားမျိုးတွေကြားသွားရင် ရန်ကုန်ပြန်သွားဦးမယ်"

အကောင်းကြိုက်လွန်းသော မေမေ့အနားမှ ညီအစ်ကိုနှစ်ယောက် လစ်ထွက်ခဲ့လိုက်သည်။

■ ■ ■

"ကျွန်တော်တို့ရွာကို အလည်လိုက်လာပေးလို့ ကျေးဇူးတင်ပါတယ် ကြံ့ရှယ်"

"အို ကျေးဇူးတင်ရမှာက ကျွန်မတို့ကပါ ရှင်တို့ရွာလေးက အရမ်းကို သာယာပြီး ရှင့်အမေကလည်း အားနာရလောက်အောင်ကို ဧည့်ဝတ်ကျေလွန်းလို့ ကြံ့ရှယ်တို့ညီအစ်မက ပြန်ပြီးကျေးဇူးတင်ရမှာပါ"

"ဟုတ်တယ် ကိုကေသွေး အဲ ကိုဂုဏ်ရဲ့၊ သျှင်မင်းတို့ကလေ





တိုသက်နဲ့အတူ လိုက်သာလိုက်လာရတာ ကိုဂုဏ်တို့အမေက လက်ခံပါ့မလား ကြည်ဖြူပါ့မလားနဲ့ စိတ်ထဲမှာထင့်နေတာ"

"ခုရော ထင့်သေးလား"

နေသွေး၏အမေးကြောင့် သျှင်မင်း ခေါင်းခါပြီး

"ဟင့်အင်း မထင့်တော့ဘူး၊ သျှင်မင်းကိုလေ ချွေးမလေးလို့ ခေါ်တယ်၊ ဒီရောက်တုန်း တစ်လက်စထဲ မင်္ဂလာပွဲလေး လုပ်ပေးလိုက်ချင်တယ်တဲ့"

မေမေတို့ လက်သွက်ပုံများ သျှင်မင်းတို့ကို ရန်ကုန်တောင် ပြန်မလွှတ်ချင်တော့သည့်ပုံ။ ဘာပဲဖြစ်ဖြစ် မာန်ကတော့ သျှင်မင်းနှင့် ချစ်သူတွေဖြစ်နေ၍ အချိန်မရွေး လက်ထပ်လို့ရပေမယ့် ဂုဏ်ကတော့ မေမေ့ကိုပဲ အားကိုးရတော့မှာပင်။

"ကြံ့ရှယ်ကရော"

"ဟင် ဘာလဲ"

"ရန်ကုန်မပြန်ဘဲ ဒီမှာပဲ ကျွန်တော်နဲ့နေလိုက်ပါတော့လား"

ဂုဏ်တို့က ပြောမယ့်ပြောတော့လည်း ဒဲ့ပင်ပြောချလိုက်သည်။ ကြံ့ရှယ်ခမျာ မျက်နှာလေးမှာ ရှက်ချည်းဆိုသလို ပန်းသွေးရောင်လွှမ်းသွားပြီး ရှက်ကိုးရှက်ကန်းအမူအရာဖြင့် ပြန်ကြည့်ကာ

"အို မဟုတ်တာ ကြံ့ရှယ်က ဒီမှာဘာလို့ အပြီးနေရမှာလဲ အလည်လိုက်လာတာပါနော်"

ပြောပြေး ပြေးသွားသော ကြံ့ရှယ်၏နောက်ကျောပြင်ကို ဝေး

www.burmeseclassic.com



ကြည့်ရင်း ဂုဏ် ရယ်လိုက်သည်။ မာန်နှင့်သျှင်မင်းက Fighting ဟု လှမ်းပြသည်။

သိပ်မကြာတော့ပါဘူး အိုကေမှာပါ။

■ ■ ■

## အခန်း (၂၂)

"ဟော့ကောင် ဂုဏ်မာန်နှစ်ကောင်ရဲ့ ဟန်ဆောင်ထားတဲ့ လူလိမ်နှစ်ကောင် ခုချက်ချင်း အိမ်ရှေ့ကို ထွက်ခဲ့ကြစမ်း"

ဦးနောင်လတ် လက်ထဲမှ ဓားကိုင်ကာ သူ့တပည့်တွေ အုပ်စုနှင့် အိမ်ရှေ့မှာ ရောက်နေကြသည်။ မိသားစုတွေ မနက်ခင်းစာ စားနေကြသည့်အချိန်မို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး

"အဲဒါ နောင်လတ်အသံမဟုတ်လား သားတို့"

"ဟုတ်တယ် မေမေ ဒီလူကြီး ဘာတွေ ရူးထကြပြန်ပြီလဲ မသိဘူး၊ ရောက်ကတည်းက ပွဲကြီးပွဲကောင်း မနွဲရသေးဘူး"

ဂုဏ်နှင့်မာန် လက်ထဲမှ ကော်ဖီခွက်ကိုချကာ ထိုင်ရာမှ အော လိုက်ကြသည်။

"မာန် အဲဒီလူတွေက ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်အမေးကို မဖြေခင် မာန် အံတစ်ချက်ကြိတ်လိုက်ပြီး

"ငါတို့ကို ဒီဘဝကို ကူးပေးလိုက်တဲ့ လူယုတ်မာ နောင်သယ် ဆိုတာပေါ့"

"ဟင်"

"အို ဒါ ဒါဆိုရင် ရန်ဖြစ်ကြဦးမှာပေါ့"

"ရန်မဖြစ်ကြပါနဲ့နော်"

ကိုသက်၊ ကြာရွှယ်နှင့် သျှင်မင်း ပြိုင်တူ စိုးရိမ်ထိတ်လန့်သွားကြသည်။ ဦးစိုးမြင့် ဂုဏ်ပခုံးကို ဆုပ်ကိုင်ကာ

"မင်းတို့ လုံးဝမထွက်နဲ့၊ ငါ ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားလိုက်မယ်"

"ဟုတ်တယ် သား၊ ဒီတစ်ခါတော့ အမေ့သားတွေနဲ့ ဒီကောင့်ကို ထိပ်တိုက်မတွေ့စေရဘူး။ အမေကိုယ်တိုင် ရင်ဆိုင်မယ်"

ဒေါ်မြကမ္ဗလာ ထမင်းစားခန်းထဲမှထွက်ပြီး အိမ်ရှေ့ညှိခန်းတွင် ချိတ်ထားသော ဓားကိုပြေးဆွဲသည်။

"အို ဂုဏ် လုပ်ပါဦး ကြီးကြီးမေ ဓားကြီးဆွဲနေပြီ"

ကြာရွှယ်ရူးနှင့်သျှင်မင်း ထင်မှတ်မထားသော အဖြစ်အပျက်ကြောင့် ထိတ်လန့်နေကြသည်။

ဂုဏ်နှင့်မာန် ဒေါ်မြကမ္ဗလာ လက်ထဲမှ ဓားကို အတင်းဆွဲယူသည်။

"မေမေ ကျွန်တော်တို့ ဒီလူကြီးကို ဒီနည်းနဲ့မရှင်းဘူး။ သူ့မိုက်





မြစ်ကို သူခံရအောင် ကျွန်တော်တို့ စီစဉ်ထားပြီးသားပါ"

"ဟုတ်တယ် မေမေ သားတို့ သူ့ကိုဓားနဲ့ယှဉ်မခုတ်ဘူး။ သူလုပ်ထားတဲ့အပြစ်တွေအတွက် သက်သေအခိုင်အလုံ ရှိထားပြီးပြီ"

"ဒါကြောင့် မေမေ စိတ်ကို ငြိမ်ငြိမ်ထားပါနော်"

"မေမေတို့ လက်မဦးထားရင် ဒင်းတို့က လက်ဦးသွားမှာပေါ့ သားတို့ရဲ့ ဒါကြောင့် ထိပ်တိုက်ရင်ဆိုင်ရမှာပေါ့"

"ဟုတ်ပါပြီ မေမေရယ် သားတို့ ဒီကိစ္စကို ဖြေရှင်းမှာပါ၊ အဲဒီအတွက် သားတို့ ဘာမှမဖြစ်စေရဘူး၊ မေမေလည်း စိတ်မပူပါနဲ့"

"သျှင်မင်း မေမေ့ကိုအခန်းထဲ ခေါ်သွားလိုက်၊ အပြင်ကို လုံးဝထွက်မလာစေနဲ့"

"စိတ်ချပါ မာန်"

ကြာရွှယ်နှင့်သျှင်မင်း ဒေါ်မြကမ္ဗလာကို ချော့မော့ပြီး အခန်းထဲ ခေါ်သွားကြသည်။

ဂုဏ်နှင့်မာန် အိမ်အပြင်ကို ထွက်ခဲ့လိုက်ကြသည်။ ကိုသက်နှင့် ဦးစိုးမြင့်လည်း နောက်မှ လိုက်ထွက်လာကြသည်။

"မင်းတို့ လူလိမ်တွေ ဂုဏ်မာန်အယောင်ဆောင်ပြီး ငါ့ဆီက ပစ္စည်းတွေကို အချောင်ယူတဲ့ကောင်တွေ၊ ဒီနေ့တော့ မင်းတို့ကိုအရှင်မထားဘူး။ ဒုတိယအကြိမ်မြောက် ဘဝထပ်ကူးပေးမယ်"

"ဒီတစ်ခါ ဘဝထပ်ကူးရမှာက ကျုပ်တို့မဟုတ်ဘူး ခင်ဗျားအဲ့ လူယုတ်မာကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ အပိုတွေမပြောနေနဲ့ လူလိမ်တွေ၊ ငါ့ရဲ့လုပ်ငန်းပိုင်ဆိုင်မှု စာရွက်စာတမ်းတွေ ပြန်ပေးစမ်း”

“ဘာဖြစ်လို့ ပြန်ပေးရမှာလဲ၊ ခင်ဗျားကိုယ်တိုင် လက်မှတ်ထိုးပြီး ကျုပ်အမေကို ပြန်ပြီး လွှဲပေးထားတာ”

“အေး မင်းတို့ကို လူလိမ်မှုနဲ့ စခန်းမှာ အမှုဖွင့်မယ်”

“ဖွင့်စမ်းပါ ကျုပ်တို့ဘက်ကလည်း အဲဒီလို အမှုဖွင့်စေချင်တာ ခုချက်ချင်း သွားပြီး အမှုဖွင့်လိုက်”

ဂုဏ်နှင့်မာန်ကလည်း မခေ၊ ရဲရဲဝံ့ဝံ့ပင် ပြန်၍စကားနာထိုးသည်။

“အာစရိ အဲဒီအခြေအတင်ပြောတာ မိန်းမဆန်လွန်းပါတယ်ဗျာ ကျွန်တော်တို့ လက်ပါမှရတော့မယ်၊ ဟောကောင်တွေ ဆုံးမလိုက်ကြရအောင်”

ပိတ်ထားသော ခြံတံခါးကို ဦးနောင်လတ် တပည့် မိုးသီးတို့ တုတ်တွေ ဓားတွေနှင့် ဖျက်ဆီးကြသည်။

ဂုဏ်မာန်နှင့် ကိုသက် ဦးစိုးမြင့်တို့ကလည်း ခြံထဲဝင်တာနှင့် အသေရိုက်ပြီးသားဟူသော မာန်ဖြင့် တိုက်ခိုက်ရန် အဆင်သင့်။

“ဟောကောင်တွေ ရပ်လိုက်ကြစမ်း ငါ့သားတွေကို ဒီတစ်ခါ ထိလို့ကတော့ နင်တို့ကို တစ်ကောင်မှ အရှင်မထားဘူးမှတ်ပါ”

ဒေါ်မြကမ္ဘလာ အိမ်ထဲမှ အတင်းပြေးထွက်လာပြီး ကြိမ်းဝါးသည်။ အနောက်မှ ကြဲရွှယ်နှင့်သျှင်မင်းပါ ကြောက်လန့်တကြားပြေး





ထွက်လာကြသည်။

“မြလေး နင် အလိမ်ခံနေရတာ သိရဲ့လား။ အဲဒါ နင့်သားတွေ မဟုတ်ဘူး”

“ဘာလို့ ငါ့သားတွေမဟုတ်ရမှာလဲ၊ ဒါ ငါ့သားတွေ နင်သတ်လိုက်လို့ ဘဝသစ်တစ်ခုပြန်စပြီး ငါ့ဆီကို ရောက်လာကြတာ အရင်ဘဝကလည်း ငါ့သားတွေ၊ ခုဘဝမှာလည်း ငါ့သားတွေပဲ”

“ဘာ နင့်သားတွေက ဘဝသစ်ပြောင်းပြီး နင့်ဆီပြန်လာတာ ဟုတ်လား၊ အဟက် နင်ရူးနေလား၊ ဒါ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ၊ နင့်ကိုလာလိမ်နေတဲ့ လူလိမ်တွေ၊ ဒီကောင်တွေကို လိမ်လည်မှုနဲ့ ထောင်ချပစ်ရမှာ”

ဦးနောင်လတ် စကားကြောင့် ဒေါ်မြကမ္ဘလာ ခပ်လှောင်လှောင်ရယ်ကာ

“သူနိုးက လူပြန်ဟာစ်နေပါလား ဟမ် တကယ်တမ်း လိမ်နေတဲ့ကောင်က နင်ပဲ၊ ငါ့ယောက်ျားကို သတ်ပြီး သူ့ဆီက မြေစာချုပ်ကိုနိုး ငါ့ရဲ့လက်ထဲကနေ ငါ့ရဲ့ပိုင်ဆိုင်မှုတွေကို မတရားသိမ်းယူထားတဲ့ကောင် ဒါတင်ကဦးမလား ငါ့ကိုအလိုမတူဘဲ မုဒိမ်းကျင့်ခဲ့တဲ့ မုဒိမ်းကောင်က နင်ပဲ”

“အဲဒီအတွက် သက်သေရှိလား။ သက်သေမရှိဘဲနဲ့ လာပြော နဲ့ ခုလည်း ငါ့ဆီက စာရွက်စာတမ်းတွေကို နင့်ရဲ့သားတွေပဲ ဆောင်ထားတဲ့လူလိမ်တွေက မှားယောက်ခြိမ်းခြောက်လို့ ဒါ မပြီးမနေ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



လာလွှဲပေးလိုက်ရတာ”

ဦးနောင်လတ် ပေါ်တင်ကြီးလိမ်နေပြီမို့ ဂုဏ်နှင့်မာန်တို့ဒေါသ တွေ အထွတ်အထိပ်သို့ ရောက်ကုန်သည်။

“ခင်ဗျား လူယုတ်မာ ကျုပ်တို့က ဘယ်မှာ ခြိမ်းခြောက်ခဲ့လို့ လဲ၊ ခင်ဗျားဘာသာ ကျုပ်တို့ကို သရဲတွေထင်ပြီး ကျုပ်တို့မိသားစုအပေါ် မှာ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ခင်ဗျားဘာသာ ဝန်ခံခဲ့တာ”

ဂုဏ့်စကားကြောင့် ဦးနောင်လတ် တဟားဟား အော်ရယ်သည်။

“ငါက အဲလို ဝန်ခံခဲ့တယ် ဟုတ်လား။ ဘယ်မှာလဲ သက်သေ မင်းတို့နောက်တစ်ကြိမ် ထပ်သေရတော့မှာမို့ သွေးရူးသွေးတမ်းတွေ ပြော နေကြတာ၊ ဒီတော့ ဒီနေ့မကူးခင် စာချုပ်စာတမ်းတွေ ပြန်ပေးရင်ပေး မပေးရင် မင်းတို့တစ်မျိုးလုံးတစ်ခွေလုံး နောင်တရလိမ့်မယ်”

“ဆုတောင်းလိုက် ခင်ဗျားကပဲ နောင်တရမလား၊ ကျုပ်တို့ ကပဲ နောင်တရမလားဆိုတာ စောင့်ကြည့်လိုက်လေ”

“အာစရိ ရဲ ရဲတွေလာနေတယ်၊ ရွာထိပ်ရောက်နေပြီတဲ့”

ရဲတွေလာနေပြီဆို၍ ဦးနောင်လတ် မျက်နှာတစ်ချက်ပျက်သွား သည်။

“ဒီနေ့တော့ ငါတို့ကစပြီး ရန်လာရှာသလိုဖြစ်သွားတယ် ဆိုတော့ ဒီလောက်နဲ့ပဲ တော်ကြရအောင်၊ ဒီနေ့စောင့်ကြည့်မယ်၊ ငါပြော တဲ့အတိုင်း စာရွက်စာတမ်းတွေ လာမလွှဲရင်တော့ မနက်ဖြန် လိမ်လည်မှု နဲ့ တရားစွဲမယ် ဒါပဲ”





“စွဲစမ်းပါ အဲဒီအချိန်ကို ကျုပ်တို့ကလည်း ကျောကျောနစ်နစ် ကြီး ရင်ဆိုင်ချင်တာပါ၊ ဒီတော့ ခင်ဗျားတို့အမှုမဖွင့်ခင် ကျုပ်တို့က အရင် ခင်ဗျားကို အမှုဖွင့်ရတာပေါ့ဗျာ၊ ထောင်ထမင်းစားရင်းနဲ့ သိပ် ကျော်နေတော့တဲ့ အသက်ကိုသက်ပြီး မွေးလိုက်ဦး ဟုတ်ပြီလား”

ဂုဏ်နှင့်မာန် စကားပင်မဆုံးလိုက် ဦးနောင်လတ် ရဲတွေနှင့် တိုးမည်စိုး၍ သူ့တပည့်တွေနှင့် သုတ်ချေတင်ပြီး လစ်တော့သည်။

ရဲတွေရောက်သည့်အချိန်မှာ ဦးနောင်လတ်တို့အဖွဲ့၏ အမြီး တောင် မမြင်ရတော့။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"သားတို့ ဒီရက်ထဲမှာ အိမ်ထဲက အိမ်ပြင် မထွက်ကြပါနဲ့နော်

မေမေလေ သားတို့ကို ထပ်ပြီးဆုံးရှုံးရရင် တစ်ခါတည်းနဲ့ကို သေသွား

လိမ့်မယ်"

"သားတို့လည်း သိပါတယ် မေမေ၊ ဒီလူကြီးက သူ့အကျ

အတိုင်း တစ်ခုခုတော့ အကောက်ကြံဦးမှာ သား သိနေတယ်"

"ဟုတ်တယ် မေမေ၊ သားတို့ကို စိတ်မပူနဲ့ မေမေသာ ဒီရက်

ထဲမှာ အိမ်မှာနေရင်တောင် တစ်ယောက်ထဲမနေပါနဲ့ ကြံရွယ်နဲ့သျှင်မင်း

မေမေ့ကို မျက်စိအောက်က အပျောက်မခံပါနဲ့နော်၊ အဲဒီလူယုတ်မာက

အိမ်ထဲဝင်လာဖို့လည်း ဝန်လေးတဲ့လူစားမျိုး မဟုတ်ဘူး"

"သိပ်စိတ်မပူပါနဲ့ဂုဏ်နဲ့မာန်ရယ်၊ ငါတို့လည်းရှိပါတယ်

တကယ် တမ်း ဖြစ်လာရင် တို့ဘက်မှာလည်း အင်အားတောင့်ပြီးသားပါ





ကိုသက်ကလည်း လက်ယဉ်ပြီးသားမို့ ပြဿနာဖြစ်မှာကို တစ်စက်ကလေးမှ နောက်မတွန့်သူ။

"သူတို့အိမ်ထဲ ဖောက်ဝင်ဖို့ နည်းလမ်းတွေ ပြိုလား မိုးသီး"

■ ■ ■

"အခုတစ်လော ဒေါ်မြလေးတို့အိမ်မှာ ဂုဏ်မာန်အယောင်ဆောင်ထားတဲ့ကောင်နှစ်ကောင်ရယ် နောက်ပြီး မြို့က ညွှန့်သည်တွေရယ် ရောက်နေကြတော့ လူစည်ကားနေတယ်၊ အိမ်ထဲဝင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

မြလေး၏အချစ်ကို ဒုတိယအကြိမ် ထပ်သိမ်းပိုက်ပြီး ကိုယ်ကိုယ်တိုင် သွေးရူးသွေးတမ်း လွှဲပေးခဲ့သော စာရွက်စာတမ်းတွေကို ပြန်လည်ရယူရမည့်အခွင့်အရေးက ဟိုတုန်းကလောက် မလွယ်ကူ။

"ဒီကောင်တွေ ဘာရည်ရွယ်ချက်နဲ့ မြလေးကို လာလိမ်နေတာပါလိမ့်"

"ဒါပေမဲ့ တစ်ရွာလုံးက လူဝင်စားအဖြစ်နဲ့ ပြန်ရှင်သန်လာတယ်ဆိုတာကို ယုံကြည်နေကြပုံပဲ၊ နောက်ပြီး ဆရာတော်ကအစ ဂုဏ်နဲ့မာန် လူပြန်ဝင်စားပြီး သူ့အမေဆီကို ပြန်လာတယ်ဆိုတာကို လက်ခံတယ်"

"တောက် ဒီကောင်တွေနဲ့ယှဉ်ဖို့ ငါ့ရဲ့အရွယ်တွေကို ပြန်ငယ်လို့ရရင် သိပ်ကောင်းမယ်ကွာ"

လက်တစ်ဖက်ပြတ် ဘဝနှင့် စိတ်သွားတိုင်း ကိုယ်မပါတော့

www.burmeseclassic.com



သော ကိုယ့်ဘဝကို ခါးသီးစက်ဆုပ်လွန်းသည်။

"အာစရိရယ် ကျွန်တော်တို့ရှိပါတယ်၊ အာစရိ ဘာဖြစ်ချင်သလဲ ဘာလိုချင်လဲ ပြော ကျွန်တော်တို့အားလုံး ဖန်တီးပေးမယ်"

"ငါဖြစ်ချင်တာကို ပြောရရင်လေ မြကလေးကိုပိုင်ဆိုင်ချင်တယ်"

"အယ် ဒါ ဒါတော့ သိပ်မလွယ်ဘူး အချိန်တော့ ယူရလိမ့်မယ် ခုချိန်မှာ အဘွားကြီးက အိမ်ထဲကအိမ်ပြင်တောင် ထွက်တာမဟုတ်ဘူး အာစရိရဲ့"

"ဟော့ကောင် သောက်ပါးစပ်ကို ဆင်ခြင်စမ်း ဘာအဘွားကြီးလဲ မြလေးက ငါ့အတွက်တော့ ဘယ်တော့မှ မအိုသေးတဲ့ နတ်မိမယ်လေးကွ၊ မင်းတို့သမီး အပျိုမတွေနဲ့တောင် အလှချင်းပြိုင်လို့ ရသေးတယ်၊ နားလည်လား ငါ့လခွီးကောင်တွေရ"

ဒေါ်မြကမ္ဗလာအား အဘွားကြီးဟု ပြောလိုက်၍ ဒေါသထွေးအုံကြွလာသည်မို့ ပိုးစိုးပက်စက် ဆဲရေးတိုင်းထွာလိုက်သည်။

"ဟုတ် ဟုတ်ပါတယ် ကျွန်တော်ပြောတာ မှားပါတယ် အာစရိ"

"ငါ အခုဖြစ်ချင်တဲ့ဆန္ဒတွေက အများကြီး မင်းတို့ ငါ့ကို ဖြစ်အောင်လုပ်ပေး။ ဒီတစ်ပွဲအောင်မြင်ရင် မင်းတို့ကို သောက်ရူးကောင်းကောင်းချမယ်"

"ဟုတ်ကဲ့ အာစရိ ဘာဖြစ်ချင်လဲ ဆိုတာကိုပြော"

"နံပါတ်တစ် ဆန်ကိုဒေါင်ကို မီးရှို့မယ်၊ နံပါတ်နှစ် သူတို့ကိုဒေါင်မီးလောင်ပြီဆိုတာနဲ့ မြလေးကလွဲပြီး ကျန်တဲ့သူတွေ မီးလောင်နေတဲ့ ဂိုဒေါင်ဆီကို လာကြလိမ့်မယ်၊ အဲဒီအချိန်ကို အခွင့်ကောင်းယူပြီး ငါက မြလေးအိမ်ကိုဝင် မြလေးကိုသိမ်းပိုက်မယ်၊ ပြီးရင် ငါ လွှဲပြောင်းပေးထားတဲ့ စာရွက်စာတမ်းတွေကို ပြန်ခိုးယူလာမယ်၊ အဲဒီအချိန်မှာ ကျန်တဲ့တစ်ဖွဲ့က ဟိုဘီလူးနှစ်ကောင်ကို လူမသိသူမသိ လုပ်ကြလိုက်၊ ခြေလက်စ တစ်ခါတည်းသတ်ခဲ့ ဘာသဲလွန်စမှ မကျန်စေနဲ့"

"ဟား ဒီအကြံမဆိုးဘူး၊ တစ်ချက်ခုတ်လိုက်တာ သုံးချက်လောက်ကို တစ်ပြိုင်တည်းပြတ်သွားတယ်၊ ဒါ ဒါပေမဲ့ ဒေါ်မြလေးရဲ့ အစ်မ ဒေါ်စိုးမိုးနဲ့ မြို့ကဧည့်သည် မိန်းကလေးနှစ်ယောက်လည်း ရှိသေးတယ်နော်၊ မီးလောင်ပြင်ကိုတော့ သူတို့မလိုက်လောက်ဘူး"

"ကျွတ် အဲဒါလောက်တော့ ငါ့နည်းငါ့ဟန်နဲ့ ဖြေရှင်းနိုင်တယ်၊ ဗျူနဲ့ အခွင့်သင့်ရင် မြို့က မိန်းကလေးနှစ်ယောက်ကိုတောင် မင်းတို့အတွက် ဖန်တီးပေးလို့ရချင်ရမယ်"

"ဟား ဟား ဟီး ဟီး တ တကယ်နော် အာစရိ ကောင်မလေးတွေက မှည့်ဝင်းနေတာပဲ၊ စားလိုက်ရရင် ချိုစိမ့်နေမှာဗျ"

"စားရမှာပေါ့ကွာ မင်းတို့သာ ပိပိရိရိ ဖြစ်ပါစေ"

■ ■ ■







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"သားတို့ရယ် မေမေတို့ ဒီရပ်ဒီရွာကနေ ပြောင်းကြရ... ကောင်းမလားလို့ မေမေ စဉ်းစားမိတယ်၊ နောင်လတ်ရှိနေသရွေ့ ဒီ... ဒီရွာမှာနေနေရတာ မေမေတော့ ခေါင်းမကျူးရဘူး သားတို့အတွက် မေ... စိတ်ပူနေမိတယ်"

"စိတ်ပူမနေပါနဲ့ မေမေရယ်၊ ဒီလူကြီးက သားတို့ကို ဘာမျ... ထပ်လုပ်နိုင်မှာမို့လဲ၊ သားတို့အပေါ်မှာ ကျူးလွန်ထားတဲ့ ပြစ်မှုတွေ... ဖော်ထုတ်လိုက်ရင် ဒီလူကြီး ထောင်ကျမှာ သေချာတယ်"

"ဒါပေမဲ့ သက်သေမှမရှိတာ၊ သက်သေမရှိလို့လည်း သူ... အချိန်ထိ မေမေတို့မိသားစုကို ဒုက္ခပေးနေတုန်းပဲ မဟုတ်လား"

စိုးရိမ်စိတ်လွန်ကဲနေသော မိခင်ဖြစ်သူကိုကြည့်ပြီး ဂုဏ်... မာန် ပြုံးပြုံးတူပြုံးလိုက်ကြသည်။ သူတို့ညီအစ်ကိုနှစ်ယောက် သက်သေ... ယူပြီးပြီဆိုတာကို မေမေ့ကိုမှ မပြောရသေးတာ။





"ကဲ မာန် မင်း ဖုန်းထဲမှာ အသံသွင်းထားတဲ့ဖိုင်ကို ဖွင့်ပြလိုက်"

မာန် ဖုန်းကိုထုတ်ကာ အသံသွင်းထားသော ဖိုင်ကို ဖွင့်ပြလိုက်သည်။ ဖုန်းထဲမှ ထွက်လာသော ဦးနောင်လတ်၏သွေးရူးသွေးတန်းနှင့် အပြစ်တွေဝန်ခံနေသော အသံတွေကြောင့် ဒေါ်မြကမွလာ မျက်နှာပေါ်မှာ နာကျင်ခံခက်သော ဒေါသတရားတွေ တရိပ်ရိပ်တက်ကာ အရောင်တွေအမျိုးမျိုး ပြောင်း၍နေသည်။

"ထင်တယ် ထင်သားပဲ ဒီကောင် လုပ်ကြံလို့ ငါ့ယောကျ်ား သေရတယ်ဆိုတာကို သိနေခဲ့တယ်၊ ဒါပေမဲ့ လက်ပူးလက်ကြပ်မမိတော့ သက်သေပြစရာမရှိ ဖြစ်နေတာနဲ့ ဒီအချိန်ထိ ငြိမ်နေခဲ့ရတာ၊ ငါ့ယောကျ်ား ငါ့သားနှစ်ယောက် ငါ့ဘဝကို ဖျက်ဆီးပြီးလို့ မကျေနပ်နိုင်သေးဘူး ဘဝသစ်နဲ့ ပြန်မွေးဖွားလာတဲ့ ငါ့သားနှစ်ယောက်ကို ထပ်ပြီး ဒုက္ခပေးဦးမယ်"

အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်နှင့် ပြောနေသော ဒေါ်မြကမွလာ၏ရင်ထဲက အမုန်းတရားတွေဟာ နောင်ဘဝရှိခဲ့လျှင်တောင် ပြေနိုင်ပါ့မလား။

"ဂုဏ်မာန် ဂုဏ်မာန် လုပ်ပါဦး လုပ်ပါဦး ငါ့ဖုန်းထဲမှာ မီဒီယာ အတွင်းနေတယ်ကွ၊ အောင်မလေး သတ်တော့မယ် မီးတွေလည်း ရှို့တော့မယ်တဲ့၊ ငါကြောက်တယ် ငါ့ဖုန်းထဲက မီဒီယာကို ထုတ်ပေးပါ ထုတ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲ ပြေးဝင်လာသော တာရိုးကြောင့် မိသားစုတွေ အရေး ကြီးသောအကြောင်းအရာတွေ ဆွေးနွေးတိုင်ပင်နေကြခြင်းကို ရပ်လျှက် အိမ်ပေါက်ဝကို ပြိုင်တူကြည့်လိုက်ကြသည်။

''တာရိုး ဘာဖြစ်လာတာလဲ သား''

''ကျွန်တော်တို့လည်း မသိဘူး မေမေ''

''ဟော့ကောင် တာရိုး ဘာဖြစ်လာတာလဲ''

ဦးစိုးမြင့် မနေသာတော့ ခြံထဲဝင်လာသော တာရိုးကို လှမ်း အော်ပြီး မေးလိုက်သည်။

တာရိုး အိမ်ထဲပြေးဝင်လာသည်။ သူ့လက်ထဲမှ ဖုန်းကို ဂုဏ် နှင့်မာန်ရှေ့သို့ အလန့်တကြား ထိုးပေးရင်း

''ဒီဖုန်းထဲမှာ မိစ္ဆာတွေ ဝင်နေတယ် လူယုတ်မာ လူယုတ်မာ တွေ နှင်ထုတ်ပေးပါ မြန်မြန်နှင်ထုတ်ပေးပါ''

ထူးဆန်းသော တာရိုးစကားကြောင့် ဂုဏ်ကမ်းပေးနေသော ဖုန်းကို ကပျာကယာ ကြည့်လိုက်သည်။

ဂုဏ်ပင် မျက်လုံးပြူးသွားသည်။

''ဟင် နောင်လတ် ဒါ နောင်လတ်တို့ သရက်ခြံကြီးမို့လား ခင်များက သူတို့ခြံထဲ ဘာသွားလုပ်တာတုန်း''

''သရက်သီးသွားခူးစားတာ သူတို့ ငါ့ကိုမြင်မှာစိုးလို့ ဖုန်းနဲ့ ကွယ်ထားတာ၊ သူတို့ ငါ့ဖုန်းထဲဝင်ပြီး စကားတွေပြောနေကြတယ်''

တာရိုး ဘာပြောနေသည်ဆိုတာကို အားလုံးသဘောပေါက်သွား





ကြသည်မို့ မျက်နှာမှာ ပြုံးယောင်သမ်းလာကြသည်။

''အဲဒါ ဓိဒီယိုရိုက်လိုက်မိတာ မင်းကိုယ်မင်းတောင် မသိဘူး မဟုတ်လား''

''ဗီဒီယို ဟုတ်လား။ ဘာလဲ ဒါ ဒါဆို သူတို့က မင်းသားတွေ လား''

အရှုတစ်ယောက်ကို ရှင်းပြနေလည်း ဘာမှထူးမည်မဟုတ်၍ ကြည့်လက်စ မြင်ကွင်းတွေကို ဆက်ကြည့်လိုက်သည်။ တာရိုး သူ့ဖုန်း နှင့်ဘာတွေထပ်ပြီး ရိုက်ထားသေးလဲပေါ့။

''သူ့အိမ်ထဲ ဖောက်ဝင်ဖို့ နည်းလမ်းတွေပြီလား မိုးသီး''

''ခုတစ်လော ဒေါ်မြလေးတို့အိမ်မှာ ဂုဏ်မာန်အယောင်ဆောင် ထားတဲ့ကောင်နှစ်ကောင်ရယ် နောက်ပြီး မြို့ကဧည့်သည်တွေရယ် ရောက် နေကြတော့ လူစည်ကားနေတယ်၊ အိမ်ထဲဝင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး''

''ဒီကောင်တွေ ဘာရည်ရွယ်ချက်နဲ့ မြလေးကို လာလိမ်နေတာ ပါလိမ့်''

''ဒါပေမဲ့ တစ်ရွာလုံးက လူဝင်စားအဖြစ်နဲ့ ပြန်ရှင်သန်လာ တယ်ဆိုတာကို ယုံကြည်နေကြပုံပဲ၊ နောက်ပြီး ဆရာတော်ကအစ ဂုဏ် နဲ့မာန် လူပြန်ဝင်စားပြီး သူ့အမေဆီကို ပြန်လာတယ်ဆိုတာကို လက်ခံ ထယ်''

''တောက် ဒီကောင်တွေနဲ့ယှဉ်ဖို့ ငါ့ရဲ့အရွယ်တွေကို ပြန်နေယ် လို့ရရင် သိပ်ကောင်းမယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"အာစရိရယ် ကျွန်တော်တို့ရှိပါတယ်၊ အာစရိ ဘာဖြစ်ချင်လဲ ဘာလိုချင်လဲ ပြော ကျွန်တော်တို့အားလုံး ဖန်တီးပေးမယ်"

"ငါဖြစ်ချင်တာကို ပြောရရင်လေ မြကလေးကိုပိုင်ဆိုင်ချင်တယ်"

"အယ် ဒါ ဒါတော့ သိပ်မလွယ်ဘူး အချိန်တော့ ယူရလိမ့်မယ် ခုချိန်မှာ အဘွားကြီးက အိမ်ထဲကအိမ်ပြင်တောင် ထွက်တာမဟုတ်ဘူး အာစရိရဲ့"

"ဟော့ကောင် သောက်ပါးစပ်ကို ဆင်ခြင်စမ်း ဘာအဘွားကြီးလဲ မြလေးက ငါ့အတွက်တော့ ဘယ်တော့မှ မအိုသေးတဲ့ နတ်မိမယ်လေးကွ၊ မင်းတို့သမီး အပျိုမတွေနဲ့တောင် အလှချင်းပြိုင်လို့ ရသေးတယ်၊ နားလည်လား ငါ့လခွီးကောင်တွေရ"

"ဟုတ် ဟုတ်ပါတယ် ကျွန်တော်ပြောတာ မှားသွားတာပါ"

"ငါ အခုဖြစ်ချင်တဲ့ဆန္ဒတွေက အများကြီး မင်းတို့ ငါ့ကို ဖြစ်အောင်လုပ်ပေး၊ ဒီတစ်ပွဲအောင်မြင်ရင် မင်းတို့ကို ဘောက်ဆူးကောင်းကောင်းပေးမယ်"

"ဟုတ်ကဲ့ အာစရိ ဘာဖြစ်ချင်လဲသာပြော"

"နံပါတ်တစ် ဆန်ကိုဒေါင်ကို မီးရှို့မယ်၊ နံပါတ်နှစ် သူတို့ကိုဒေါင် မီးလောင်ပြီဆိုတာနဲ့ မြလေးကလွဲပြီး ကျန်တဲ့သူတွေ မီးလောင်နေတဲ့ ဂိုဒေါင်ဆီကို လာကြလိမ့်မယ်၊ အဲဒီအချိန်ကို အခွင့်ကောင်းယူပြီး ငါက မြလေးအိမ်ကိုဝင်မယ် မြလေးကိုသိမ်းပိုက်မယ်၊ ပြီးရင် ငါ လွှဲပြောင်း





ပေးထားတဲ့ စာရွက်စာတမ်းတွေကို ပြန်ခိုးယူလာမယ်၊ အဲဒီအချိန်မှာ ကျန်တဲ့တစ်ဖွဲ့က ဟိုဘီလူးနှစ်ကောင်ကို လူမသိသူမသိ လုပ်ကြလိုက်၊ ခြေစလက်စ တစ်ခါတည်းသပ်ခဲ့ ဘာသဲလွန်စမှ မကျန်စေနဲ့"

"တောက် လူယုတ်မာ ထပ်ပြီး အကောက်ကြံပြန်ပြီပဲ"

ဗီဒီယိုဖိုင်ထဲမှ ထွက်ပေါ်လာသော အကြောင်းအရာတွေကြောင့် ဖုတ်နှင့်မာန် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကြပြီး

"ကျွန်တော်တို့ဘက်က လက်ဦးမှုရအောင် စပြီးလှုပ်ရှားရမယ်"

"အမလေး ပြဿနာက မသေးဘဲ ပိုပြီးကြီးဦးတော့မှာပဲ"

ဒေါ်မြကမ္ဘလာ ကြားလိုက်မြင်လိုက်ရသော မြင်ကွင်းနှင့်အသံတွေကြောင့် ရင်တွေတလှပ်လှပ် တုန်ကာ အသက်ရှူကြပ်သလို ခံစားလာရသည်။

ကြံရွှယ်နှင့်ဘျှင်မင်း ဒေါ်မြကမ္ဘလာကို ဖေးမကြရင်း

"ဘာမှစိတ်မပူပါနဲ့ ကြီးကြီးမေရယ်၊ တရားကိုနတ်စောင့်ပါတယ်၊ ခုလည်း ကြိုတင်ကာကွယ်ဖို့ အချိန်တွေရှိနေသေးတာပဲ"

"ကြီးမေ ဆေးလေးသောက်လိုက်ပါဦး"

ကြံရွှယ်နှင့်ဘျှင်မင်း၏အလိုက်သိ ချွေးသိပ်မှုတွေကြောင့် ဒေါ်မြကမ္ဘလာ စိတ်ကိုမနည်းထိန်းရင်း

"ဘယ်လိုလုပ်ကြမတုန်း"

ကိုသက် အကြံဝင်ပေးသည်။

"ကိုတာရိုး ဖုန်းထဲက ဗီဒီယိုဖိုင်တွေကို မင်းတို့ငါတို့ဖုန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲ အကုန်ကူးထည့်ထားပြီး ဒီသက်သေနဲ့တင် စခန်းမှာ ကြိုတင်အ...
ထားလို့ရပြီ''

''မောင်သက် ပြောတာမှန်တယ်၊ ငါတို့ ခုပဲ ရဲစခန်းကို သွ...
ကြရအောင်''

''သွားရမှာပေါ့ ဗိုလ်မြင့်ရာ ဒီကောင်တွေ ဒီတစ်ခါတော့ ဘယ်...
မှ ပြေးမလွတ်တော့ပါဘူး။ အခု သက်သေရော အရင်သက်သေတွေ...
ရော ပူးတွဲတင်ပြပြီး အမှုဖွင့်လိုက်ရင် ဒီတစ်သက် ထောင်ထဲက ထွ...
ရမှာမဟုတ်တော့ပါဘူး''

ဂုဏ်နှင့်မာန် အချိန်ဆွဲမနေတော့ဘဲ တာရိုးဖုန်းထဲမှဖိုင်...
သူတို့တွေ၏ဖုန်းတွေထဲကို ကူးယူလိုက်ပြီး အထိတ်တလန့် ဖြစ်နေသော...
တာရိုး စိတ်ကျေနပ်အောင် သူ့ဖုန်းထဲမှ ဦးနောင်လတ်တို့အဖွဲ့ ဘု...
ကိုးမသိ ရိုက်မိသွားသော ဖိုင်ကို ဖျက်ပေးလိုက်သည်။

''ကဲ ရော့ နင့်ဖုန်းထဲက မိစ္ဆာတွေကို ရှင်းထုတ်ပေးလိုက်...
မရှိတော့ဘူး''

ဂုဏ် လှမ်းပေးသော ဖုန်းကိုလှမ်းယူပြီး တာရိုး သေချာ...
လျှောက်နှိပ်ကြည့်ပြီး

''တကယ်နော် တကယ် နင်ထုတ်လိုက်ပြီနော်''

''တကယ်မရှိတော့ဘူး ဒါပေမဲ့ အဲဒီထဲမှာ ပြောထားတဲ့...
ကြောင်းတွေကို ဘယ်သူ့မှ လျှောက်မပြောရဘူးနော်''

''ဟင့်အင်း ပြောဘူး ပြောဘူး လုံးဝမပြောဘူး''





သူ့ပါးစပ်သူပိတ်ကာ ခေါင်းတခါခါနှင့် ပြောနေသော တာရိုး
...ကာ ဘာမှတွေတွေထူးထူး သိပုံမပေါ်။ ထိုသို့မသိတာကပင် တာရိုး
...တွက် အန္တရာယ်ကင်းသည်ဆိုတာကို ဂုဏ် တွေးမိလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ထဲ အကုန်ကူးထည့်ထားပြီး ဒီသက်သေနဲ့တင် စခန်းမှာ ကြိုတင်အ

ထားလို့ရပြီ''

''မောင်သက် ပြောတာမှန်တယ်၊ ငါတို့ ခုပဲ ရဲစခန်းကို သွ

ကြရအောင်''

''သွားရမှာပေါ့ ဖိုးမြင့်ရာ ဒီကောင်တွေ ဒီတစ်ခါတော့ ဘယ်

မှ ပြေးမလွတ်တော့ပါဘူး။ အခု သက်သေရော အရင်းသက်သေတွေ

ရော ပူးတွဲတင်ပြပြီး အမှုဖွင့်လိုက်ရင် ဒီတစ်သက် ထောင်ထဲက ထွ

ရမှာမဟုတ်တော့ပါဘူး''

ဂုဏ်နှင့်မာန် အချိန်ဆွဲမနေတော့ဘဲ တာရိုးဖုန်းထဲမှဖိုင်

သူတို့တွေ၏ဖုန်းတွေထဲကို ကူးယူလိုက်ပြီး အထိတ်တလန့် ဖြစ်နေ

တာရိုး စိတ်ကျေနပ်အောင် သူ့ဖုန်းထဲမှ ဦးနောင်လတ်တို့အဖွဲ့ ဘု

ကိုးမသိ ရိုက်မိသွားသော ဖိုင်ကို ဖျက်ပေးလိုက်သည်။

''ကဲ ရော့ နင့်ဖုန်းထဲက မိစ္ဆာတွေကို ရှင်းထုတ်ပေးလိုက်

မရှိတော့ဘူး''

ဂုဏ် လှမ်းပေးသော ဖုန်းကိုလှမ်းယူပြီး တာရိုး သေချာ

လျှောက်နှိပ်ကြည့်ပြီး

''တကယ်နော် တကယ် နင်ထုတ်လိုက်ပြီနော်''

''တကယ်မရှိတော့ဘူး ဒါပေမဲ့ အဲဒီထဲမှာ ပြောထား

ကြောင်းတွေကို ဘယ်သူ့မှ လျှောက်မပြောရဘူးနော်''

''ဟင့်အင်း ပြောဘူး ပြောဘူး လုံးဝပြောဘူး''





သူ့ပါးစပ်သူပိတ်ကာ ခေါင်းတခါခါနှင့် ပြောနေသော တာရိုး

ကြောင့် ဘာမှတွေတွေထူးထူး သိပုံမပေါ်။ ထိုသို့မသိတာကပင် တာရိုး

အတွက် အန္တရာယ်ကင်းသည်ဆိုတာကို ဂုဏ် တွေးမိလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"စခန်းမှူးနဲ့တွေ့ခဲ့လား ဂုဏ်မာန်"

ညီအစ်ကိုနှစ်ယောက်နှင့် ကိုသက် အိမ်ထဲဝင်လာသည်။ ဦးစိုးမြင့် အလောတကြီး မေးလိုက်သည်။

"တွေ့ခဲ့တယ် နယ်ထိန်းပါ တစ်ခါတည်း အကျိုးအကြောင်း ပြောခဲ့ပြီး သက်သေပါ ပေးခဲ့ပြီ"

ဦးစိုးမြင့် ကျေနပ်အားရစွာ ပြုံးပြီး

"ဒီတစ်ခါတော့ သူတို့ ပြေးမလွတ်တော့ပါဘူးကွာ"

"သား ဘာအခြေအနေထူးလဲ"

ဒေါ်မြကမ္ဘလာကို ခြံရံလျက် နွယ်သျှင်မင်းနှင့်ကြွယ်ရွှေ အခန်းထဲက ထွက်လာကြသည်။

"အားလုံးအဆင်ပြေပါတယ် မေမေ၊ သူတို့ရဲ့အကြံအစည် ဘယ်နေ့မှာစပြီး အကောင်အထည်ဖော်မယ်ဆိုတာ ကြိုမသိနိုင်ပေ



ရဲတွေကတော့ အစစအရာရာ အဆင်ပြေပြီး အန္တရာယ်ကင်းအောင် သူတို့ ကာကွယ်ပေးမယ်လို့ ပြောတယ်"

ဒေါ်မြကမ္ဘလာ မာန့်စကားကြောင့် သောကတို့ကင်းစင်သွားဟန်ဖြင့်

"အမလေး ကျေးဇူးတင်လိုက်တာကွယ် မောင်မင်းကြီးသားတို့ ကျန်းမာပါစေ"

ရဲတွေကို ကျေးဇူးတင်လွန်း၍ မေတ္တာပင်ပို့လိုက်သေးသည်။

"ဟိုအရင်တုန်းကလို ပြဿနာတွေလွန်သွားမှ ရဲတွေရောက်မလာပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲကွယ်"

ရေနွေးဗန်းသယ်လာသော ဒေါ်ကြီးစိုးမိုး စိုးရိမ်ကြောင့်ကြစွာ ဝင်၍ ပြောသည်။

"အဲဒီလိုမဖြစ်တော့ပါဘူး၊ ဒီညကစပြီး ကျွန်တော်တို့အိမ်ထဲမှာလည်း ရဲနှစ်ယောက်တာဝန်ယူပြီး လာစောင့်ပေးနေမှာပါ၊ နောက်ပြီး ဆန်ကိုဒေါင်ကိုရောပေါ့၊ ဒါမှ သူတို့လုပ်ရပ်ကို လက်ပူးလက်ကြပ်ဖမ်းမိမှာလေ ဘွားစိုးရဲ့"

"ဆရာတော်ကတော့ မိန်းကလေးတွေအားလုံး ဒီရက်ပိုင်းမှာ ကျောင်းမှာလာရှောင်နေလို့တော့ ပြောပါတယ်၊ ဒါပေမဲ့ ရဲတွေကမရှောင်ဘဲနဲ့ ဒီအိမ်မှာပဲ ဟန်မပျက်နေဖို့ ပြောထားတယ်၊ ဒါမှ တစ်ဖက်ရန်သူက လုံးဝမရိပ်မိဘဲ ရှေ့ဆက်တိုးလာမှာ၊ နို့မို့ဆို သူတို့အကြံ ရိပ်မိလောက်ပြီဆိုပြီး နောက်ကိုခြေတစ်လှမ်းဆုတ်သွားနိုင်တယ်တဲ့"

# အခန်း (၂၅)

"စခန်းမှူးနဲ့တွေ့ခဲ့လား ဂုဏ်မာန်"

ညီအစ်ကိုနှစ်ယောက်နှင့် ကိုသက် အိမ်ထဲဝင်လာသည်နှင့် ဦးစိုးမြင့် အလောတကြီး မေးလိုက်သည်။

"တွေ့ခဲ့တယ် နယ်ထိန်းပါ တစ်ခါတည်း အကျိုးအကြောင်း ပြောခဲ့ပြီး သက်သေပါ ပေးခဲ့ပြီ"

ဦးစိုးမြင့် ကျေနပ်အားရစွာ ပြုံးပြီး

"ဒီတစ်ခါတော့ သူတို့ ပြေးမလွတ်တော့ပါဘူးကွာ"

"သား ဘာအခြေအနေထူးလဲ"

ဒေါ်မြကမ္မလာကို ခြံရုံလျက် နှယ်သျှင်မင်းနှင့်ကြရှယ် အခန်းထဲက ထွက်လာကြသည်။

"အားလုံးအဆင်ပြေပါတယ် မေမေ၊ သူတို့ရဲ့အကြံအငြိမ် ဘယ်နေ့မှာစပြီး အကောင်အထည်ဖော်မယ်ဆိုတာ ကြိုမသိနိုင်ပေး





ရဲတွေကတော့ အစစအရာရာ အဆင်ပြေပြီး အန္တရာယ်ကင်းအောင် သူတို့ ကာကွယ်ပေးမယ်လို့ ပြောတယ်"

ဒေါ်မြကမ္မလာ မာန့်စကားကြောင့် သောကတို့ကင်းစင်သွားရုံ မြင့်

"အမလေး ကျေးဇူးတင်လိုက်တာကွယ် မောင်မင်းကြီးသားတို့ ကျန်းမာပါစေ"

ရဲတွေကို ကျေးဇူးတင်လွန်း၍ မေတ္တာပင်ပို့လိုက်သေးသည်။

"ဟိုအရင်တုန်းကလို ပြဿနာတွေလွန်သွားမှ ရဲတွေရောက် မလာပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲကွယ်"

ရေနွေးဇန်းသယ်လာသော ဒေါ်ကြီးစိုးမိုး စိုးရိမ်ကြောင့်ကြစွာ ဝင်၍ ပြောသည်။

"အဲဒီလိုမဖြစ်တော့ပါဘူး၊ ဒီညကစပြီး ကျွန်တော်တို့အိမ်ထဲ မှာလည်း ရဲနှစ်ယောက်တာဝန်ယူပြီး လာစောင့်ပေးနေမှာပါ၊ နောက်ပြီး ဆန်ကိုဒေါင်ကိုရောပေါ့၊ ဒါမှ သူတို့လုပ်ရပ်ကို လက်ပူးလက်ကြပ်ဖမ်းမိ မှာလေ ဘွားစိုးရဲ့"

"ဆရာတော်ကတော့ မိန်းကလေးတွေအားလုံး ဒီရက်ပိုင်းမှာ ကျောင်းမှာလာရှောင်နေလို့တော့ ပြောပါတယ်၊ ဒါပေမဲ့ ရဲတွေကမရှောင် ဘဲနဲ့ ဒီအိမ်မှာပဲ ဟန်မပျက်နေဖို့ ပြောထားတယ်၊ ဒါမှ တစ်ဖက်ရန်သူက လုံးဝမရိပ်မိဘဲ ရှေ့ဆက်တိုးလာမှာ၊ နို့မို့ဆို သူတို့အကြံ ရိပ်မိလောက်ပြီ ဆိုပြီး နောက်ကိုခြေတစ်လှမ်းဆုတ်သွားနိုင်တယ်တဲ့"

www.burmeseclassic.com



"မေမေကလည်း မရှောင်ချင်ပါဘူး သားရယ်၊ ခင်းရဲ့ကျ
ခန်းကို မေမေမျက်စိနဲ့ တစ်ဝကြီး ကြည့်ချင်လို့ပါ"

"ဘာပဲဖြစ်ဖြစ် ဒီညကစပြီး ကြီးရွှယ်နဲ့သျှင်မင်းက မေ
အခန်းထဲမှာ အတူတူအိပ်ပေးကြပါ"

"ဟုတ်ကဲ့ ကြီးရွှယ်တို့လည်း အဲလိုပဲ စဉ်းစားထားပါတ
ကိုကိုဏ်"

တိုက်ပွဲနှစ်ပွဲ ယှဉ်ပြိုင်တိုက်ခိုက်မည့်အရေး ကိုယ့်ဘက်က
အသင့်အနေအထားဖြင့် ရန်သူကိုအလဲထိုးဖို့ ထိုင်စောင့်ရုံသာ ကျန်
သည်။

ဘာရိုးသာ ဗီဒီယိုခလုပ်ကို နှိပ်မိမသွားဘူးဆိုလျှင် ဂုဏ်
တို့အနေနှင့် ခုလိုကြိုတင်ပြင်ဆင်မှုပင် လုပ်နိုင်မည်မထင်။

■ ■ ■

အခန်း (၂၆)

အမှောင်ထဲမှာ လျှောက်လာသော ဦးနောင်လတ်၏ခြေလှမ်း
တွေသည် ကျားနာတစ်ကောင်လို ရန်လိုခြင်းအပြည့်ဟု ပြော၍ရသလို
ဒီည အချစ်တွေကို မြိန်ယှက်စွာ စားသောက်မည့်ညဟုလည်း ယိုးစွပ်၍
ရပါသည်။

တစ်ဖက်မှ ဧပရေဘူးကိုင် ကျန်တစ်ဖက်က ဓားနတ်။ ဒီည
အဖို့ ကိုယ့်လုပ်ရပ်ကို ရှေ့ကပိတ်ပင်တားမြစ်မည့် မည်သူမဆို သေပွဲဝင်
ရမည့်နေ့ဖြစ်သည်။

နောင်လတ်ဘဝမှာ လိုချင်တာကို မရရအောင်ယူခဲ့သည်ချည်း
ပင် ဖြစ်သည်။ ကိုယ့်ဆီက တစ်ပတ်ရိုက်ပြီး ယူသွားခဲ့လျှင်လည်း ဘယ်
တော့မှ အသာတကြည် ပေးရိုးထုံးစံမရှိ။ နည်းအမျိုးမျိုးသုံးပြီး ပြန်ယူ
ခဲ့တာချည်းပင်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်အရသာ အိုလာပေမယ့် စိတ်ဓာတ်တွေကတော့ ရုပ်ခန္ဓာကြီးလို အိုမင်းမသွားဘဲ မာကြောနေဆဲပင် ဖြစ်သည်။

"အဟက် တယ်လည်း သာယာနေကြပါလား"

အိမ်ရှေ့ကို ချဉ်းကပ်ပြီး အိမ်ထဲမှ အခြေအနေကို ဝါးရုံ တွေကြားထဲမှ လှမ်းပြီး အကဲခတ်လိုက်သည်။

ခြံဝိုင်းထဲတွင် ဝိုင်းဖွဲ့ပြီး ထိုင်စကားပြောနေတာ လူစုံတက် ပင်။ ရယ်မောနောက်ပြောင်နေကြသောအသံတွေက ဦးနောင်လတ်အ တော့ စက်ဆုပ်ရွံရှာစရာဟုသာ ထင်မိသည်။

"သိပ်မကြာခင် မင်းတို့ရယ်နိုင်မှာမဟုတ်တော့ပါဘူးကွာ၊ မင်း တို့ရဲ့အမေကိုလည်း အကောင်းအတိုင်း မြင်ရမှာမဟုတ်တော့ဘူး"

တစ်ယောက်ထဲ ခပ်တိုးတိုး ကြိမ်းဝါးလိုက်ပြီး ခါးကြားမှာထို လာသော ပုလင်းပြားကိုယူကာ မော့လိုက်သည်။

ရင်ခုန်ဘက် ဆေးလေးကြိုးမှိုဝဲထားမှ ဒီညချစ်သူနဲ့အတူ ထိ တိုက်တွေလို မျှောချင်ရာမျှောခွင့်ရမှာ။

ထိုစဉ် ရွာထိပ် မီးကင်းတဲမှ သံချောင်းခေါက်သံ ဆယ်ချက် တိတိ ထွက်ပေါ်လာသည်။ ဦးနောင်လတ် မဲ့ပြုံး ပြုံးလိုက်သည်။

ဒီအချိန်ဆိုလျှင် ဟိုကောင်တွေ ဆန်ကိုဒေါင်ကို မီးရှို့ဖို့လုပ်င စနေလောက်ပြီ။ သူတို့ကို မီးကင်းသံချောင်း ဆယ်ချက်တိတိခေါက်ပြီး ကျမှ လုပ်ငန်းစဟု ကြိုတင်အကွက်ချ စီမံပေးထားသည်မို့ ခုလောက်ဆို ဂိုဒေါင်ပတ်ပတ်လည်ကို ဓာတ်ဆီတွေပက်ပြီးလောက်ပြီ။





ထိုသို့ ပက်ပြီးတာနှင့် ဆန်စက်အလုပ်သမားလည်းဖြစ် ကိုယ့်လူလည်းဖြစ်သည့် မောင်ဝိုင်းကို ဆန်စက်မီးလောင်နေပြီဟု အထိတ်တလန့် အော်ကြီးဟစ်ကျယ် လာပြေးပြောရမည်ဟု မှာထားသည်။

မောင်ဝိုင်းဆိုတာက ဆန်ဂိုဒေါင်ဘေးတွင် တဲလေးထိုးပြီးနေသည့် ဂိုဒေါင်စောင့်အလုပ်သမား။

"အဟက် ငါ့နှယ် သေခါနီးရိက္ခာယူတယ်လို့တောင် ပြောရမလိုပဲ အသက်ကြီးမှ အချစ်ဆေးလေးဖော်ဖို့ ဒီလောက်တောင် ရင်တွေခုန်နေရသလား၊ တောက် ငါ့လခွီးမှပဲ ဟိုကောင် ငဝိုင်း သေနာကျ ခုထိ လာပြေးမပြောသေးပါလား"

ကိုယ့်အဖြစ်ကိုယ် တစ်ယောက်ထဲပြောပြီး ရင်ဘတ်ကို လက်နှင့် ခပ်သာသာဖိကာ ပြုံးမိပါသည်။

မြလေးရေ ဒီညတော့ ကိုယ့်ကိုကြည်ဖြူစွာ ချစ်ခွင့်ပေးပါတော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မီးဗျို့ ဂိုဒေါင်မီးလောင်နေတယ်၊ ဆန်ဂိုဒေါင် မီးလောင်နေတယ်ဗျို့"

မောင်ဝိုင်းဇော်ညကြီးသန်းခေါင် အမောတကောလေသံဖြင့် ပြေးပြောလာသော မီးဗျို့ဟူသည့် အသံကြားသည်နှင့် ဂုဏ်နှင့်မာန် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး အချက်ပြလိုက်ကြသည်။ ဦးစိုးမြင့်နှင့်ကိုသက်လည်း ထိုင်ရာမှ ဝရုန်းသုန်းကားထကာ

"မီးတဲ့ ဆန်စက်မီးလောင်နေပြီဆိုပါလား"

"ဟုတ်တယ် စိုးမြင့် မင်းနေခဲ့ ငါတို့သွားမယ်"

"ဟာ မဟုတ်တာ ငါတို့ပါ လိုက်မှဖြစ်မှာပေါ့"

"အင်းလေ ဒါဆိုရင် မြန်မြန်လာ"

ဂုဏ် ဟန်လုပ်၍ပြောပြီး ခြံသို့ ဦးဆောင်၍ ပြေးထွက်ခဲ့သည်။





ခြံဝရောက်မှ အထိတ်တလန့် ကျန်ခဲ့ရှာသော ကြံ့ရွှယ်ရူးနှင့်သျှင်မင်းကို လှည့်ကြည့်ကာ

"ကြံ့ရွှယ် မေမေ့ကိုဂရုစိုက်ပါနော်၊ မေမေအခန်းထဲမှာ ရှိတယ်၊ မီးလောင်တယ်ဆိုတာ သွားမပြောနဲ့"

"စိတ်ချသွားပါ ကိုဂုဏ်၊ ကြံ့ရွှယ် ကြီးကြီးမေကို စောင့်ရှောက်လိုက်ပါမယ်"

အနီးအနားတွင် စောင့်ကြည့်နေလိမ့်မည်ဖြစ်သော ဦးနောင်လတ် ကြားအောင် အချင်းချင်းအော်ပြောနေကြခြင်း ဖြစ်သည်။

အားလုံးထွက်သွားပြီး ကြံ့ရွှယ်ရူးနှင့်သျှင်မင်း အိမ်ထဲဝင်သွားတော့မှ ဦးနောင်လတ် ခြံထဲသို့ သူခိုးခြေလှမ်းဖြင့် ဝင်ခဲ့သည်။

"အဟက် သွေးရူးသွေးတန်းတွေဖြစ်ပြီး အိမ်တံခါးတောင် ပိတ်ဖို့သတိမရတော့ပါလား"

ဖွင့်လျက်သား ဖြစ်နေသော အိမ်တံခါးမကြီးကိုကြည့်ပြီး မိန့်မိန့်ကြီး ပြုံးကာ ဝင်ခဲ့လိုက်သည်။

ယောက်ျားသားတစ်ကောင်တစ်မြီးမှ မရှိသော အိမ်ကြီးမှာ တိတ်ဆိတ်၍နေသည်။

ဒါဟာ ဦးနောင်လတ် အကြိုက်ဆုံးအခြေအနေတစ်ခု။

■ ■ ■

"ကျွီ"

ဟနေသော အခန်းတံခါးကို ခပ်သာသာ တွန်းဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြကမ္ဘလာ အခန်းသည် မီးရောင်မှိန်မှိန်သာ ထွန်းညှိထားသည်။

ဦးနောင်လတ် စိတ်ထဲတွင် ကြံရွယ်ရူး ဟူသော ကောင်မလေး နှစ်ယောက်ပါရှိလိမ့်မည်ဟုထင်ကာ လိုရမယ်ရ သေနတ်ကိုပင် အဆင်သင့်ချိန်ရွယ်ထားသည်။

ပစ်သတ်ဖို့မရည်ရွယ်ပေမယ့် အနည်းဆုံးတော့ ခြိမ်းခြောက်၍ အခန်းထဲမှ ဖယ်ထုတ်နိုင်သည်။

တွေ့ပါပြီ ခုတင်ထက်တွင် မြကလေး ဘေးတစောင်းအနေအထားဖြင့် ကျောပေးပြီး လှဲအိပ်နေသည်။ ခြေသံကိုလုံအောင်ထိန်းပြီး ခပ်ဖွဖွလျှောက်လိုက်သည်။

အသက်ကြီးပေမယ့် မပျက်စီးသေးသော မြကလေးရယ်ဟု စိတ်ထဲက မချင့်မရဲတွေးပြီး နောက်ကျောမှ သိုင်းဖက်ပြီး အနမ်းမိုးတွေ ခြွေရန် ခုတင်ပေါ်တက်လိုက်သည်။

အင်္ကျီအိတ်ကပ်ထဲမှ မူးမေ့စေရန် ကြိုတင်ယူဆောင်လာသော ပုဝါတစ်ခုကို ထုတ်လိုက်သည်။

ပုဝါစဖြင့် နှာခေါင်းဝကို တေ့မည့် အကြံအစည်သည် အထမမြောက်သေးခင်မှာပင် ဒေါ်မြကမ္ဘလာယ အိပ်ရာထက်မှ ဝေါက်ခနဲ ထထိုင်လိုက်သည်။

"ဟင် နင် နင် နောင်လတ်"

"ဟုတ်ပါတယ် အချစ်ရယ် ငါလေ နင့်ကိုတွေ့ဖို့ နှစ်တွေအများကြီး စောင့်ခဲ့ရတယ်ဟာ၊ ဒီနေ့တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ၊





နင့်ကိုလည်း အပိုင်သိမ်းမယ်၊ ငါ့ရဲ့လုပ်ငန်းပိုင်ဆိုင်မှုတွေလည်း ဖြစ်မှုရမယ်၊ ဒီအတွက် နင် ငြင်းဆန်အော်ဟစ်ပိုင်ခွင့်မရှိဘူး။ နင်အော်တာနဲ့ နင့်သားတွေကို ငါသတ်ပစ်မှာပဲ"

"နောင်လတ် နင့်ဘဝ နေဝင်ချိန်ရောက်နေတာတောင် နင့်ရဲ့ အတ္တနဲ့တဏှာမီးတောက်တွေက မငြိမ်းသေးပါလား ဟမ်"

"နင့်ကို စိတ်ရှိလက်ရှိ မပိုင်ဆိုင်ရမချင်း ငါ့ရဲ့တဏှာရာဂမီးတွေ ငြိမ်းမှာမဟုတ်ဘူး။ ဒါကြောင့် ငါ နင့်ကိုအကြမ်းမဖက်ချင်ဘူး။ ငါ ပြုသမျှကို အလိုက်သင့်လေးပဲနေပေးနော် ငါ နင့်ကိုအရမ်းချစ်ချင်လာပြီ"

ဆေးစွဲပြီး ယင်းထနေသော ဆေးသမားတစ်ဦးလို ဦးနောင်လတ် အသိစိတ်တွေ လွတ်သွားပြီး

ဒေါ်မြလေး၏ခန္ဓာကိုယ်ကို ခုတင်ထက်သို့ ဆွဲလှဲပစ်လိုက်သည်။

လက်တွေက ဒေါ်မြလေး၏ခန္ဓာကိုယ်ပေါ်က အဝတ်အစားတွေကို ဆွဲချွတ်ဖယ်ရှားဖို့ လုပ်တုန်း လင်းထိန်သော မီးချောင်းက ဖျတ်ခနဲ လင်းလာသည်။

"ဟင် ဘယ် ဘယ်သူလဲ"

ဒေါ်မြလေး ကိုယ်ပေါ်ကို ဖိကပ်အုပ်မိုးထားသော ဦးနောင်လတ်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်သွားပြီး လင်းထိန်သွားသော မီးရောင်ကြောင့် ဒေါ်သတကြီးမေးကာ လက်ထဲမှ သေနတ်ဖြင့်ချိန်လိုက်သည်။

"ခင်ဗျားလက်ထဲက သေနတ်ကို ချပဲချလိုက် ဦးနောင်လတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်သူလဲ မင်းတို့က ဘယ်ကကောင်တွေလဲ၊ မြွေမြွေလေး ချိန်းလို့ ငါလာတာကွ၊ သူနဲ့ငါက ခုလိုမျိုး အမြဲတမ်း အတူတူ အိပ်နေကြ၊ ထွက် ထွက်သွားကြစမ်း"

"ခင်များ ဘာမှအပိုတွေပြောမနေနဲ့၊ ကျုပ်တို့က ခင်များရဲ့ လုပ်ရပ်တွေကို စောင့်ကြည့်နေတဲ့ နယ်ထိန်းရဲတွေ၊ ဆန့်ကိုဒေါင်ကို မီးရှို့နိုင်းမှုနဲ့ ဒေါ်မြကမ္ဗလာကို မုဒိမ်းကျင့်မှု ပစ္စည်းလုယူမှုနဲ့ ခင်များကို ဖမ်းရမယ်"

"ဘာ ပစ္စည်းလုယူမှု ဟုတ်လား၊ ငါ ငါ ဘာပစ္စည်းလုယူလို့လဲ၊ မင်းတို့ကိုပြောပြီးပြီလေ၊ ခုလို တိတ်ဆိတ်တဲ့ညမျိုးတိုင်း ငါနဲ့မြကလေး ခုလိုချိန်းတွေ့ကြတာပါဆို"

"ဟဲ့ကောင် နောင်လတ် နင့်ပါးစပ်ကိုပိတ်စမ်း၊ ငါက နင့်ကို ချိန်းရမယ် ဟုတ်လား၊ နင်မို့မတန်မရာ ခွေးစကားပြောတယ်၊ နင့်ယုတ်မာမှုတွေက ခုထိကိုမကုန်သေးပါလား၊ နင် ငါ့ကိုသေနတ်နဲ့ချိန်ပြီး ခြိမ်းခြောက်တာလေ"

"ကျွန်တော်တို့အားလုံး မြင်ပြီးပါပြီ ဦးနောင်လတ်၊ ခင်များ ဒေါ်မြကမ္ဗလာကို စိတ်ကြိုက်အသုံးချပြီးရင် ပိုင်ဆိုင်မှုစာရွက်စာတမ်းတွေကိုလည်း အပိုင်သိမ်းမယ်ဆိုတာလေ"

"မဟုတ်ဘူး မင်းတို့မဟုတ်တမ်းတရားတွေ လာမစွပ်စွဲပါနဲ့"

"မစွပ်စွဲပါဘူး၊ ခင်များနဲ့ခင်များရဲ့တပည့်တွေဆန့်စက်ကို မီးရှို့ပြီး ဒေါ်မြကမ္ဗလာအိမ်ထဲဝင်ပြီး မဟုတ်တရုတ်လုပ်မယ့်အကြံအစည်တွေ





ကို သက်သေအဖြစ် ရထားပြီးပါပြီ"

နယ်ထိန်းရဲ့ဖုန်းထဲမှ ဦးနောင်လတ် သူ့တပည့်မိုးသီးတို့ကို ညွှန်ကြားနေသော ဗီဒီယိုဖိုင်ကို ဖွင့်ပြလိုက်သည်။

ဦးနောင်လတ် မျက်လုံးပြူးသွားသည်။

"ဒါ ဒါက ဘယ်လိုရောက်သွားတာလဲ"

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး၊ ဒီအဖြစ်တွေတင် မဟုတ်ဘူး ကျုပ်တို့ ဟိုးအရင်ဘဝတုန်းက ကျုပ်အဖေသတ်ပစ်ခဲ့တဲ့ လူသတ်မှု ကျုပ်အဖေဆီကလုယူသွားတဲ့ မြေစာချုပ် ကျုပ်အမေကို အတင်းအဓမ္မကျင့်တဲ့အမှုတွေ ကျုပ်အမေဆီက ဆန့်စက်ဆီစက်တွေကို မတော်မတရားနည်းနဲ့ တစ်ဖက်လှည့်ယူထားတာတွေကိုပါ ကျုပ်တို့အသံဖိုင်သွင်းထားပြီးသား မှတ်မိလား ဂုဏ်နဲ့မာန် ဝိညာဉ်အဖြစ်လာတဲ့ ညကလေ"

ဂုဏ်နှင့်မာန် အခန်းထဲသို့ဝင်လာပြီး ဂုဏ်က ဦးနောင်လတ် အဖြစ်တွေကို တစ်ခုချင်းထုတ်ဖော်ပြောသည်။ ဦးနောင်လတ် ထွက်ပေါက်ပိတ်နေသည်။

"အခု ခင်များတပည့်တွေကိုလည်း ဆန့်စက်ကိုမီးရှို့ဖို့ မြင်းဆင်နေတုန်း လက်ရဖမ်းမိထားပါပြီ၊ ခင်များလာအောင်နိုင်းတဲ့ မောင်ပိုင်းလည်း ဖမ်းထားပြီးပြီ၊ အခု ခင်များပဲ ကျန်တော့တယ်"

"မဟုတ်ဘူး ငါမမှားဘူး ငါမှန်တယ်၊ ငါ့ကိုဖမ်းခွင့်မရှိဘူး၊ ငါ့ဘဝမှာ ရှုံးတယ်ဆိုတာမရှိစေရဘူး၊ ဘီလူးနှစ်ကောင် မင်းတို့ကို ငါ

အလွှတ်မပေးဘူး။ ငါ အဖမ်းခံရရင်တောင် မင်းတို့ကိုသတ်ပြီးမှ အဖမ်းခံမယ်ကွ''

သေနတ်ကို ဂုဏ်နှင့်မာန်ဘက်သို့ သွေးရူးသွေးတန်း ပြောကာ ချိန်ရွယ်လိုက်သည်။

''ဒုတ်''

''အ''

နယ်ထိန်းရဲ၏လျှင်မြန်သွက်လက်သော ကန်ချက်ကြောင့် ဦးနောင်လတ်၏လက်ထဲမှ သေနတ်လွတ်ကျသွားသည်။

''စိုးအောင် ဒီလူကြီးကို လက်ထိပ်ခတ်လိုက်တော့''

ကန်ချက်ကြောင့် အတိုက်မိသွားသော ဦးနောင်လတ်၏လက်နှစ်ဖက်ကို နောက်ပြန်ချုပ်လိုက်ပြီး တပည့်ဖြစ်သူ ရဲဒုတပ်ကြပ်စိုးအောင်ကို လက်ထိပ်ခတ်ဖို့ အမိန့်ပေးလိုက်သည်။

ရဲဒုတပ်ကြပ် စိုးအောင် အမိန့်ကိုနာခံကာ ဦးနောင်လတ်ကို လျှင်မြန်စွာ လက်ထိပ်ခတ်လိုက်သည်။

''တောက် မင်းတို့အားလုံးကို ငါမကျေဘူး၊ ငါ ပြန်လာခဲ့မယ်၊ မင်းတို့ကိုသတ်ပြီးမှ ငါ ထောင်ထဲပြန်ဝင်မယ်''

ကြိတ်မနိုင်ခဲမရ ဒေါသတွေဖြင့် အော်ဟစ်ကြိမ်းမောင်းကာ ရဲဒုတပ်ကြပ် စိုးအောင် ခေါ်ဆောင်ရာသို့ လက်ထိပ်တန်းလန်းဖြင့် ပါသွားသည်။

''နှစ်ငါတို့ကို ထပ်ပြီး ဒုက္ခမပေးနိုင်တော့ပါဘူး နောင်လတ်





ရယ်၊ နှင့်ဘဝကို ထောင်ထဲမှာပဲ အချိန်ကုန်ဖို့ ပြင်ဆင်ထားလိုက်စမ်းပါ၊ ငါ့သားတွေက နှင်သတ်လို့ နှစ်ခါပြန်ဘယ်တော့မှ မသေဘူး။ အမလေးကိုဝေဖင်ရယ် ရှင့်မတရားသေခဲ့ရတဲ့အတွက် ကျွန်မ ဘာမှမလုပ်ပေးနိုင်ခဲ့ဘူး။ ခု ရှင့်သားတွေရဲ့နောင်ဘဝရောက်မှပဲ ဖော်ထုတ်နိုင်တော့တယ်''

ဒေါ်မြကမ္ဘလာ ပြောလည်းပြော ငိုလည်းငိုနှင့် တစ်ဘဝလုံး နာကျင်ခဲ့ရသည့်ဒုက္ခတွေက နည်းမှမနည်းခဲ့ပဲ။

''မံမေ စိတ်ကိုဖြေပါတော့၊ ဒီလူယုတ်မာ ကျွန်တော်တို့မိသားစုကို ထပ်ပြီးဒုက္ခမပေးနိုင်တော့ပါဘူး။ ခုချိန်ကစပြီး ကျွန်တော်တို့မိသားစုရဲ့ဘဝတွေ ငြိမ်းချမ်းပါပြီ''

ဂုဏ် မိခင်ဖြစ်သူ၏ပခုံးကို ဖေးမကာ ဖြေသိမ့်လိုက်သည်။

အားလုံး၏မျက်နှာတွေမှာလည်း ဝမ်းသာမှုတွေကိုယ်စီကိုယ်စီနှင့် ထိန်လင်းတောက်ပနေကြသည်။

ဒေါ်မြကမ္ဘလာအဖို့လည်း ထိုမျက်ရည်တွေဟာ ဝမ်းသာ၍ကျသော မျက်ရည်တွေပဲဖြစ်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ခုကျွန့်သောကတွေ ကင်းလွတ်ခွင့်ရပြီဖြစ်သော မနက်ခင်းအခါမှာ ဒေါ်မြကမ္ဘလာ ခုံးဖြတ်ပြီးသားကိစ္စတစ်ခုကို ဖွင့်ပြောဖို့ စကားစလိုက်သည်။

"သားတို့ကို မေမေ ပြောစရာရှိတယ်"

"ပြောလေ မေမေ၊ ဘာဖြစ်ချင်လဲ ဘာလိုချင်လဲ ခုချိန်မှာ မေမေတောင့်တနေတဲ့အာသီသကိုပြော အားလုံးဖန်တီးပေးမယ်"

အလိုက်သိ လိမ္မာလွန်းသော သားတွေကိုကြည့်ပြီး ဒေါ်မြကမ္ဘလာ၏ရင်ထဲမှာ သောကတို့ မြူတစ်မှုန်တောင် ရှိမနေတော့။

ဒီသောကတွေကို သားတွေ၏ဉာဏ်စွမ်း ဉာဏ်စနဲ့ ရှင်းထုတ်ပေးခဲ့ပြီပဲ။ တော်လိုက်ကြတဲ့ သားတို့ရယ်။

ကိုယ့်တက်ကသာ သားတို့အပေါ်မှာ တာဝန်မကျေသေးတာပါ။





အတွေးနှင့်အတူ သက်မတစ်ချက်ကို ခပ်ဖွဖွ ချလိုက်သည်။ သားနှစ်ယောက်နှင့်အတူ ကြွေရွယ်ရူးနှင့်သျှင်မင်းလေးကလည်း ဘာပြောမည်ဆိုတာကို သိချင်နေပုံရသည်။

စိုးမြင့်နှင့်ဒေါ်ကြီးစိုးမိုးကလည်း ဒေါ်မြကမ္ဘလာ ဘာပြောမည်ဆိုတာကို သိချင်နေပုံပင်။

"ဘာပြောမှာလဲ မေမေ"

"မေမေ တရားရိပ်သာ ဝင်တော့မယ် သား"

"ဗျာ"

"မြန်းစားကြီးလား မေမေရာ"

"မြန်းစားကြီးတော့ မဟုတ်ပါဘူး သားရယ်၊ ငါ့သားနှစ်ယောက်ကို လက်ထပ်ပေးပြီးမှပါ"

ထင်မှတ်မထားသော စကားကြောင့် ဂုဏ်နှင့်မာန် မိခင်ဖြစ်သူကို တအံ့တဩ ကြည့်လိုက်ကြသည်။ မာန်ကတော့ ချစ်သူရှိနေ၍ လက်ထပ်ဖို့ဖြစ်နိုင်ပေမယ့် ဂုဏ်မှာက ချစ်သူမှမရှိသေးတာ။

ဆင်ခြေပေးဖို့ စိတ်ကူးလိုက်ပေမယ့် မေမေ့စကားကို အရှင်ဆုံး နားထောင်မှုဖြစ်မည်ဟု တွေးပြီး ငြိမ်နေလိုက်သည်။

"ဘယ်သူနဲ့ လက်ထပ်ပေးမှာလဲလို့ မမေးတော့ဘူးလား သားကြီး"

ဒေါ်မြကမ္ဘလာအမေးကြောင့် ဂုဏ် ကြွေရွယ်ရူးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မေမေ စီစဉ်ပေးမယ့်သူက ဘယ်သူလဲဆိုတာ သိမှမသိသေးတာ၊ ကျွန်တော် လက်ခံနိုင်တဲ့မိန်းကလေးမျိုး အထူးသဖြင့် ကျွန်တော်ချစ်နေတဲ့မိန်းကလေး မဟုတ်ဘူးဆိုရင်တော့ မေမေ့ဆန္ဒတွေကိုနားထောင်ပြီးမှ ငြင်းမှာပါ"

ပါးနပ်လွန်းသော သားဖြစ်သူကြောင့် ဒေါ်မြကမ္ဘာ အားရချမ်းစွာ ပြုံးလိုက်ပြီး

"သားရယ် မေမေကရော ကိုယ့်သားအကြိုက် ဘယ်မသိပဲရှိပါ့မလဲ၊ သားငယ်လေး မာန်ကိုတော့ ဟောဒီက သမီးလေးသျှင်မင်းနဲ့ လက်ထပ်ပေးပြီး သားကြီးဂုဏ်ကိုတော့ ဟောဒီဘက်က သမီးကြီး ကြွရွှယ်ရှုးနဲ့ လက်ထပ်ပေးမှာပေါ့"

ရင်ထဲမှာ ထိတ်ခနဲ ပျော်သွားသူက ဂုဏ်ပဲဖြစ်သည်။ သို့သော်အပျော်တွေကို အရင်ဆုံး ထုတ်မပြဘဲ

"မေမေရယ် ကြွရွှယ်ဆန္ဒကို မမေးဘဲ ဖွတ်စီစဉ်သလိုဖြစ်နေပါ့မယ်"

"သားကသာ ကြွရွှယ်ကို ချစ်နေသလား မချစ်ဘူးလား အရင်ဖြေလိုက်၊ သားရင်ထဲမှာ ကြွရွှယ့်အပေါ် လုံးဝမချစ်ဘူးဆိုရင်တော့ မေမေ့ အစီအစဉ်ကို ပြောင်းရတော့မှာပေါ့"

မြားဦးက ကိုယ့်ဘက်လှည့်လာသည်မို့ ဂုဏ် မျက်နှာမထားတတ်အောင် ရှက်နေသည်။

"ဖြေလေ သား မင်း ကြွရွှယ်ကိုချစ်သလား"





စိတ်ထဲမှနေ၍ မေမေ့ကိုကျေးဇူးတွေ အခါခါတင်နေမိသည်။ ကိုယ့်ကိုယ်စား မေမေက ရည်းစားစကားပြောပေးခြင်း အခြေအနေသို့ ရောက်နေရပြီ။

"ဟို ကျွန် ကျွန်တော်က ကြွရွှယ်ကို ဟိုးတွေ့စကတည်းက မေတ္တာရှိနေတာပါ"

မပြောချင်မဖြစ်တော့ အရဲစွန့်ပြီး ပြောရတော့သည်။ ကြွရွှယ် ရှက်သွေးဖြာသော ပန်းရင့်ရောင်မျက်နှာလေးဖြင့် ဂုဏ်ထံသို့ မျက်စောင်းခပ်လှဲ့လှဲ့ ထိုးသည်။

"သိနေတယ် မေမေက မေမေ့သားတွေ ဘာကြိုက်တယ်ဆိုတာ သိနေတယ်လေ၊ ဒါကြောင့် သားတို့ညီအစ်ကိုနှစ်ယောက်ကို မိန်းမတောင် မြန်းပေးပြီးသွားပြီ၊ မနက်ဖြန်ဆိုရင် သားဂုဏ်နဲ့သားမာန်တို့ရဲ့မွေးမိဘတွေ ဒီရွာကိုလိုက်လာကြလိမ့်မယ်"

"ဗျာ မေမေတို့ကို အကြောင်းကြားပြီးပြီလား"

"ဒါပေါ့ သူတို့ရဲ့သားတွေ မင်္ဂလာပွဲကို သူတို့ပါ တက်ရောက်သင့်တဲ့ပုဂ္ဂိုလ်တွေပဲ"

"ဟား ကျေးဇူးတင်လိုက်တာ မေမေရာ"

"ကျေးဇူးတင်ဖို့ မလိုပါဘူး သားရယ်၊ မေမေက မေမေ့တာဝန်တို့ ကျေရုံလေးပါ၊ ကဲ မင်္ဂလာပွဲကို ဒီလထဲမှာပဲ အကြီးအကျယ်ဆောင်ပေးမှာမို့ သားတို့လှငယ်ချင်း *တိုင်ပင်ကြပေါ့၊ ကဲ ဖိုးတို့ မြင့်တို့* တို့သက်တို့ရေ အလိုက်တသိ ရှောင်ပေးလိုက်ကြဦးမှပေါ့၊ ကလေးတွေ

www.burmeseclassic.com



လွှတ်လွှတ်လပ်လပ် တိုင်ပင်ကြပါစေ”

ဒေါ်မြကမ္ဘလာ ဆော်ဩတော့မှ အားလုံး ဝမ်းသာစွာဖြင့် မျက်နှာတွေပြုံးစိစိလုပ်ကာ ထိုင်ရာမှ ထကြတော့သည်။

သူတို့စုံတွဲနှစ်တွဲသာ ကျန်တော့သည်။ မာန်က အရင်စ၍

“ကဲ သျှင်မင်း ကိုယ်တို့အခန်းထဲ သွားကြရအောင်”

“အို ဘာအခန်းထဲလဲ နေသေးနော်”

“ဟာ ဘာလဲ တလွဲတွေးပြန်ပြီ၊ ရှေ့ရေးတိုင်ပင်ဖို့ သွားမှာကို ပြောတာ၊ ဒီမှာဆို ဂုဏ်တို့လည်း ရှက်နေမှာပေါ့၊ ကိုယ်တို့က အချစ်နဲ့ အသားကျပြီးသားဆိုတော့ သူတို့ကို အလိုက်တသိ ရှောင်ပေးရမှာပေါ့ ဟုတ်ဘူးလား”

သျှင်မင်း လက်ကိုဆွဲပြီး ထိုင်ရာမှ ထခိုင်းတော့မှ သျှင်မင်း မချိုမချဉ်ပြုံးကာ

“ဩော် ဟုတ်သားပဲ၊ ဂျူနီယာလေးတွေ အချစ်အကြောင်း ပြောကြပါစေ လာ လာ သွားမယ်”

ဂုဏ် တားရအခက် မတားရအခက်ဖြင့် ပြုံးဖြီးဖြီး ရယ်ကာ

“အေးပါ သွားကြပါ ငါက ခုမှ ကြဲရွှယ်ကို ချစ်တယ်လို့ ဖွင့် ပြောရမှာ”

မာန်နှင့်သျှင်မင်း အနားမှ လှစ်ခနဲ ထွက်သွားကြသည်။

ဒီတော့မှ ဂုဏ် ကြဲရွှယ်နားသို့ တိုးကပ်ထိုင်လိုက်ပြီး

“ကိုယ် ကြဲရွှယ်ကို အရမ်းချစ်တယ် တစ်သက်စာပိုင်ဆိုင်ပြီး





ရင် ကိုယ့်ကြောင့် ကြဲရွှယ် ဘယ်သောအခါမှ စိတ်မဆင်းရဲစေရဘူးလို့ လည်း တစ်ခါတည်း ကတိပေးတယ်”

ကြဲရွှယ် ချစ်စဖွယ် ပြုံးလိုက်ပြီး

“ကတိကို လွယ်လွယ်မပေးနဲ့နော် ရှင်တို့ယောကျ်ားတွေကလေ တခြားကွယ်ရင် တစ်မယ်မေ့တာ”

“စိတ်ချ အဲဒီတစ်ခြားကွယ်ရင် တစ်မယ်မမေ့ရအောင်လို့ ကိုယ် လေ ခြံနားကို ဘယ်တော့မှ မသွားဘူးလို့ ထပ်ဆင့်ကတိပေးတယ်ကွာ”

“ဩော် ခြံနားသွားရင် မေ့မှာစိုးလို့ပေါ့ ဟုတ်လား”

“မဟုတ်ဘူး အဟဲ ဟို ဟိုလေ ရှူး ရှူးပန်းမိမှာစိုးလို့”

“ဟယ် ကြည့်စမ်း သူတော်တော် ညစ်ပတ်တယ် ဟွန်း ရုပ်ကို က တိုင်တွေ့သေးပန်းတဲ့ရုပ်နဲ့”

နှုတ်ခမ်းစူကာ ခပ်ပျစ်ပျစ် ရန်တွေ့လိုက်သော ကြဲရွှယ်ခါးကို အရဲစွန့်ပြီး ရင်ခွင်ထဲ ဆွဲသွင်းကာ

“တိုင်တွေ့သေးပန်းတဲ့ရုပ် မဟုတ်ပါဘူး၊ ပါးတွေ့ရင် ပေါ့ဒီ လိုအပြေးနမ်းတတ်တဲ့ကောင်ပါကွ ဒါပေမဲ့ ဟောဒီပါးကိုပဲပြောတာနော် တစ်လွဲမတွေးနဲ့”

“အို လွှတ်ပါ”

“မလွှတ်ဘူး နမ်းလို့မဝမချင်း မလွှတ်ဘူး”

“တကယ်လား”

“တကယ်ပေါ့”



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း အဲဒီအတိုင်းပဲ အနမ်းတစ်ခုကို တစ်နာရီနှုန်းနဲ့ စိတ်ကြိုက်သာ နမ်းပေတော့"

ကြံရွယ်ခူး၏ရွှဲ့ပြောလိုက်သော စကားကြောင့် ဂုဏ် တဟား ဟား အော်ရယ်လိုက်သည်။ ရယ်သံနှောသော အသံဖြင့်

"ဩော် အနမ်းမခံချင်ရှာဘူးကိုးကွ"

မျက်နှာကိုပင့်မော့ပေးထားသော ကြံရွယ် ရှက်မျက်စောင်းထိုးကာ

"ကဲ နမ်းစရာရှိ မြန်မြန်နမ်းတော့၊ သူများတွေ ဝင်လာဦးမယ်"

"ကဲ နမ်းပြီဗျာ၊ အမုန်းကိုဆွဲမှာနော်၊ ပါးပေါက်ထွက်သွားရင်တော့ ကိုယ်လည်း တာဝန်မယူဘူး"

ခပ်ရွှတ်ရွှတ် ပြောနေကြသော စကားတွေကို ညည်ခန်းအပြင်တွင် ချောင်းနားထောင်နေသော မာန်နှင့်သျှင်မင်းတို့ကလည်း အားကျမခံ အနမ်းတို့ပြိုင်တူ ချွေလိုက်ကြသည်။

အားလုံးအတွက်
နှတ်သမီး



www.burmeseclassic.com